အာဏာသိမ်းပြီးနောက် ဆန္ဒပြလှုပ်ရှားမှုပင် သေနတ်ဖြင့် ပစ်သဖြင့် စစ်တပ်ကို နိုင်ငံအနှံ့ ခုခံကြရာ ထိုအထဲတွင် ချင်းတွင်းမြစ်အနောက်ဘက်ကမ်းရှိ ဆားလင်းကြီးမြို့နယ်သည်လည်း အပါအဝင်ဖြစ်သည်။

နာမည်ကျော် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းတည်ရှိရာ ဆားလင်းကြီးမြို့နယ်အတွင်းရှိ ကျေးရွာဒေသခံများသည် စစ်ကောင်စီကို ဆန့်ကျင်မှုကြောင့် မကြာခဏဆိုသလို မြေလှန်မီးရှို့ခံရလေ့ရှိသည်။

နေအိမ်များမီးရှို့ခြင်း၊ တိုက်ပွဲဖြစ်ပွားခြင်းတို့နှင့် ပတ်သက်၍ အာဏာသိမ်းစစ်ကောင်စီက သတင်းအမှောင်ချထားသည်။ ယခင်ကမူ မီးရှို့မှုမှာ ၎င်းတို့နှင့် မဆိုင်ဟု ပြောဆိုခဲ့ဖူးသည်။

https://myanmar-now.org/mm/news/13732

----------------------------------------------------------------------------------------------------

## စစ်ကောင်စီက လေကြောင်းအသုံးပြုပြီး ယောနှင့် ပုလဲမြို့များကို ထိန်းချုပ်ရန် ကြိုးစားနေ

Published By DVB | 13 January, 2023

စစ်ကိုင်း-ချင်းနယ်စပ် ယောနယ်ကို စစ်ကောင်စီက တကျော့ပြန်ထိန်းချုပ်နိုင်ဖို့ ကြိုးစားနေပြီး လူဦးရေစာရင်းတွေ ကောက်ယူနေသလို ပုလဲမြို့နယ်မှာလည်း တိုက်ပွဲတွေ ဆက်တိုက်ဖြစ်ပွားနေပြီး စစ်ကောင်စီက လေကြောင်းကိုပါ အသုံးပြု ထိန်းချုပ်နိုင်ဖို့ ကြိုးစားနေပါတယ်။

စစ်ကောင်စီက စစ်ကိုင်း-မကွေး-ချင်းပြည်နယ် ချိတ်ဆက်ထားတဲ့ ပုံတောင်-ပုံညာလမ်းပိုင်းက မြို့နယ်တွေကို ဇန်နဝါရီလဆန်းပိုင်းကစပြီး အကြမ်းဖက် ထိန်းချုပ်ဖို့ ပြန်လည်ကြိုးစားနေတာပါ။ စစ်ကောင်စီက သူတို့ကျင်းပချင်တဲ့ ရွေးကောက်ပွဲအတွက် လူဦးရေစာရင်း ကောက်ယူတဲ့အလုပ်တွေ လုပ်နိုင်ဖို့ အခုလို နယ်မြေထိန်းချုပ်ဖို့ ကြိုးစားနေတာ ဖြစ်နိုင်တယ်လို့ ဒေသခံ PDF ခေါင်းဆောင်တွေက သုံးသပ်ပါတယ်။



ဂန့်ဂေါ ပကဖ ခေါင်းဆောင်တဦးဖြစ်တဲ့ ဗိုလ်အာရုံက “စစ်ကြောင်းထိုးတာက အခုလောလောဆယ် ကျနော်တို့ဘက်မှာ တောင်ပိုင်းမှာပဲ စစ်ကြောင်းထိုးတယ်ဗျ။ ဂန့်ဂေါနားနီး ပတ်ချာလည်လောက်ပဲ စစ်ကြောင်းထိုးနေတာ တွေ့ရတယ်။ ကျန်တဲ့နေရာတွေကို ထိုးတာ မတွေ့ဘူးဗျ။ ဂန့်ဂေါခရိုင်အတွင်းမှာဆိုရင် ထီးလင်းနားတပိုက် စစ်ကြောင်းထိုးတယ်။ အဲ့ဒီစစ်ကြောင်းကတော့ ခလရ ၅၀ ထဲကို ပြန်ဝင်မလာဘဲနဲ့ အဲ့ဒီဘက်မှာပဲ တရွာဝင်တရွာထွက် မီးရှို့နေတဲ့ အနေအထားတွေ တွေ့ရတယ်။ ထီးလင်းနားနီး တပိုက်ကတော့ ၇၅ ဦးလောက်ပဲ အင်အားရှိတယ်လို့ သတင်းတော့ ကြားနေရတာပေါ့။ ရွာက ၂၇ ရွာဗျ။ အိမ်ခြေက ၈၂၂ အိမ် မီးရှို့ခံထားရပါတယ်။ နွားတွေ ဝက်တွေ သတ်တယ်။ အဲ့လိုတွေလုပ်တယ်ဗျ။ ကျနော်တို့ဘက်မှာတော့ အင်တာနက်လိုင်း မဆိုထားနဲ့ ဖုန်းလိုင်းကိုတောင်မှ ၁၀ ရက်၊ ၁၅ ရက်၊ ၁ လ၊ ၂ လ အဲ့လိုတွေ ကြာအောင် ဖြတ်တာတွေ ရှိတယ်ဗျ။ မဲစာရင်းကောက်တာတွေကတော့ အခု ဂန့်ဂေါမြို့ပေါ် အနေအထားကတော့ လူဦးရေစာရင်းတွေ လိုက်ကောက်နေတယ်ဆိုတဲ့ အနေအထားတော့ ကြားနေရတယ်။ မဲစာရင်းရယ်လို့တော့ မဟုတ်ဘဲ လူဦးရေစာရင်း ကောက်နေတာတွေက ဒီမဲစာရင်းအတွက် ကောက်နေတယ်လို့ ယူဆရတယ်” လို့ ပြောပါတယ်။

မကွေးတိုင်း ဂန့်ဂေါမြို့နယ်နဲ့ လမ်းပန်းခရီးချိတ်ဆက်ထားတဲ့ စစ်ကိုင်းတိုင်း၊ ပုလဲမြို့နယ်မှာလည်း တိုက်ပွဲတွေ ဆက်လက်ဖြစ်ပွားနေပါတယ်။ ဇန်နဝါရီ ၄ ရက်ကစပြီး ဒေသတွင်း PDF ပူးပေါင်းအဖွဲ့တွေက ပုလဲမြို့နယ်၊ ကမ်းထောင့်စခန်းကို လက်နက်ကြီးတွေနဲ့ ပစ်ခတ်ခဲ့ပြီး ဇန်နဝါရီ ၈ ရက်နေ့မှာ စခန်းထဲအထိ ဝင်ရောက်နိုင်ခဲ့တယ်လို့ ဒေသတွင်း PDF ခေါင်းဆောင်တွေက ပြောပါတယ်။ အဲ့ဒီနောက်ပိုင်းမှာတော့ စစ်ကောင်စီက လေကြောင်းပစ်ကူ ၃ ကြိမ်အထိသုံးခဲ့ပြီး အခြေအနေကို ထိန်းသိမ်းခဲ့ပါတယ်။ လက်ရှိအချိန်မှာတော့ ပုလဲမြို့နယ်ထဲမှာ စစ်ကောင်စီက တရွာဝင်တရွာထွက် မီးရှို့ခြိမ်းခြောက် ပစ်ခတ်တာတွေ ပြုလုပ်နေပါတယ်။

သခင်ဒေါင်းညိုအဖွဲ့ - ပုလဲမှ ကိုဒေါင်းညိုက “စခန်းနေရာစီးပြီးတဲ့နောက် မကြာဘူး တရက်နှစ်ရက်အတွင်း အင်ပင်ထိရွာက ပျူစောထီးတွေ ထွက်လာပြီးတော့ စောစောပိုင်းက ချထားတဲ့ ကမ်းထောင့်က အင်အား ၅၀ လောက်နဲ့ ပူးပေါင်းပြီး ကမ်းထောင့်ရွာထဲက ပြည်သူတွေရဲ့ စည်းစိမ်တွေကို ခိုးယူ ဓားပြတိုက်ပြီး သူတို့ယူတယ်။ ပြန်တဲ့လမ်းမှာလည်း သရက်ကန်နဲ့ ဆူးပုတ်ကုန်းရွာမှာ ပြည်သူ့ကာကွယ်ရေးအဖွဲ့တွေနဲ့ တိုက်ပွဲအပြင်းအထန်တွေ ဖြစ်သွားတယ်။ ဒီကောင်တွေက ကြွက်မနိုင် ကျီမီးနဲ့ရှို့ပြီးတော့ ဆူးပုတ်ကုန်းနဲ့ သရက်ကန်ရွာကို မီးရှို့သွားတယ်။ အိမ်ခြေကတော့ ခန့်မှန်းခြေ လေးငါးဆယ်လောက် ပါသွားမယ်ထင်တယ်။ မနေ့ကလည်း ညောင်ရင်းကုန်းမှာ သုံးလေးအိမ် အကြောင်းမဲ့ သက်သက် မီးရှို့သွားတယ်။ စိတ်ဓာတ်ပိုင်းဆိုင်ရာ ဒီကောင်တွေ တော်တော်လေး ကျဆင်းနေပြီလို့ ထင်မြင်ယူဆတယ်ပေါ့” လို့ ပြောပါတယ်။

ပုလဲမြို့နယ်ထဲမှာ ဇန်နဝါရီ ၄ ရက်နေ့ကတည်းက ဖြစ်ပွားခဲ့တဲ့ တိုက်ပွဲတွေကြောင့် နှစ်ဖက်ထိခိုက်မှုတွေ ရှိခဲ့ပေမဲ့ အတိအကျကို အတည်မပြုနိုင်သေးပါဘူး။ ဒေသတွင်း PDF ပူးပေါင်းအဖွဲ့တွေက ပုလဲမြို့နယ်ထဲမှာ စခန်းသိမ်းတိုက်ပွဲတွေ ဖော်ဆောင်နိုင်ခဲ့ပေမဲ့ ထိန်းမထားနိုင်တာဟာ လက်နက်အင်အား မပြည့်စုံတာနဲ့ လေကြောင်းတိုက်ခိုက်မှုတွေ ကြောင့်လို့ ဆိုပါတယ်။

ကျားသစ်နက်ပြောက်ကျားတပ်ဖွဲ့- ပုလဲမှ ကိုဥက္ကာက “ဒီလို မြေပြင်တိုက်ပွဲတွေ ဖော်ဆောင်လာတာ ဒါရောဆိုရင် အကြိမ် ၁၀၀ ကျော်ပါပြီ။ စခန်းသိမ်းတိုက်ပွဲတွေ ဖန်တီးထားနိုင်တာ ၅ ကြိမ် ၆ ကြိမ်ထက်မနည်း ရှိပြီပေါ့။ စခန်းတွေကို ပြန်လည်ထိန်းမထားနိုင်တာ ကျနော်တို့မှာ လက်နက်အင်အား မလုံလောက်တာရယ်၊ အနည်းဆုံး လေယာဉ်ကို ပစ်မချနိုင်တောင်မှ လေယာဉ်ကို ခြိမ်းခြောက်နိုင်တဲ့ လက်နက်တွေ မရှိတာရယ်၊ ဒါကြောင့်မို့ ထိန်းမထားနိုင်တာပါ။ မြေပြင်က အခက်အခဲတွေကို MOD လူကြီးတွေက သေချာလေးစိစစ်ပြီးတော့

ထောက်ပံ့သင့်တဲ့ လက်နက်တွေကို မြန်မြန်ထောက်ပံ့သင့်တယ်လို့ ယူဆတယ်။ ဘာကြောင့်လဲဆိုတော့ ကျနော်တို့ တော်လှန်ရေးကာလကလည်း တော်တော်လေး အချိန်ကြာလာပြီဆိုတော့လေ။ မြေပြင်ကအဖွဲ့တွေ လုပ်လာရတာလည်း ၂ နှစ်နီးပါးလောက် ရှိနေပြီဆိုတော့၊ MOD ကြေညာထားတာလည်း ၁ နှစ်အတွင်း တော်လှန်ရေး ပြီးပြတ်အောင် လုပ်မယ်လို့ ကြေညာထားပေမဲ့ ခုချိန်အထိ မြေပြင်မှာ တကယ်တိုက်နေတဲ့အဖွဲ့တွေကို ထောက်ပံ့မပေးနိုင်သေးပါဘူး” လို့ ပြောပါတယ်။

စစ်ကောင်စီက ၂၀၀၈ ဖွဲ့စည်းပုံအရ သူတို့အာဏာချုပ်ကိုင်နိုင်တဲ့ ကာလဟာ အခု ဇန်နဝါရီလကုန်မှာ ကုန်ဆုံးပြီဖြစ်တဲ့အတွက် ရွေးကောက်ပွဲကျင်းပနိုင်ရေးနဲ့ သူတို့ရဲ့ပုံစံကို အသွင်တမျိုး ထပ်ပြောင်းနိုင်ရေး ကြိုးစားနေတာပါ။ ဒါပေမဲ့ လက်တွေ့အခြေအနေမှာတော့ ကရင်နီ၊ ကရင်၊ ကချင်၊ ရခိုင်၊ ချင်း စတဲ့ တိုင်းရင်းသားလက်နက်ကိုင် အားလုံးနဲ့ ထိတွေ့မှုတွေ ဖြစ်နေပြီး နိုင်ငံတဝန်း တိုက်ပွဲတွေ ဖြစ်ပေါ်နေတာကြောင့် လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲ ဖြစ်မလာနိုင်ဘူးလို့ လေ့လာသူတွေက သုံးသပ်ပါတယ်။

https://burmese.dvb.no/archives/573395

---------------------------------------------------------------------------------------------------------

## တနင်္သာရီတိုင်းက နေရပ်စွန့်ခွာသူ ၁၇,၀၀၀ ကျော် ရိက္ခာနှင့် ဆေးဝါးလိုအပ်၊ ကြာအင်းဆိပ်ကြီး စစ်ရှောင်များ နေရပ်မပြန်နိုင်သေး

Published By DVB | 13 January, 2023



တနင်္သာရီတိုင်းမှာ ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာလက တိုက်ပွဲတွေ ပြင်းထန်ခဲ့တာကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ခဲ့ရသူ ၁၇,၀၀၀ ကျော်ရှိပြီး ၁,၆၀၀ ကျော်ဟာ စစ်ဘေးရှောင်စခန်းမှာ နေထိုင်သူတွေဖြစ်တယ်လို့ FEB5Tanintharyi ရဲ့ ထုတ်ပြန်ချက်အရ သိရပါတယ်။

ဒေသခံတဦးက “တိုက်ပွဲဖြစ်ရင် စကစရဲ့ လက်နက်ကြီး ရမ်းသန်းပစ်ခတ်မှုတွေ၊ အလွန်အကျွံ သုံးတာတွေကြောင့် ပြည်သူတွေက သေနတ်သံကြားရင် ရှောင်ပြေးရတဲ့ အခြေအနေတွေအထိ ဖြစ်ခဲ့တယ်။ စကစရဲ့ ဒေသခံအိမ်တွေ မီးရှို့တာတွေ၊ လူတံတိုင်း လုပ်တာတွေကြောင့်လည်း ပါတာပေါ့” လို့ ပြောပါတယ်။

ဒီဇင်ဘာလမှာ မြိတ်ခရိုင် ပုလောမြို့နယ်နဲ့ တနင်္သာရီမြို့နယ်တွေမှာ တိုက်ပွဲဖြစ်ပွားတာ များခဲ့ပြီး စစ်ဘေးရှောင်ဦးရေလည်း များပြားခဲ့တယ်လို့ သိရပါတယ်။

“ပုလောမြို့နယ် လူဦးရေရဲ့ ၃၀ ရာခိုင်နှုန်းလောက်က စစ်ရှောင်နေရတယ်။ စကစဘက်က ရိက္ခာတွေ အမျိုးမျိုးဖြတ်တောက်တာတွေ လုပ်တယ်။ စစ်ရှောင်စခန်းအချင်းချင်း အပြန်အလှန်ကူညီပြီး လုပ်နေရတယ်။ လက်ရှိ စစ်ရှောင်တွေမှာက စားနပ်ရိက္ခာနဲ့ ဆေးဝါးတွေ လိုအပ်နေတယ်” လို့ ကူညီပေးသူတွေက ပြောပါတယ်။

ပြီးခဲ့တဲ့ ဇန်နဝါရီ ၉ ရက်လောက်ကစပြီး ပလမြို့ရဲစခန်းကနေ တိုကျေးရွာကို စစ်ကောင်စီတပ်တွေက တိုက်ပွဲဖြစ်တာမရှိဘဲ လက်နက်ကြီးတွေနဲ့ သုံးရက်ဆက်တိုက် ပစ်ခတ်တာ၊ စစ်ကောင်စီတပ်ရဲ့ မကြာခဏ ဝင်ရောက်မီးရှို့ဖျက်ဆီးတာတွေကြောင့် ဒေသခံပြည်သူတွေ နေရပ်စွန့်ခွာကြပြီး အခုအချိန်ထိ နေရပ်မှာ ပြန်မနေထိုင်ရဲသေးတာတွေ ဖြစ်နေတယ်လို့ သိရပါတယ်။

ကရင်ပြည်နယ်၊ ဘုရားသုံးဆူ၊ ကြာအင်းဆိပ်ကြီးမြို့နယ်မှာလည်း တောင်စွန်းဘက်တွေမှာ အခုရက်တွေအတွင်း တိုက်ပွဲတွေမရှိပေမဲ့ စစ်ဘေးရှောင်တွေ နေရပ်ကို မပြန်နိုင်ကြသေးဘူးလို့ ဒေသခံတွေက ပြောပါတယ်။

အခု တိုက်ပွဲတွေမရှိဘူး ဆိုပေမဲ့ အိမ်ပြန်ဖို့က စစ်ကောင်စီတပ်တွေက ရွာတွေဘက်ကို ဝင်ထွက်သွားလာတာ၊ ပြီးတော့ လေယာဉ်တွေကလည်း နေ့စဉ်နီးပါးလောက် လာရောက်တာမြင်ရတော့ ဖုံးလာကြဲမှာကို စိုးရိမ်နေရတယ်လို့ စစ်ဘေးရှောင် ဒေသခံတွေက ပြောပါတယ်။

ထောင်နဲ့ချီတဲ့ စစ်ဘေးရှောင်တွေဟာ ရွာနဲ့အလှမ်းဝေးတဲ့ နေရာတွေဖြစ်တဲ့ တောတောင်တွေကြားမှာ ဖြစ်သလို နေထိုင်ရပြီး အရေးပေါ် စားနပ်ရိက္ခာ အကူအညီတွေ လိုအပ်နေတယ်လို့ ဆိုပါတယ်။

ပြီးခဲ့တဲ့ရက်တွေက ကြာအင်းဆိပ်ကြီး ဘုရားသုံးဆူ တောင်စွန်းကျေးရွာဘက်တွေမှာ KNLA ပူးပေါင်းအဖွဲ့တွေနဲ့ စစ်ကောင်စီတပ်တွေအကြား ၂ ပတ်လောက် တိုက်ပွဲတွေ ပြင်းထန်ခဲ့ပြီး နှစ်ဖက်စလုံး အထိအခိုက် အကျအဆုံးတွေ ရှိခဲ့ရာမှာ စစ်ကောင်စီဘက်က အကျအဆုံး ပိုများနေပါတယ်။

ကရင်ပြည်နယ်မှာ လက်ရှိ စစ်ကောင်စီတပ်နဲ့ KNLA ပူးပေါင်းအဖွဲ့တွေ ပြင်းထန်တဲ့တိုက်ပွဲတွေ မရှိပေမဲ့ အနည်းငယ် ထိတွေ့မှုမျိုးတွေ ဆက်ရှိနေပြီး စစ်ကောင်စီဘက်ကတော့ လေကြောင်းတိုက်ခိုက်မှု ဆက်လက်လုပ်ဆောင်နေတာကြောင့် သာမန်အရပ်သား သေဆုံးမှုတွေ ဒါဇင်နဲ့ချီ ရှိနေပြီလို့ ဒေသအတွင်း သတင်းအရင်းမြစ်တွေက ပြောပါတယ်။

https://burmese.dvb.no/archives/573354

-----------------------------------------------------------------------------------------------

## KIO/KIA ခေါင်းဆောင်သစ်နှင့် ကချင်စစ်မျက်နှာအလားအလာ

By အဂမ် (ကချင်မြေ) | 13 January 2023



ကချင်လွတ်မြောက်ရေး တပ်မတော် (KIO)၏ ခေါင်းဆောင်ရာထူးအပြောင်းအလဲကို ဇန်နဝါရီလ ၂ ရက်နေ့မှာ ပြုလုပ်ခဲ့သည်။

KIO ဥက္ကဋ္ဌကြီး ဗိုလ်ချုပ်ကြီးအင်ဘန်လ၏ "စစ်ကောင်စီဟာ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးအတွက် ရန်သူတာဖြစ်တာကြောင့် ပြတ်သားစွာနဲ့ ရန်သူကို ရန်သူလို တိုက်ခိုက်ချေမှုန်းရမယ်"ဟု ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ နှစ်သစ်မိန့်ခွန်း ပြောဆိုမှုအပြီး နောက်တစ်နေ့မှာပဲ KIO ဗဟိုကော်မတီတွင် ယခုလိုအပြောင်းအလဲပေါ်ပေါက်လာခဲ့သည်။

KIO ဥက္ကဋ္ဌရာထူး အပြောင်းအလဲအပြင် ကချင်လွတ်မြောက်ရေးကောင်စီ (KIC) အတွင်းရေးမှူးရာထူး၊ တိုင်းဒေသဗဟိုကော်မတီဥက္ကဋ္ဌရာထူးနှင့် လက်ထောက်ဥက္ကဋ္ဌရာထူးများတွင် အပြောင်းအလဲများဖြစ်ခဲ့သည်။

ဥက္ကဋ္ဌ အင်ဘန်လနေရာမှာ ယခင် ကချင်လွတ်မြောက်ရေးတပ် (KIA) ၏ စစ်ဦးစီးချုပ်ဖြစ်သော ဗိုလ်ချုပ်ကြီးဂမ်ရှောင်က ယာယီဥက္ကဋ္ဌအဖြစ်တာဝန်လွှဲပြောင်းရယူလိုက်သည်။ ထူးခြားချက်မှာ KIO တစ်ခုလုံး၏ ခေါင်းဆောင်ကို ယာယီအပြောင်းအလဲသာ ပြုလုပ်ထားခြင်းဖြစ်သည်။

ထို့အပြင် စစ်ဦးစီးချုပ်အပါအဝင်စစ်ဘက်ရာထူးများတွင်လည်း အပြောင်းအလဲများလုပ်ခဲ့ကြောင်း မဇ္ဈိမက စုံစမ်းသိရှိရသည်။ စစ်ဦးစီးချုပ်ရာထူးကိုတော့ ယ ခင်က ဒုတိယစစ်ဦးစီးချုပ် (၁) ဖြစ်သည့် ဒုတိယဗိုလ်ချုပ်ကြီးခေါင်လွမ်းကို ရာထူးတိုးမြှင့်ကာ ခန့်အပ်ခဲ့သည်။

နောက်ထပ်ထူးခြားချက်အဖြစ် ယခုတစ်ခေါက်မှာ KIOအစိုးရ၏ ရာထူးအပြောင်းအလဲတွင် စစ်ရေးအပိုင်း တာဝန်ယူနေသည့်သူများကိုသာ အဓိကတာဝန်များရယူစေခြင်းဖြစ်သည်။

၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့က ရာထူးအပြောင်းအလဲလုပ်စဉ်က ရာထူး ငါးနေရာကို အပြောင်းအလဲလုပ်ခဲ့သည်ကို မဇ္ဈိမက ရရှိထားသည့် အမိန့်စာများအရသိရသည်။

ထိုစဉ်က ဗိုလ်ချုပ်ကြီး အင်ဘန်လက KIO ဥက္ကဋ္ဌ ရာထူး၊ ဒုဗိုလ်ချုပ်ကြီး ဂမ်ရှောင်ကတော့ KIOရဲ့ ဒုဥက္ကဋ္ဌနှင့် စစ်ဦးစီးချုပ်ရာထူးကို ပူးတွဲတာဝန်ယူရပြီး ဆရာကြီး ဆွမ်လွတ်ဂန်ကတော့ KIO ၏ ဒုဥက္ကဋ္ဌ (၂) ရာထူး၊ ဗိုလ်ချုပ်ဂွန်မော်က KIC ၏ ဒုဥက္ကဋ္ဌ ( ၁ ) ရာထူးများရလာခဲ့သည်။

**တောင်ပိုင်းတိုင်း စစ်မျက်နှာသစ်**

KIO ကို ၁၉၆၀ ခုနှစ် အောက်တိုဘာလ ၂၅ ရက်နေ့မှာ တည်ထောင်ခဲ့သည်။ လက်နက်ကိုင်တော်လှန်ရေးပါတီအဖြစ် ပါတီ၏ လက်နက်ကိုင်တပ်ဖွဲ့ KIA ကို ၁၉၆၁ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့မှာ ဖွဲ့စည်းခဲ့သည်။

KIO ဦးဆောင်လမ်းညွှန်မှုအောက်တွင် စစ်ရေး၊နိုင် ငံရေး၊ အုပ်ချုပ်ရေး အစရှိသည်တို့ကို စီမံအုပ်ချုပ်ခန့်ခွဲရန် ကချင်လွတ်မြောက်ရေးကောင်စီ (Kachin Indepedence Council-KIC) ကို ဖွဲ့စည်းထားသည်။

KIC သည် လက်အောက်မှာ စစ်တပ်နှင့်ပြည်ထဲရေးအပါအဝင် အုပ်ချုပ်ရေးယန္တရားတစ်ခုလုံးရှိသည်။

၁၉၆၉ လမ်းစဉ်အရ KIO ဗဟိုကော်မတီ KIOCC သည် အမြင့်ဆုံးအာဏာပိုင်ဖြစ်လာခဲ့သည်။ KIOCC မှာ ဗဟိုကော်မတီဝင် ၁၁ ဦး သို့မဟုတ် ၁၂ ဦးပါ ဝင်သည်။ ဗဟိုကော်မီတီဝင်တစ်ဦးစီသည် စစ်တပ်၊ ပြည် ထဲရေး၊ နိုင်ငံခြားရေး၊ စီးပွားရေးအစရှိသည့်ဝန်ကြီးဌာနများနှင့်နိုင်ငံတော်အဆင့် ဗဟိုလုပ်ငန်းဌာနကြီးတွေကို အသီးသီးတာဝန်ယူကြရသည်။

KIOCC ၏ ဦးဆောင်လမ်းညွှန်မှုကိုခံယူပြီး၊ ဝန်ကြီးဌာနနှင့် ဗဟိုလုပ်ငန်းဌာနအသီးသီးသည် KIC ၏အုပ်ချုပ်စီမံမှုအောက်မှာရှိကြသည်။

ယခုတစ်ခါ KIOဗဟိုကော်မတီ၏ ရာထူးအပြောင်း အလဲမှာ လူအများဝင်စိတ်ဝင်စားမှုနည်းသော်လည်း စစ်အာဏာရှင်တိုက်ဖျက်ရေးမှာ စစ်ရေးအတွက် အရေးပါဆုံးရာထူးအပြောင်းအလဲနေရာတစ်ခု ပါဝင်လာခဲ့သည်ကို တွေ့ရသည်။

KIO အစိုးရ၏ ရှမ်း - sub-State ဖြစ်သော ရှမ်း ပြည်နယ် မြောက်ပိုင်း မူဆယ်၊ နမ့်ခမ်း၊ နမ့်မတ လားရှိုး၊ သိန္နီ၊ကွတ်ခိုင်နှင့် ကွန်လုံဒေသများတွင် စစ်ရေးလှုပ်ရှားနေသော KIA တပ်ဖွဲ့များကို တိုက်ရိုက်အုပ်ချုပ်သည့် တောင်ပိုင်းတိုင်းဒေသ ဗဟိုကော်မတီ ဥက္ကဋ္ဌ နေရာအပြောင်းအလဲ ဖြစ်သည်။

လက်ရှိ အာဏာသိမ်းစစ်ကောင်စီနဲ့ တိုက်ပွဲစစ်မျက်နှာများ ဆင်နွှဲနေသော တောင်ပိုင်းတိုင်း ဗဟိုတောင်ပိုင်းတိုင်းဒေသ ဗဟိုကော်မတီ ဥက္ကဋ္ဌ ဖြစ်သည့် ဦးလဖိုင်ဇော်ရော်ကိုဥက္ကဋ္ဌ ရာထူး ရုပ်သိမ်းခဲ့ပြီး၊ သူ့နေရာတွင် လက်ရှိတပ်မဟာ (၄) ၏ တပ်မမှူးဖြစ်တဲ့ ဇော်ဂျေလတောင်ကို ခန့်အပ်လိုက်သည်။ လက် ထောက်ဥက္ကဋ္ဌ (၁) ရာထူးကနေ ဗဟိုကော်မတီ ဥက္ကဋ္ဌကြီးအဖြစ် ပြောင်းလဲခန့်အပ်လိုက်ခြင်းဖြစ်သည်။

တောင်ပိုင်းတိုင်းဒေသ၏ ဗဟို အုပ်ချုပ်ရေးပိုင်းဆိုင် ရာ အကြီးအကဲဖြစ်သော ဆလန်ကဘာ ဦးလရီးဆိုင်းနော်ကိုလည်း တောင်ပိုင်းတိုင်းဒေသ ဗဟိုကော်မတီ၏ လက်ထောက် ဥက္ကဋ္ဌ (၂) ရာထူးကနေ တောင်ပိုင်းတိုင်းဒေသ ဗဟိုအုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌကြီးအဖြစ် ခန့်အပ်လိုက်ကြောင်း ထုတ်ပြန်စာမှာ ဖော်ပြပါရှိသည်။

တောင်ပိုင်းတိုင်းဒေသမှာ KIA တပ်မဟာ (၄)၊ (၆) နဲ့ (၁၀) တို့ရှိပြီး တပ်မဟာတစ်ခုအောက်တွင် အနည်းဆုံး တပ်ရင်း သုံးရင်းရှိသည်။

စစ်မျက်နှာသစ်ကို ဦးဆောင်ရမည့် ခေါင်းဆောင်သစ်များက ဥက္ကဋ္ဌကြီး ဗိုလ်ချုပ်ကြီး အင်ဘန်လ ဦးဆောင်စဉ်မှစ၍ စစ်ဦးချုပ်ဂမ်ရှောင်နှင့်အတူ စစ်ရေးနည်းဗျူဟာများ၊ စစ်သင်တန်းကိစ္စရပ်များအပြင် စစ်ပွဲများစွာကိုရင်ဆိုင်တိုက်ခိုက်ဖူးသော အတွေ့အကြုံများသူများဖြစ်ကြသည်။

## KIO ယာယီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ဂမ်ရှောင်

သူသည်KIO ၏ဒုတိယမျိုးဆက်ဝင် ခေါင်းဆောင်တစ်ဦးဖြစ်သည်။။ ဇာတိကတော့ ကချင်လူထုသမိုင်းမှာ အစဉ်အလာကြီးမားခဲ့သော ကချင်ပညာတတ်များစွာပေါ် ထွက်ခဲ့ရာ ဇင်လွမ်(စိန်လုံ)တောင်တန်းဒေသကဖြစ် သည်။

ပညာရေးကို ကောင်းမွန်စွာ သင်ကြားတတ်မြောက်ခဲ့ရသူဖြစ်ပြီး၊ ၁၉၇၀ - ၇၄ ခုနှစ် ပညာသင်နှစ်များမှာ ရန်ကုန်မြို့ စီးပွားရေးတက္ကသိုလ်အထိ တက်ရောက်သင်ကြားခဲ့သူ ဖြစ် သည်။

တက္ကသိုလ်မှာတက်စဉ်က အနေအထိုင်ကျစ်လစ်သည့်အတွက် သာမန်စာကြိုးစားသောကျောင်းသားအဖြစ်ကလွဲ၍ သူ့အကြောင်းကိုသိရှိသူ အလွန်နည်းပါးခဲ့သည်ဟု သူ၏ကျောင်းနေဘက်များက မှတ်ချက်ပြုသည်။

တက္ကသိုလ်ကျောင်းပြီးသွားသည်နှင့် KIA ထဲကို တပ် သားသစ်အဖြစ်နဲ့ ဝင်ရောက်ခဲ့သူလည်း ဖြစ်သည်။ ထိုအချိန်က KIA တွင် မူဝါဒအားဖြင့် ကချင်မိသားစုတစ်စုလျှင် အရွယ်ရောက်သူတစ်ယောက် စစ်မှုမထမ်းမနေရအမိန့်ရှိသည်။

တပ်သားဘဝနှင့် တိုက်ပွဲများအလီလီဖြတ်ကျော်ခဲ့ ပြီးနောက် ၁၉၈၈ ခုနှစ် လူထုအုံကြွမှုအပြီး ၁၉၉၀ ခုနှစ် အရောက်မှာတော့ ဖါးကန့်ကျောက်စိမ်းမော်ကို ထိန်းချုပ်ထားတဲ့ ကေအိုင်အေတပ်မဟာ(၂) လက် အောက် ခံ တပ်ရင်း(၆) ရင်းမှူးဖြစ်လာခဲ့သည်။

ဖားကန့် - စပေ့ါအရေးအခင်းလို့ လူသိများခဲ့သော ဖြစ်ရပ်၏ ပွဲကိုင်ရှင်မှာ ထိုအချိန်က ရင်း(၆)တပ်ရင်းမှူးဖြစ်သော ကိုလူအေးဟု ရည်ညွှန်းခံရသော ဗိုလ်မှူးဂွန်ထန်ဂမ်ရှောင် ဖြစ်ကြောင်း တပ်ရင်း (၆) ၏ အကြီးတန်းတပ်ဖွဲ့ဝင်ဟောင်းများက မဖျှမသို့ပြောသည်။ ။

စပေ့ါဆိုသည်မှာ ဖားကန့်မြို့နယ်ထဲက ကျေးရွာတစ်ခုဖြစ်ပြီး ထိုစဉ်က အဓိက မူးယစ်ဆေးဝါးအရောင်းအဝယ်လုပ်ဆောင်ရာနေရာအဖြစ် နာမည်ဆိုးဖြင့်ကျော်ကြားသည်။

"မူးယစ်ဆေးဝါးဆိုရင် အလွန်မုန်းတဲ့ ဗိုလ်မှူးက ဘိန်း ဖြူနဲ့မူးယစ်ဆေးဝါးတွေ ပြည့်နှက်လာတဲ့ ဖါးကန့်မှာ မူးယစ်ဆေးဝါးကင်းစင်အောင် အစိမ်းဖြတ်ဖြတ်ပေးခဲ့သူပေါ့။ ခေတ်အဆက်ဆက် မူးယစ်ဆေးဝါးနဲ့ မပြတ်ခဲ့တဲ့ဖါးကန့်ရတနာမြေဟာ သူ့ကြောင့် အခိုက်အတန့် မူး ယစ်ဆေးဝါး ကင်းစင်ခဲ့ရဖူးပါတယ်။ ဒါကြောင့်လည်း အဲ့ကတည်းနေ သူနာမည်က တခြားတပ်ရင်းတွေထိ နာမည်ရောက်ခဲ့တာပေါ" ဟု တပ်ဖွဲ့ဝင်ဟောင်းတစ်ဦးက ပြောသည်။

သို့သော် စပေါ့အရေးအခင်းမှာ လုပ်နည်းလုပ်ဟန် လွဲ ချော်ခဲ့တဲ့အတွက် နာမည်ကောင်းမရဘဲ လူအစုလိုက်အပြုံလိုက် သတ်ဖြတ်မှုအဖြစ် နာမည်ဆိုးတွင်သွားခဲ့ရသည်။ မူးယစ်ဆေးသုံးစွဲသူ၊ မူးယစ်ဆေးရောင်းဝယ်သူများကို သတ်ဖြတ်ခဲ့မှုဖြစ်ရာ လူ့အခွင့်အရေးချိုးဖောက်သည်ဟု ပြစ်တင်ခံခဲ့ရသည်။

ထိုအချိန်က ကချင်လူမျိုးနှင့် ကချင်ပြည်နယ်သားများအတွက် မူးယစ်ဆေးဝါးအန္တရာယ်ကို ဖါးကန့်ဒေသကစ်ပြဿနာအဖြစ် ဖြေရှင်းဖို့ အရေးပေါ်လိုအပ်နေချိန်ဖြစ်၍ အနုနည်းဖြင့် ကြိုးစားကြည့်၍ မဖြစ်နိုင်တော့သည့်အတွက် အကြမ်းနည်းဖြင့် ဖြေရှင်းခဲ့ရခြင်းဖြစ်သည်ဟု ထောက်ခံအချို့ကတော့ ပြောသည်။

၁၉၉၄ ခုနှစ်တွင် နဝတစစ်အစိုးရနှင့် KIO အပစ်အခတ်ရပ်စဲရေးစာချုပ်ချုပ်ဆိုကာ ငြိမ်းချမ်းရေး ( ၁၇ နှစ်ငြိမ်ချမ်းရေးကာလ)ယူလိုက်ချိန်မှာ ဗိုလ်မှူး ဂမ်ရှောင်က ဗိုလ်မှူးကြီးရာထူးတာဝန်ဖြင့် လက်ရှိ မြစ်ကြီးနားမြို့ မနော(မနောင်)ကွင်းအရှေ့က ကေအိုင်အိုဆက်ဆံရေးရုံးသို့ တာဝန်ခံအရာရှိဖြစ် ရုံးထိုင်ခဲ့သည်။

ဗိုလ်မှူးကြီးဂွန်ထန်ဂမ်ရှောင်က ဘာသာတရား ကိုင်း ရှိုင်းသူလည်း ဖြစ်ကာ မြစ်ကြီးနားမြို့ရှိ မြို့( ဂိုက်စ်) ကချင်နှစ်ခြင်းအသင်းတော်မှာ တနင်္ဂနွေနေ့တိုင်း ဘုရားဝတ်ပြုတတ်သူဖြစ်သည်။ ထိုအချိန်က ဘုရားကျောင်း၏ တာဝန်ခံသင်းအုပ်ဆရာကြီးသည် ဗိုလ်မှူးကြီး၏ အစ်ကိုရင်းတော်စပ်သူ သိက္ခာတော်ရဆရာတော်ကြီး ဂွန်ထန်လမြန် ဖြစ်သည်။

(ဆရာတော်ကြီး ဂွန်ထန်လမြန် ကွယ်လွန်သွားသည့် အတွက် မြို့ကချင်နှစ်ခြင်းအသင်းတော် ဘုရားကျောင်း၏ တာဝန်ခံသင်းအုပ်ဆရာကြီးအဖြစ် လက်ရှိစစ်ကောင်စီတပ်က ဖမ်းဆီးတရားစွဲခံထားရသော သင်းအုပ်ဆရာတော် ဒေါက်တာခလမ်ဆမ်ဆွန်က တာဝန်ယူခဲ့သည်။)

၂၀၁၁ ခုနှစ် KIO နှင့် မြန်မ စစ်တပ်တို့အကြားက ငြိမ်း ချမ်းရေးကျိုးပျက်သွားပြီး တကျော့ပြန်ကချင်ပြည် တွင်းစစ်ပွဲကြီး ပြန်လည်ဖြစ်ပွားလာချိန်မှာတော့ ဗိုလ် မှူးကြီး ဂမ်ရှောင်က KIA စစ်ဦးစီးချုပ်ရာထူးကို ဗိုလ်ချုပ်ရာထူးဖြင့် တာဝန်ယူကာ စစ်ပွဲများကို ကွပ်ကဲခဲ့သည်။

လူဦးရေနှင့်စစ်အင်အားကွာလှသော စစ်တပ်ကိုယှဉ်ပြိုင်တိုက်ရသော တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့တစ်ခု၏ တာဝန်အလွန်ကြီးမားသော စစ်ဦးစီးချုပ်ရာထူးနဲ့တာဝန်ကို အ ကောင်းဆုံးထမ်းဆောင်နိုင်ခဲ့သည့်အတွက် ၂၀၁၈ ခုနှစ်တွင် KIO ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး အင်ဘန်လက သူ့ကို ဒုတိယ ဗိုလ်ချုပ်ကြီးရာထူးသို့တိုးမြှင့်ပေးပြီး KIA စစ်ဦးစီးချုပ်အပြင် KIO ဒုတိယဥက္ကဋ္ဌအဖြစ်ပါ တာဝန်ပေးအပ်ခဲ့သည်။

ဗိုလ်ချုပ်ကြီးဂွန်ထန်ဂမ်ရှောင်သည် ယခုနှစ် ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့ထုတ် ဗဟိုထုတ်ပြန်ချက်အရ ယာယီ KIO ဥက္ကဋ္ဌကြီးအဖြစ် တာဝန်လွှဲပြောင်းပေးအပ်ခြင်း ခံခဲ့ရသည်။ ယာယီဆိုသော်လည်း မကြာမီအချိန်အတောအတွင်းမှာပဲ KIO ၏ ခုနစ်ယောက်မြောက် ဥက္ကဋ္ဌကြီးအဖြစ်သို့ ရောက်ရှိလာဖွယ်ရှိကြောင်း ကချင်နိုင်ငံရေး လေ့လာသူများက သုံးသပ်ထားသည်။

**KIA စစ်ဦးစီးချုပ်သစ်**

၁၉၈၈ ခုနှစ် လူထုအုံကြွမှု အရေးအခင်းကာလအတွင်းရန်ကုန်တက္ကသိုလ်ကျောင်းသား ဘော့စ်ဂစ်တာသမားလေး R ခေါင်လွမ်းတစ်ယောက် သူခင်တွယ်မြတ် နိုးရသည့် တေးသံသွင်းစတူဒီယိုခန်းတွေ၊ စတိတ်ရှိုးစင်မြင့်ထက်နှင့် ဂီတအနုပညာမောင်နမတွေအပြင် မိဘနှစ်ပါးနှင့် မိသားစုကိုပါ ကျောခိုင်းစွန့်ခွာပြီးတော့ ကြမ်းတမ်းလှသော တောခိုကျောင်းသားဘဝကို ရွေး ချယ်ခဲ့သည်။

ကချင်ဖြစ်သော်လည်း ကချင်လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သည့် KIA သို့ ဝင်ရောက်ခဲ့ခြင်းမဟုတ်ဘဲ တက္ကသိုလ်ကျောင်းသားဗိုဗိ ABSDF ခေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦးသို့ ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

မြောက်ပိုင်းကျောင်းသားတပ်မတော်သည် KIA ၏ ထီးရိပ်အောက်မှာ ဖွဲ့စည်းခဲ့ခြင်းဖြစ်၍ သူ့၏ကျောင်းသားဘဝက အသိ မိတ်ဆွေများစွာသည် KIA တပ်ဖွဲ့ထဲ ရောက်နှင့်နေကြပြီးဖြစ်သည်။

မန္တလေးတက္ကသိုလ်ကျောင်းထွက် သူ့၏စီနီယာတဦးဖြစ်သည့် ဆွမ်လွတ်ဂွန်မော်မှ သူ့ကို ကျောင်းသားတပ်မ တော်ထဲမှ ပြန်လည်ခေါ်ယူခဲ့ပြီး၊ ထိုအချိန်က နာမည် ကြီးလှသော ဗျူဟာမှူး ဗိုလ်မှူးလခန်ပန်းအောင်လက် အောက်ရှိ တပ်ဖွဲ့အတွင်းသို့ ထည့်သွင်းပေးလိုက်ကြောင်း KIAသတင်းရင်းမြစ်တစ်ခုက ပြောသည်။

ထိုစဉ်ကတည်းနေ R ခေါင်လွမ်းဟာ ဗျူဟာမှူးလခန်ပန်းအောင်၏အထူးကွန်မန်ဒိုစစ်သင်တန်းများ တက်ရောက်သင်ယူပြီးသည့်နောက် ကြံ့ခိုင်သန်စွမ်းသော တော်လှန်ရေးစစ်သားတစ်ယောက် ဖြစ်လာခဲ့သည်။

ဂီတပိုးပါလာသည့် R ခေါင်လွမ်းတစ်ယောက် တောတွင်းဂီတဖျော်ဖြေပွဲများတွင် လက်စွမ်းပြသလို တိုက်ပွဲများတွင်လည်း သူရသတ္တိနှင့်စွမ်းရည်များသက်သေပြခဲ့ကြောင်း ရဲဘော်ရဲဘက်များကပြောသည်။

ဗိုလ်မှူးကြီးပန်းအောင် ကွယ်လွန်သွားပြီးသည့်နောက်ပိုင်း စစ် ဗိုလ်လေး R ခေါင်လွမ်းဟာ ဗိုလ်မှူးကြီးအင်ဘန်လ၏ အားကိုးရသောသူဖြစ်လာခဲ့သည်။

၂၀၀၆ ခုနှစ်အရောက်မှာ ဒုတိယ ဗိုလ်မှူးကြီးတာဝန်နဲ့ R ခေါင်လွမ်းက ကချင်ပြည်နယ်မြောက်ဖျားပိုင်းရှိ KIA တပ်မဟာ( ၁ )ရဲ့ တပ်မဟာမှူးဖြစ်လာခဲ့တော့သည်။

ထို့နောက် ဗိုလ်မှူးချုပ်၊ ဗိုလ်ချုပ်အဆင့်များတိုးလာခဲ့ပြီး လက်ရှိတွင် KIA တပ်တော်၏ စစ်ဦးစီးချုပ်သစ် ဖြစ်လာသည်။

ဒုတိယစစ်ဦးစီးချုပ်မဖြစ်မီအချိန်ထိ တိုင်းရင်းသားတပ်ပေါင်းစုအဖွဲ့ (UNFC) လက်အောက်ရှိ ဖယ်ဒရယ်တပ်မတော် FUA တပ်မှာ စစ်ဦးစီးတာဝန်ခံအဖြစ်နှင့် အချိန်အတော်ကြာအောင် တာဝန်ယူခဲ့ပါသေးသည်။

KIA တပ်ဖွဲ့ဝင်များနှင့် ကချင်နိုင်ငံရေးလေ့လာသုံးသပ်သူများအပါအဝင် ကချင်လူထုက ဟိုယခင်ကတည်းက ချစ်စနိုးလေးနဲ့ "ဂွတို" ဆိုပြီးအခေါ်ခံခဲ့ရသော ဗိုလ်ချုပ် R ခေါင်လွမ်းဟာ ယခုချိန်အထိလည်း "ဗိုလ်ချုပ်ဂွတို" ဆိုပြီးတော့ နာမည်ကြီးနေဆဲဖြစ်သည်။

အနေအထိုင်ရိုးရှင်းပြီး ပေဟောဒိုင်းဒိုင်း၊ ပွင့်ပွင့်လင်းလင်းပြောဆိုတတ်သော ဗိုလ်ချုပ် R ခေါင်လွမ်းသည် လက်ရှိအချိန်မှာ KIA \ အရေးပါသော စစ်မြေပြင်များတွင် ရှေ့တန်းစခန်းတွေအထိ ကိုယ်တိုင်သွားရောက်ပြီးတော့ ကွပ်ကဲမှုပေးနေတတ်သည်ကို မဇ္ဈိမကစုံစမ်း သိရှိရသည်။

အရာရှိငယ်ဘဝတုန်းက အရက်သောက်တတ်သူဖြစ်သော်လည်း အရာရှိကြီးဖြစ်လာသည့်နောက် အရက်ဖြတ်နိုင်ခဲ့သည်က ကချင်လူထုအတွင်း လေးစားသမှုနှင့်ပြောတတ်ကြသည်။

အာဏာသိမ်းစစ်ကောင်စီလက်အောက်မှာ ပြည်သူများက နှစ်နှစ်ခန့် နေထိုင်ခဲ့ရပြီးအပြီး၊ ပြည်သူတစ်ရပ်လုံး၏ ဘုံရန်သူမှာ စစ်ကောင်စီတပ်ဖြစ်သည့်အတွက် အမြစ်ဖြတ်တိုက်ခိုက်ရန် ၂၀၂၃ နှစ်ဆန်း ၁ ရက်နေ့တွင် KIO ဗဟိုကော်မတီ ဥက္ကဋ္ဌကြီး၏ မိန့်ခွန်းတွင်ထဲ့သွင်းပြောကြားသွားပြီးနောက်စစ်ရေးတာဝန်ပိုင်းကို ဦးစီးခဲ့သူများက ခေါင်းဆောင်ဖြစ်လာခဲ့သည့်အတွက် ကချင်ပြည်နယ်နှင့်KIA လှုပ်ရှားနယ်မြေများတွင် စစ်ပွဲအတွက်ပိုမိုပြင်လာခဲ့ခြင်းဖြစ်သည်ဟု ကချင်နိုင်ငံ ရေး လေ့လာသူများ သုံးသပ်ကြသည်။

## KIO/KIA ခေါင်းဆောင်သစ်နှင့် တရုတ် ဆက်ဆံရေး

မျက်မှောက်ကာလအခင်းကျင်းအရ တရုတ်သည် အာဏာသိမ်း စစ်ကောင်စီနှင့် ဆက်ဆံရေး ထွေပြားလာကာ အဆင်မချောသော ဆက်ဆံရေး ရှိနေပါသည်။ ထိုအချိန်တွင် တိုင်းရင်းသားတော်လှန်ရေးအင်အားစုတွင် အားကောင်းသော KIA/KIO နှင့် တရုတ်၏ ဆက်ဆံရေးရေချိန်အနိမ့်အမြင့်သည်အင်မတန်မှ အရေးပါလာသည်။

KIO - တရုတ်ဆက်ဆံရေးသည် မြန်မာ့နိုင်ငံရေးအချိုးအကွေ့အတွက် အရေးပါသော အကြောင်းတစ်ရပ်ဖြစ်လာခဲ့ပြီဟု နိုင်ငံရေးလေ့လာသူတစ်ဦးက သုံးသပ်သည်။

"တရုတ်ကိုတော့ မချစ်သော်လည်း အောင့်ကာနမ်းရပါလိမ့်မယ်။တရုတ်က မြန်မာ့အရေးမှာ အရေးပါနေဆဲဖြစ်ပါတယ်။ဒါပေမဲ့ ကချင်တွေက လွန်လွန်ကျူးကျူး စော်ကားတာမျိုးကို ခေါင်းငုံ့မခံတတ်တဲ့အတွက် တ ရုတ်နဲ့ဆက်ဆံရေးမှာ အစဥ်ချောမွတ်ပြေပြစ်ခြင်းမရှိဘဲ အဖုအထစ်လေးတွေ ရှိနေရခြင်းဖြစ်ပါတယ်။" ဟု သူက ပြောသည်။

https://www.mizzimaburmese.com/article/122169

-----------------------------------------------------------------------------------------------------

## အင်းတော်ကြီးတွင် အရပ်သားများကို လူသားဒိုင်းအဖြစ် ဖမ်းထား

သတင်းနှင့် မီဒီယာ ကွန်ရက်။ | ၂၀၂၃ ခုနှစ်၊ ဇန္နဝါရီလ ၁၃ ရက်။




ကချင်ပြည်နယ် အင်းတော်ကြီးဒေသအတွင်းရှိ ပြည်သူ အယောက် ၂၀ ခန့်ကို စစ်တပ်က လူသားဒိုင်းကာ အဖြစ် ဖမ်းဆီးထားသည် ဟု ဒေသခံများက ပြောသည်။

မိုးညှင်ခရိုင်၊ အင်းတော်ကြီးဒေသအတွင်းရှိ မိုင်းနောင်ကျေးရွာက ရွှေတူးဖော်နေသူ ဒေသခံများ အချို့ကို စစ်တပ် က ဖမ်းဆီးသွားခြင်း ဖြစ်သည်။

"အခုလောလောဆယ်တော့ အယောက် ၂၀ လောက်ရှိတယ်။ တောင်ပတ်လမ်းက တင်ကောက်ချောင်းဘက်ကို စစ်ကြောင်းထိုးတာ။ အဲ့ဒီမှာ ထိုးတဲ့အချိန် ရွာထဲက ရွှေလုပ်ငန်းရှင် ဦးမျိုးလှိုင်က ကလေးသုံးယောက်ကို သူ့ ကျင်းမှာ စက်တွေဘာတွေတင်၊ ထမ်းဖို့ ခေါ်သွားတာ။ အဲ့လိုခေါ်သွားတော့ လမ်းမှာ စစ်ကြောင်းနဲ့တွေ့ပြီး လူ သားဒိုင်းအဖြစ် အဲ့ဒါ ဖမ်းသွားတာ" ဟု ဒေသခံများက ပြောသည်။

ဇန္နဝါရီလ ၁၁ ရက်နေ့၊ နံနက် ၈ နာရီအချိန်ခန့်တွင် မိုင်းနောင်ကျေးရွာတောင်ဘက်ရှိ ဒေသအခေါ် တောင်ပတ် လမ်း၊ တင်ကောက်ချောင်းနှင့် မြေနီကုန်းဖက်သို့ စစ်ကြောင်းထိုးလာသော အင်အား ၁၀၀ နီးပါးရှိသည့် စစ် ကောင်စီ စစ်ကြောင်းက ဒေသခံရွာသားများကို ဖမ်းဆီးထားခြင်း ဖြစ်သည်။

မိုင်းနောင်ကျေးရွာမှ တောထဲသို့ ထင်းခွေသွားသူများ၊ ရွှေမှော်များက နေ့စား လုပ်သားများနှင့် ရွှေမျှောတခုတွင် စက်ပစ္စည်းထမ်းရန်သွားသည့် လူငယ် ၄ ဦးတို့အား အင်အား ၁၀၀ နီးပါးရှိသည့် စစ်ကောင်စီ တပ်မ ၃၃ စစ် ကြောင်း လူသားဒိုင်းကာအဖြစ် ဖမ်းဆီးထားခြင်း ဖြစ်သည်ဟု ဒေသခံတစ်ဦးက ပြောသည်။

**"**အဲ့ဒါပြီးမှ တောထဲကထွက်လာတဲ့ ရွှေတူးတဲ့ နေ့စားသမားတွေရော၊ တောထဲ ထင်းခွေပြီး ပြန်လာတဲ့သူတွေ ရော ဖမ်းသွားတာ။ မိုင်းနောင်ရွာအစွန် တောစပ်နားက အိမ်နှစ်လုံးမှာ သူတို့ခေါ်လာတဲ့လူတွေ အကုန်လုံးကို သူတို့တပ်တွေရော အကုန်လုံး အဲ့ဒီအထဲမှာ နေနေကြတယ်ဗျ။**"**

လူသားဒိုင်းကာ အဖြစ် ဖမ်းဆီးခံထားရသူ ရွာသား အယောက် ၂၀ နီးပါးခန့်ပြီး ယနေ့အချိန်ထိ ၎င်းတို့အား မိုင်းနောင်ကျေးရွာ အစွန်ရှိ နေအိမ်ပါ ခြံဝန်းနှစ်ခုထဲတွင် ဖမ်းဆီးထားသည်ဟု ဆိုသည်။

ထိုသို့ ဖမ်းဆီးသွားသည့် နေ့ (ဇန္နဝါရီလ ၁၁) ရက်နေ့က မွန်းလွဲ ၂ နာရီ အချိန်ခန့်တွင်လည်း ၎င်းတို့ ဖမ်းဆီးထားသော ရွာသားများအား အကာအကွယ် လူသားဒိုင်းအဖြစ်ထားပြီး လက်နက်ကြီးများဖြင့် မိုင်းနောင်ကျေးရွာ ပတ်လည်ရှိ တောစပ်နေရာများထဲသို့ လက်နက်ကြီးဖြင့် ၁၀ လုံးခန့် ပစ်ခတ်ခဲ့သည်ဟု ရွာသားများက ပြောသည်။

ထိုသို့ ပစ်ခတ်နေမှုများကြောင့် မိုင်းနောင်ရွာသားများ စိုးရိမ်ထိတ်လန့်နေကြပြီး ဖမ်းဆီးခံထားရသူများ အတွက်လည်း အသက်အန္တရာယ်ထိခိုက်မည်ကို စိုးရိမ်သည်ဟု ပြောသည်။

အင်းတော်ကြီးဒေသသည် စစ်ကောင်စီအပြင် ကချင်လွတ်လပ်ရေးတပ်မတော် KIA နှင့် ကချင်ပြည်သူ့ကာကွယ် ရေးတပ်ဖွဲ့ KPDF များ သွားလာလှုပ်ရှားမှု ရှိသည့်ဒေသဖြစ်ပြီး နှစ်ဖက်ကြားလည်း မကြာခဏ ထိတွေ့ တိုက်ပွဲ များ ဖြစ်ပွားလျှက်ရှိသည်။

https://www.nmg-news.net/2023/01/13/23161

-----------------------------------------------------------------------------------------------------------

## ဖားကန့်မြို့နယ်မှာ နင်းမိုင်းကြောင့် အမျိုးသမီး တစ်ဦးသေ၊ နှစ်ဦးဒဏ်ရာရ

**RFA Burmese |** 2023.01.13



ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ရာဒူဇွပ်ရွာအနီး လီဒိုလမ်းမတစ်နေရာကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့က တွေ့ရစဉ်။ Photo: RFA

ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ရာဒူဇွပ်ရွာက ဒေသခံသုံးဦးဟာ ဇန်နဝါရီ ၁၂ ရက် မနက်ပိုင်းက ရွှေမှော်သွားတဲ့လမ်းမှာ မိုင်းနင်းမိပြီး အမျိုးသမီးတစ်ဦး သေဆုံးပြီး၊ ကျန်နှစ်ဦးလည်း ထိခိုက်ဒဏ်ရာရသွားတယ်လို့ ဒေသခံတွေက ပြောပါတယ်။

သေဆုံးသူဟာ အသက် ၁၉ နှစ်အရွယ် မခေါန်နန်ဖြစ်ပြီး သူနဲ့အတူပါလာတဲ့ အသက် ၅၀ အရွယ် အမျိုးသမီးတစ်ဦးနဲ့ အသက် ၅၀ အရွယ် အမျိုးသားတစ်ဦးကတော့ လက်မောင်း၊ ခေါင်း၊ ပေါင်နဲ့ ဝမ်းဗိုက်တွေမှာ မိုင်းစထိမှန်ခဲ့တာလို့ အမည်မဖော်လိုတဲ့ ဖားကန့်ဒေသခံ တစ်ဦးက ပြောပါတယ်။

**"မနက်ပိုင်းမှာ ဝုန်းဆို ပေါက်ကွဲတာပဲ။ ပေါက်တဲ့နေရာနဲ့ နီးတဲ့သူက ဒဏ်ရာပြင်းထန် သွားတာပေါ့။ ရွှေမှော်တွေကို မသွားနဲ့လို့ ပြောလို့မရဘူးလေ။ ဒေသခံတွေက စီးပွားရေး အဆင်မှမပြေတာ။ အခုလိုမိုင်းတွေ ထောင်တာ ဒေသခံပဲ ခံရတယ်"**

ရာဒူစွပ်ရွာ ပတ်ပတ်လည်မှာ ရွှေမှော်လုပ်ကွက်တွေရှိနေပြီး အဲဒီလုပ်ကွက်တွေကို ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) နဲ့ စစ်ကောင်စီတပ်တွေက ပြီးခဲ့တဲ့ ၂၀၂၂ ခုနှစ် အစောပိုင်းထဲက ဒေသခံတွေသွားလာခွင့် ပိတ်ထားတယ်လို့ ဆိုပါတယ်။

ဒါပေမဲ့ အခု ပေါက်ကွဲတဲ့မိုင်းဟာ ဘယ်အဖွဲ့အစည်းရဲ့ လက်ချက်ဆိုတာကိုတော့ ရှင်းရှင်းလင်းလင်းမသိရသေးပါဘူး။

လီဒိုလမ်းမဘေးမှာရှိတဲ့ ရာဒူဇွပ်ရွာမှာ အိမ်ခြေ ၂၀၀ နီးပါး၊ လူဦးရေ ၆၀၀ ကျော် နေထိုင်ပြီး အများစုက ရွှေမော်ကျင်တဲ့ အလုပ်နဲ့ အသက်မွေးဝမ်းကျောင်း ပြုနေတာပါ။

စစ်ရေးအရ ထိန်းချုပ်မှုတွေလုပ်ဖို့ဆိုရင် ဒေသခံတွေ နေ့စဉ်အသုံးပြုနေရတဲ့ လမ်းမတွေနဲ့ ကျေးရွာတွေအနီးမှာ မိုင်းထောင်တာမျိုး ဘယ်အဖွဲ့အစည်းကမှ မလုပ်စေချင်ဘူးလို့ ဒေသခံတွေက ပြောပါတယ်။

ပြီးခဲ့တဲ့ ဇန်နဝါရီလ ၁၀ ရက်နေ့ကလည်း ဝိုင်းမော်မြို့နယ် ဝူယန်ကျေးရွာမှာ တိုက်ပွဲ လက်ကျန်လက်နက်တွေကို ဆော့ကစားမိရာကနေ ကလေးနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ကလေးတစ်ဦး သေဆုံးခဲ့ပါတယ်။

https://www.rfa.org/burmese/news/mine-victims-01132023063759.html

---------------------------------------------------------------------------------------------------

## ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသ ပေါ်ဖို့ ရှမ်းနီအဖွဲ့ပြင်ဆင်

၁၃ ဇန်နဝါရီ၊ ၂၀၂၃ | ငြိမ်းချမ်း


ကွင်းလီလိုင်ပ့်ပိုင်းတင်းစိင်း
Shan Ni Nationalities Council
ရှမ်းနီအမျိုးသားများကောင်စီ

ရှမ်းနီအမျိုးသားများကောင်စီ(ယာယီ)

Shan Ni Nationalities Council (SNNC)

စာအမှတ်- ၁/၂၀၂၃/အမသ/ပဖ

ရက်စွဲ- ၂၀၂၃ခုနှစ်၊ဇန်နဝါရီလ၊၉ရက်

(ရှမ်းနီအမျိုးသားများပြည်နယ်(ဝါ) ရှမ်းနီအမျိုးသားများ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဒေသ ဖော်ဆောင်ဖြစ်မြောက်ရေးကော်မတီ ဖွဲ့စည်းခြင်း)

Official Statement

ရှမ်းနီအမျိုးသားတွေအတွက် ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဒေသတစ်ခု ပေါ်ပေါက်ရေး ကော်မတီတစ်ရပ် ဖွဲ့စည်း

ရှမ်းနီအမျိုးသားတွေအတွက် ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဒေသတစ်ခု ပေါ်ပေါက်ရေးအတွက် ရှမ်းနီအမျိုးသားများကောင်စီ SNNC (ယာယီ)က ဒီရက်ပိုင်းအတွင်းမှာ ကော်မတီတစ်ရပ် ဖွဲ့စည်းလိုက်ပါတယ်။ သူတို့အဆိုပြုထားတဲ့ ရှမ်းနီ ပြည်နယ်သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ရတိုင်းမှာ ကချင်ပြည်နယ်နဲ့ စစ်ကိုင်းတိုင်းအထက်ပိုင်းဒေသက နယ်မြေတွေပါဝင်ပါတယ်။ ဒီအကြောင်း ရန်ကုန်ကသတင်းပေးပို့ချက်ကို ကိုငြိမ်းချမ်းက တင်ပြပါမယ်။

ရှမ်းနီအမျိုးသားများကောင်စီ SNNC (ယာယီ)က ရှမ်းနီအမျိုးသားများ ပြည်နယ် သို့မဟုတ် ရှမ်းနီအမျိုးသားများ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဒေသ ဖော်ဆောင်ဖြစ်မြောက်ရေးကော်မတီကို ဒီလ ၉ရက်နေ့မှာ အရေးပေါ် ဖွဲ့စည်းကြောင်း ကြေညာခဲ့တာပါ။ ဒီလို ဖွဲ့စည်းလိုက်တာနဲ့ပတ်သက်ပြီး SNNC က ဗဟိုကောင်စီဝင် စိုင်းဆေလုံက VOA ကို အခုလို ပြောပါတယ်။

“ အခုက လောလောဆည်မှာ ကျနော်တို့က အဲဒီကော်မတီကို ဖွဲ့နေပါတယ်။ ဖွဲ့ပြီးတာနဲ့ အဲဒီကော်မတီထဲကနေပြီးတော့ အမျိုးသားများ ပြည်နယ် တည်ဆောက်ဖို့အတွက် ဒါမှမဟုတ် အမျိုးသား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဒေသ တစ်ခုဖြစ်ဖို့အတွက် ကျနော်တို့ ဆောင်ရွက်သွားမှာဖြစ်တယ်ပေါ့။ အဲဒီအတွက် မူဘောင်တွေချပြီးတော့မှ ကော်မတီဖွဲ့စည်းနေပါတယ်။ ဒီလကုန်လောက်ကိုပဲ လုပ်ငန်းစနိုင်အောင်ကျနော်တို့ ကြိုးစားနေတယ်ဗျ။”

ရှမ်းနီအမျိုးသားများ ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဒေသမှာ ပါဝင်မယ့် နယ်မြေကိုတော့ အခုလို ဆက်ပြောပါတယ်။

“ ရှမ်းနီအမျိုးသားများရဲ့ဒေသတွေက လက်ရှိ စစ်ကိုင်းတိုင်း၊ စစ်ကိုင်းတိုင်း အထက်ပိုင်းရှိမယ်။ နောက် ကချင်ပြည်နယ်ရှိမယ်။ ကချင်ပြည်နယ်မှာ ကျနော်တို့ ပူတာအိုခရိုင်၊ မြစ်ကြီးနားခရိုင်၊ ဗန်းမော်ခရိုင်၊ မိုးညှင်းခရိုင်၊ ဖားကန့်ခရိုင် ဒါတွေ ရှိမယ်။ ဒီဘက်ကဆိုရင် ဟုမ္မလင်းခရိုင်ရှိမယ်။ ဒီဘက်က ခန္တီးခရိုင်တို့ ရှိမယ်။ နောက်ပြီးမှ ကသာခရိုင်တို့ ရှိမယ်ဗျ။”

ရှမ်းနီအမျိုးသားထဲမှာ တိုင်းခန္တီး၊ တိုင်းလျန်( တိုင်းနိုင်း၊ တိုင်းလိုင်)၊ တိုင်းလုံ၊ တိုင်းဆာ၊ တိုင်းနေစတဲ့ မျိုးနွယ်စုတွေ ပါဝင်မှာဖြစ်ပါတယ်။ ရှမ်းနီအမျိုးသားများ ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဒေသ ဖော်ဆောင်ဖြစ်မြောက်ရေး ကော်မတီက ရှမ်းနီအမျိုးသားများ ဒေသအကျယ်အဝန်း၊ မျိုးနွယ်အလိုက်နေထိုင်မှု၊ လူဦးရေ၊ သမိုင်းကြောင်းဖြစ်တည်မှု စတဲ့အချက်အလက်တွေ ကောက်ယူမှာဖြစ်ပါတယ်။

ကော်မတီဖွဲ့စည်းပြီးချိန်မှာ သက်ဆိုင်ရာ အစိုးရ၊ ဌာနဆိုင်ရာတွေ၊ ညီနောင်တိုင်းရင်းသားအဖွဲ့အစည်းတွေနဲ့ ဆက်သွယ်ညှိနှိုင်းဆောင်ရွက်မှာဖြစ်ကြောင်းလည်း ကြေညာချက်မှာ ဖွဲ့ပြထားပါတယ်။ ကချင်ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌဟောင်း ဦးဂွမ်ဂရာအောင်ခမ်းကတော့ သူ့အမြင်ကို အခုလို ပြောပါတယ်။

“ အဓိကကတော့ကျနော်တို့ ငြိမ်းချမ်းပြီးမှ ဒီ ဖက်ဒရယ်နိုင်ငံတည်ဆောက်ဖို့ အမြန်ဆုံးလိုပါတယ်။ ဒါမှလည်း အနာဂတ်ကို ကျနော်တို့ စကားပြောလို့ရမယ်။ ရှမ်းနီတွေရဲ့ သဘောထားတွေကိုလည်း ဒီမှာ တင်ပြလို့ ရမှာပါ။ ဒါပြီးမှ ကချင်တွေရဲ့သဘောထားတွေ၊ ဗမာပြည်ရဲ့သဘောထားတွေ အကုန်လုံး တင်ပြလို့ရမှာပါ။ ဒါမှမဟုတ်ရင် ဘာမှ စကားပြောပိုင်ခွင့်လည်း မရှိဘူး။ လုပ်ပိုင်ခွင့်တော့.. ဟို လုပ်လို့တော့ ရပါတယ်။ ဒါပေမဲ့ စိတ်ဝမ်းကွဲမယ့်ဟာမျိုး လုပ်တယ်ဆို အနာဂတ်အတွက် မကောင်းဘူးဆိုတဲ့ဟာမျိုးတော့ ကျနော် ပြောလိုပါတယ်။”

အင်္ဂလိပ်ကိုလိုနီအစိုးရလက်ထက်မှာ သီးခြားစီခွဲခြား အုပ်ချုပ်ခဲ့တဲ့ ဒေသ ၂ခုကို မြန်မာပြည် လွတ်လပ်ရေးရယူခဲ့ချိန်မှာ ပူးပေါင်းပြီး ကချင်ပြည်နယ်ဖွဲ့စည်းခဲ့တာ ဖြစ်ပါတယ်။ ဒီလို ဖွဲ့စည်းတဲ့အပေါ် ကချင်ပြည်နယ်ရှိ ရှမ်းနီတွေ့ရဲ့ သဘောထားမပါဝင်ကြောင်း ပြောဆိုတာတွေ ရှိခဲ့သလို ရှမ်းနီပြည်နယ် ဖွဲ့စည်းရေးကိုလည်း ၁၉၇၂ခုနှစ်က တောင်းဆိုခဲ့ကြပါတယ်။

၂၀၁၆ခုနှစ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- ၂၁ရာစု ပင်လုံ ပထမအစည်းအဝေးမှာလည်း တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီက မြစ်ကြီးနား၊ မိုးညှင်း၊ ဗန်းမော်၊ခန္တီး၊ တမူး၊ ကလေး၊ မော်လိုက်၊ ကသာ စတဲ့ခရိုင်တွေကို စုပေါင်းပြီး ရှမ်းနီပြည်နယ်သတ်မှတ်ဖို့ တင်ပြတာတွေ ရှိခဲ့ပါတယ်။

ရှမ်းနဲ့ ကချင်လူမျိုးတွေဟာ မြန်မာပြည်မှာသာမက အိန္ဒိယနိုင်ငံ အာသံနဲ့ အရူနာချာပရာဒေ့ရှ်ပြည်နယ် အပြင် တရုတ်နိုင်ငံ ယူနန်ပြည်နယ်တွေအတွင်းမှာလည်း အတူတကွ နေထိုင်နေကြတာ ရှိပါတယ်။

https://burmese.voanews.com/a/shanni-call-for-self-administrative-region/6916836.html

-----------------------------------------------------------------------------------------------------

## လေတပ်ကြောင့် ဖာပွန်တွင် ၅ ဥဦးသေ၊ ပညာရေးနှင့်ဘာသာရေးပစ်မှတ်များ ထိခိုက်

**ကရင်ပြည်နယ် လေကြောင်းပစ်ခတ်မှုအတွင်း သေဆုံးသူများထဲတွင် ၂ နှစ်အရွယ် ကလေးငယ်၊ သူ၏မိခင်၊ သင်းအုပ်ဆရာတော်တို့ ပါဝင်သည်၊ စာသင်ကျောင်းနှင့် ဘုရားကျောင်း ပျက်စီးသည်။**

မေယု | Published on Jan 13, 2023

ကရင်ပြည်နယ်မြောက်ပိုင်း ဖာပွန်မြို့ လေးဝါးကျေးရွာကို လေတပ်က ဇန်နဝါရီ ၁၂ မွန်းလွဲပိုင်းက တိုက်ခိုက်ရာ ၅ ဥဦး သေဆုံးပြီး အဆောက်အအုံများ ပျက်စီးသည်ဟု သိရသည်။



လေကြောင်းတိုက်ခိုက်မှုအတွင်း ထိခိုက်ပျက်စီးခဲ့ရသည့် စာသင်ကျောင်း၊ ဘာသာရေးအဆောက်အအုံများ

သေဆုံးသူများထဲတွင် ၂ နှစ်အရွယ် ကလေးငယ်နှင့် သူ၏မိခင်၊ သင်းအုပ်ဆရာတော်တစ်ပါး ပါဝင်သည်ဟု ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG နှင့် ကရင်အမျိုးသားအစည်းအရုံး KNU အရာရှိများက အတည်ပြုသည်။

ပျက်စီးသည့် အဆောက်အအုံများထဲတွင် လူနေအိမ် ၂၁ လုံး၊ အလယ်တန်းကျောင်း ၂ ကျောင်း၊ ခရစ်ယာန်ဘုရားရှိခိုးကျောင်းများ ပါဝင်သည်။

မြို့အနောက်မြောက်ဘက် မိုင် ၅၀ ကျော်အကွာရှိ ပေးကေးကျေးရွာအုပ်စု၊ လေးဝါးကျေးရွာကို စစ်ကောင်စီလေတပ်က ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု KHRG နှင့် KNU တို့မှ တာဝန်ရှိသူများက ပြောသည်။

ထိခိုက်ပျက်စီးခဲ့သည့် စာသင်ကျောင်းများသည် ကရင်ပညာရေးနှင့် ယဉ်ကျေးမှုဌာန (KECD) က ဦးစီးဖွင့်လှစ်ထားသည့် ကျောင်းများဖြစ်ပြီး ထိုနေ့က ကျောင်းပိတ်ရက်ဖြစ်သည်ဟု သိရသည်။

"စာသင်နေတဲ့အချိန်သာဆိုရင် ကလေးတွေအကုန် ထိခိုက်သေဆုံးကုန်မှာ သေချာတယ်" ဟု အဆိုပါဒေသခံများနှင့် နီးစပ်သည့် ထိုင်း-မြန်မာနယ်စပ်ရှိ ကရင်တိုင်းရင်းသားတစ်ဦးက မှတ်ချက်ပြုသည်။

စာသင်ကျောင်း ၂ ကျောင်းနှင့် ခရစ်ယာန်ဘုရားရှိခိုးကျောင်းမှာ လုံးဝ ပျက်စီးသွားခဲ့သည်ဟုလည်း KHRD တာဝန်ရှိသူက ပြောသည်။



စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးသွားသည့် ၂ နှစ်အရွယ်ကလေးငယ်၊ မိခင်နှင့် သင်းအုပ်ဆရာတို့၏ ရုပ်အလောင်း

ကြဲချသည့် ဗုံးသီး ၆ လုံးအနက် ၂ လုံးမှာ ကျေးရွာအတွင်းသို့ ကျရောက်ခဲ့သည်ဟု ဆိုသည်။ လေယာဉ် ၂ စီးဖြင့် လာရောက်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကာ ဒေသခံ ၇ ဦးလည်း ဒဏ်ရာရသွားကြောင်း KNU ပြောရေးဆိုခွင့်ရှိသူ ပဒိုမန်းမန်းက ဆိုသည်။

"လေယာဉ်နဲ့ ပစ်တယ်ပေါ့။ ထိခိုက်သေဆုံးမှုတွေရှိတယ်။ ထိခိုက်ဒဏ်ရာရတဲ့သူတွေ အနီးအနားဆေးရုံတွေမှာ ဆေးကုသနေရတယ်။ လိုအပ်ရင် နယ်စပ်ဘက်ကို ပို့ရမယ်။ ဘယ်လိုအခြေအနေရှိတယ်ဆိုတာ ကျွန်တော်တို့ရဲ့ လုံခြုံရေးအရ အကုန်လုံးပြောလို့မဖြစ်ဘူးပေါ့နော်။ ရွာသားတွေရဲ့ လုံခြုံရေးကလည်း ချင့်ချိန်ရမှာပေါ့" ဟု သူက ဆိုသည်။

လေကြောင်းတိုက်ခိုက်ခံရမှုကြောင့် လူသောမြို့နယ်၊ ပေးကေးကျေးရွာအုပ်စုများမှ ဒေသခံများ ထွက်ပြေးတိမ်းရှောင်နေရကြရသည်ဟုလည်း သိရသည်။

စစ်ကောင်စီလေတပ်က ဇန်နဝါရီလဆန်းမှာပင် KNU တပ်မဟာ (၅) ထိန်းချုပ်နယ်မြေ၊ ဖာပွန်ခရိုင်အတွင်း ကျေးရွာအချို့ကို ၃ ကြိမ် တိုက်ခိုက်ခဲ့ပြီးဖြစ်သည်။

၇ ရက်နေ့တွင် KNU က ဖာပွန်ခရိုင်၊ ဒွယ်လိုမြို့နယ်၊ မဲသူကျေးရွာအုပ်စု၊ လယ်ထူဖိုးဒေသဟု သတ်မှတ်ထားသော နေရာ တိုက်ခိုက်ခံရပြီး ကျေးရွာနေပြည်သူ ၆ ဦး သေဆုံးခဲ့သည်။

ထိုနေ့တွင်ပင် မဲဝိုင်ကျေးရွာအုပ်စုရှိ မဲဝိုင်ကျေးရွာ၊ ဒိုမယ်ခီးကျေးရွာ၊ ခလိုခီးကျေးရွာအတွင်းသို့ တိုက်လေယာဉ် ၄ စီးကို အသုံးပြုကာ ဗုံးအလုံးရေ ၅၀ ကျော်၊ ကျည်ဆံအလုံးရေ ၂၀,၀၀၀ ကျော်ဖြင့် တိုက်ခိုက်ခဲ့ကြောင်း KNU က ထုတ်ပြန်ထားသည်။

**“**စစ်ကောင်စီက အကြမ်းဖက်အဖွဲ့အစည်းဖြစ်နေတဲ့အခါကျတော့ ဒါကလည်း အံ့သြစရာမရှိပါဘူး။ စစ်ကောင်စီရဲ့လုပ်ရပ်တွေကို တော်လှန်ရေးအင်အားစုတွေသာမကဘဲ နိုင်ငံတကာအသိုင်းအဝိုင်းကလည်း အရေးယူဆောင်ရွက်ဖို့ လိုနေပြီ**”** ဟု ပဒိုမန်းမန်းက ဆက်လက်ပြောသည်။

KNU တပ်မဟာ ၇ ခုအနက် တပ်မဟာ (၅) ဒေသသည် တိုက်ပွဲဖြစ်ပွားမှု အများဆုံးနယ်မြေထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။

၂၀၂၂ မတ်လ ၂၇၊ ၂၈ နှင့် ၃၀ ရက်များတွင် စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် တပ်မဟာ (၅) နယ်မြေအတွင်း အရပ်သား ၂၀ ကျော် သေဆုံးခဲ့ဖူးသည်။

ပြီးခဲ့သည့်လများအတွင်း စစ်တပ်က စစ်ကိုင်း၊ ရှမ်း၊ ကချင်၊ ချင်း၊ ကရင် စသည့် ဒေသများကို စစ်လေယာဉ်များ စေလွှတ်ပြီး တိုက်ခိုက်လျက်ရှိရာ အရပ်သားအများအပြား သေဆုံးခဲ့သည်။ စစ်ရေးပစ်မှတ် မည်သို့ထိခိုက်သည်ကို မသိရသေးပေ။

https://myanmar-now.org/mm/news/13736

-----------------------------------------------------------------------------------------------------

## ကြာအင်းဆိပ်ကြီးမြို့နယ်တွင် တိုက်ပွဲဆက်လက်ဖြစ်ပွား၊ စစ်ကောင်စီလက်နက်ကြီးပစ်ခတ်မှု အရပ်သားထိခိုက်မှုရှိနေ

**ဇန်နဝါရီလ ၁၃ ရက်၊ ၂၀၂၃ ခုနှစ်။ ကေအိုင်စီ**



Photo: CJ

ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ အလယ်ကျေးရွာတွင် ယနေ့ ဇန်နဝါရီလ ၁၃ရက်၊ နံ နက်ပိုင်းက ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်-KNLA ပူးပေါင်းတပ်ဖွဲ့နှင့် စစ်ကောင်စီတပ်များအကြား တိုက်ပွဲဖြစ်ပွားပြီး စစ်ကောင်စီတပ်ဘက်က လက်နက်ကြီးကုန်းမှ တဆင့်အချက်ရေ (၈)ချက်ခန့် ပစ်ခတ်ခဲ့သည်ဟု နီးစပ်သည့် ဒေသခံတစ်ဦးက ယခုလို ပြော သည်။

“ဒီမနက် ၈ နာရီလောက်မှာ အလယ်ရွာမှာ တိုက်ပွဲဖြစ်တယ်။ ရွာထဲကို လက်နက်ကြီးထုနေတာ ၈ ချက်လောက်ရှိနေပြီး။ အလယ်ရွာမှာရှိတဲ့ နေအိမ်တွေလည်းဝင်မွှေသွားသေးတယ်။ ပြီးတော့ KNU ဂိတ်ကိုလည်း မီးရှို့သွားတယ်။”ဟု ၎င်းက ကေအိုင်စီသို့ ပြောသည်။

ထို့အပြင် ယမန်နေ့ကလည်း ကြာအင်းဆိပ်ကြီးမြို့နယ်၊ တံတားဦးကျေးရွာတွင် စစ်ကောင် စီတပ်၏ လက်နက်ကြီး ပစ်ခတ်မှုကြောင့် နေအိမ်(၂)လုံးနှင့် ဒေသခံပြည်သူ(၃)ဦး ထိမှန်ဒဏ်ရာရရှိခဲ့သေးကြောင်းလည်း ၎င်းဒေသခံက ဆက်ပြောသည်။

သူက “မနေ့က နေ့လည် (၁၁) နာရီမှာ စကစတွေ လက်နက်ကြီးနဲ့ပစ်တာ။ တံတားဦး ကျေးရွာမှာ ကျနော့်ကျောင်းနေဖက် သူငယ်ချင်း အိမ်ထိသွားတယ်။ သူ့အဖွားရယ် သူ့အဖေရော သူ့အမေရောထိသွားတယ်။ အခုမော်လမြိုင် ဆေးရုံမှာရောက်သွားပြီ။ စိုးရိမ်စရာတော့မရှိတော့ဘူးတဲ့။ ” ဟု ကေအိုင်စီသို့ ပြောသည်။

လက်ရှိတွင် စစ်ကောင်စီတပ်များနှင့် နယ်မြေခံတော်လှန်ရေးပူးပေါင်းတပ်ဖွဲ့များအကြား တိုက်ပွဲဖြစ်ပွားလျက်ရှိနေသေးသောကြောင့် ကြာအင်းဆိပ်ကြီးမြို့နယ် အနီးအနားဝန်းကျင်ရှိ ကျေးရွာ(၅)ရွာခန့် စစ်ဘေးလွတ်ရာသို့ ထွက်ပြေး တိမ်းရှောင်နေရသည်ဟုလည်း ဒေသခံများက ပြောသည်။

"အခုလက်ရှိရှောင်နေတာကတော့ ၅ ရွာ လောက်ရှိတယ်။ အခြေအနေကတော့ ငြိမ်နေတယ်။ စပြေးတာကတော့ ညနေက တည်းကပဲ။ ရဲဘော်တွေအလယ်ရွာရောက်တော့ စကစတွ ပြေးကြကုန်တာ"ဟု နောက်ထပ် ဒေသခံ တစ်ဦးက ကေအိုင်စီသို့ ပြောသည်။

ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ဒီဇင်ဘာလကုန်ပိုင်းမှစ၍ စစ်ကောင်စီတပ်များနှင့် တော်လှန်ရေး ပူးပေါင်းတပ်များအကြား တိုက်ပွဲကြာမြင့်လာသည့်နှင့်အမျှ ကြာအင်းဆိပ်ကြီး မြို့အနီးအနား ကျေးရွာများရှိ ဒေသခံပြည်သူများအနေဖြင့် စစ်ဘေးရှောင်ကြရသည့်အပြင် လုပ်ကိုင်စား သောက်ရန် ခက်ခဲလာ၍ စားဝတ်နေရေး အခက်အခဲများနှင့်လည်းရင်ဆိုင်ကြုံတွေ့နေရကြောင်း သိရှိရသည်။

[https://kicnews.org/2023/01/ကြာအင်းဆိပ်ကြီးမြို့နယ-6/](https://kicnews.org/2023/01/ကြာအင်းဆိပ်ကြီးမြို့နယ-6/)

---------------------------------------------------------------------------------------------------

## စစ်ကောင်စီတပ်က လူနေအိမ်များ ဖောက်ထွင်းဖျက်ဆီးပြီး လူသုံးကုန်နှင့် တန်ဘိုးရှိ ပစ္စည်းများယူဆောင်သွား

**ဇန်နဝါရီ ၁၃ ရက်၊ ၂၀၂၃ ခုနှစ်၊ ကေအိုင်စီ**



KNU-ကရင်အမျိုးသားအစည်းအရုံး ဒူးပလာယာခရိုင် ဝင်းရေးမြို့နယ် (ကြာအင်းဆိပ်ကြီးမြို့နယ်) တောင်စွန်း (လေးနော်)ရွာတွင် အခြေချတပ်စွဲသည့် စစ်ကောင်စီတပ်ဖွဲ့နှင့် နယ်ခြားစောင့်တပ်-BGF တပ်ဖွဲ့ဝင်များသည် စစ်ဘေးရှောင်နေကြသော ဒေသခံရွာသားများ၏ နေအိမ်များကို ဖောက်ထွင်း ဖျက်ဆီးပြီး လူသုံးကုန်နှင့် တန်ဘိုးရှိ ပစ္စည်းများ ယူဆောင်သွားမှုများလုပ်ဆောင်ခဲ့သည်ဟု ဒေသခံများထံမှ သိရသည်။

အဆိုပါ စစ်ကောင်စီ၊ BGF ပူးပေါင်းတပ်နှင့် KNLA-ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် ပူးပေါင်းတပ်ဖွဲ့တို့ ဇန်နဝါရီလ ၁ ရက်မှ ၄ ရက်နေ့အထိ နစ်ဖက်တိုက်ပွဲ ပြင်းထန်စွာဖြစ်ပွားခဲ့ပြီး နောက်တစ်ရက်တွင် ၎င်းစစ်ကောင်စီပူးပေါင်းတပ်ဖွဲ့က တောင်စွန်း၊ ဆင်ပြေးကျေးရွာထဲသို့ ဝင်ရောက်ကာ လူမရှိဘဲ စစ်ဘေးရှောင်ကြသည့် ဌာနေလူထုများ၏ နေအိမ်များအား ဖောက်ထွင်း ဖျက်ဆီးမှုပြုလုပ်ပြီး အဝတ်အထည်များနှင့် တန်ဘိုးရှိပစ္စည်းများအား ယူဆောင်သွားကြသည်ဟု ဒေသခံများက ပြောသည်။

" ကျနော့်အိမ်တံခါးမကြီးတွေ အကုန်ရိုက်ချိုးဖျက်ဆီးသွားတယ်။ တစ်အိမ်တက် တစ်အိမ်ဆင်းလုပ်ပြီးတော့ ရှာဖွေဖျက်ဆီးယူကြတယ်။ အိမ်ဆောက်ဖို့ ပုံထားတဲ့ သစ်တွေ အကုန်ယူသွားတယ်။ မိန်းမအသုံးအဆောင် အဝတ်ထုပ်တွေ ဆိုလာပြားဘက်ထရီ မြက်ခုတ် စက်တွေအကုန် ယူသွားတယ်။ အိပ်ယာလိပ်ထုတွေကအစ ယူသွားတာပါ။ သူတို့ရှိနေတော့ ခုထိရွာသားတွေ မပြန်လာရဲသေးဘူး" ဟု ဆင်ပြေးရွာသူတစ်ဦးက ကေအိုင်စီသို့ ပြောသည်။

တောင်စွန်းရွာတွင် ဖြစ်ပွားခဲ့သော နှစ်ဖက်တိုက်ပွဲတွင် စစ်ကောင်စီဘက်မှ ကျေးရွာထဲသို့ စစ်သုံးလေယာဉ်များဖြင့် လာရောက်ဗုံး ကြဲတိုက်ခိုက်သည့်အတွက် တောင်စွန်းရွာရှိ လူနေအိမ် ၁၀ လုံးကျော် မီးလောင်ပျက်စီးခဲ့ ပြီး ဥယျာဉ်ခြံအများအပြားလည်း ထိခိုက်ပျက်စီးသွားခဲ့သည်ဟု စစ်ရှောင်ကူညီသူများထံမှ သိရသည်။




ထို့အပြင် တောင်စွန်း၊ ဆင်ပြေးရွာရှိ လူနေအိမ်များအား ဇန်နဝါရီ ၅ ရက်မှ ၁၁ ရက်နေ့အထိ ရှာဖွေ မွှေနှောက် ဖျက်ဆီးမှုများ လုပ်ဆောင်ပြီး တန်ဘိုးရှိပစ္စည်းများအား နည်းအမျိုးမျိုးဖြင့် ယူဆောင်သွားလျက်ရှိသည်ဟု တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့က ဖမ်းဆီးရမိထားသော စစ်ကောင်စီတပ်အတွက် ရိက္ခာပို့ပေးနေသူများထံမှ သိရသည်။

လက်ရှိ တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့က ဖမ်းဆီးထိန်းသိမ်းထားသည့် စစ်ကောင်စီတပ်အတွက် ရိက္ခာပို့ပေးနေသူတစ်ဦးက “ သူတို့က ရိက္ခာမှာလို့ လာပို့ပေးတယ်။ ဟိုရောက်တော့ အထုပ်ကြီးတစ်ခုနဲ့ ဆိုင်ကယ်တစ်စီး ယူသွားပေးဖို့ ခိုင်းတော့ ယူလာပေးလိုက်တယ်။ ဖမ်းဆီးခံရတဲ့အခါမှ အထုပ်မှာ ပိုက်ဆံအိတ်တွေ၊ အမျိုးသမီးထဘီအဝတ်အစားတွေ ပါမှန်းသိရတယ်။ သူတို့စခန်းမှာ အမျိုးသမီးတစ်ယောက်မှ မတွေ့ရပါဘူး။ ဆိုင်ကယ်ရော၊ ပစ္စည်းထုပ်တွေရော လူထုဆီက ယူထားတဲ့ ပစ္စည်းဖြစ်ဖို့များတယ်”ဟု ထုတ်ဖော်ပြောဆိုထားသည်။

တောင်စွန်းရွာတွင် တိုက်ပွဲဖြစ်ပွားမှုကြောင့် မီးလောင်ပျက်စီးသွားသည့် စစ်ကောင်စီ၏ တောင်စွန်း ပင်မစခန်းအား ပြန်လည်ပြုပြင်တည်ဆောက်ရန်အတွက် ဆင်ပြေး၊ ခုခံ၊ သံပုရာ၊ တောင်စွန်းနှင့် အခြားကျေးရွာများရှိ ဌာနေလူထုများကို စစ်ကောင်စီမှ သစ်၊ ဝါးနှင့် ခြံစည်းရိုးတန်းများအား စခန်းသို့ လာရောက်ပို့ပေးရန် ကျေးရွာအလိုက် ခွဲတမ်းချမှတ်ပြီး အဓမ္မခိုင်းစေ ပြုလုပ်နေသည်ဟုလည်း ရွာသားများထံမှ သိရသည်။

https://kicnews.org/2023/01/စစ်ကောင်စီတပ်က-လူနေအိမ-2/

------------------------------------------------------------------------------------------------------

## ကော့ကရိတ်ဒေသ စစ်ရှောင်အမျိုးသမီးများ ရပ်တည်ရေးအတွက် ခက်ခဲနေ

**ဇန်နဝါရီလ ၁၃ ရက်၊ ၂၀၂၃ခုနှစ်။ ကေအိုင်စီ**



ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့အနီးကျေးရွာများတွင် တိုက်ပွဲများကြောင့် အိုးအိမ်စွန့်ခွာ ထွက်ပြေး တိမ်းရှောင်နေကြရသည့် ဒေသခံအမျိုးသမီးများသည် စစ်ရှောင်ကာလ ကြာလာသည့်နှင့်အမျှ စားဝတ် နေရေးအတွက် ရပ်တည်ရန် အခက်အခဲများရှိလာနေကြောင်း စစ်ဘေးရှောင်အမျိုးအမီးများက ပြောသည်။

ပြီးခဲ့သည့် ဒီဇင်ဘာလ ၁၆ ရက်တွင် ပြန်လည်ဖြစ်ပွားသည့် တကျော့ပြန်တိုက်ပွဲကြောင့် စစ်ဘေးရှောင်နေရသည့် သက်ကြီးရွယ်အိုနှင့် အိမ်ထောင်မပြည့်စုံသည့် အမျိုးသမီးများသည် လက်ရှိအချိန်တွင် စားဝတ်နေရေးအတွက် အနိုင်နိုင်ကြိုးစားရုန်းကန်နေရပြီး နေအိမ်များ မီးရှို့ဖျက်ဆီးခံရခြင်းနှင့် နေအိမ်များ လက်နက်ကြီးကျည် ထိမှန်ပျက်စီးသည့်အတွက် ရှေ့ဆက်နေထိုင်ရပ်တည်ရန် အလွန်ခက်ခဲကြောင်း ဒေသခံအမျိုးသမီးများက ပြောသည်။

နေအိမ်မီးရှို့ဖျက်ဆီးခံခဲ့ရသူ အမျိုးသမီးတစ်ဦးက "အိမ်လည်းမရှိတော့ဘူး။ ရှိသမျှလည်း အကုန်ပါသွားပြီး။ ရွာမှာပြန်နေလို့ရရင်တောင် နေစရာမရှိဘူး၊ အခုလည်း တိမ်းရှောင်နေရဆဲပဲ။ စားစရာကုန်သွားရင် ငတ်ပြတ်ပြီးသေဖို့ပဲရှိတယ်။ ကြိုးဆွဲချပြီးတောင်သေချင်တယ်" ဟု ကေအိုင်စီသို့ ပြောသည်။

အိမ်ထောင်ပြည့်စုံမှုမရှိသည့် စစ်ရှောင်အမျိုးသမီးများနှင့် သက်ကြီးရွယ်အိုများသည် အခြားသူများထက် နေထိုင်ရပ်တည်ရေးအတွက် ပိုမိုအခက်အခဲရှိကြောင့် ဝိုင်းဝန်းကူညီမှုအပိုင်းတွင် ဦးစားပေးလုပ်ဆောင်သင့်ကြောင်း ကော့ကရိတ်မြို့နယ် တောင်ပိုင်း စစ်ဘေးရှောင်ကူညီးထောက်ပံ့ရေးအဖွဲ့က ပြောသည်။

"အမျိုးသမီးတွေက ယောက်ျားလို သစ်ပင်အောက်၊ ဝါးပင်အောက်နေလို့ အဆင်မပြေဘူး။ စိတ်ပိုင်းရော၊ ရုပ်ပိုင်းရော ယောက်ျားတွေထက် ပိုပြီးထိခိုက်တယ်။ မုဆိုးမဆိုရင် စစ်ဘေးရှောင်ပြီး တဲထိုးရမယ်ဆိုရင် တဲထိုးဖို့၊ ဝါးခုတ်ဖို့ အမိုးမိုးဖို့ ယောကျ်ားလို လုပ်နိုင်ဖို့ ခက်ခဲတယ်။ ငွေရေး၊ ကြေးရေးလည်း ခက်ခဲတယ်။ မုဆိုးမဖြစ်တဲ့အမျိုးသမီးကို ပိုပြီးဦးစားပေးသင့်တယ်။ ကျေးရွာအုပ်ချုပ်ရေးပိုင်း၊ ရွာမိရွာဖ၊ ဆွေမျိုးသား ချင်းများဝိုင်းပြီးပြုစုစောင့်ရှောက်ဖို့လိုတယ်။"ဟု ပြောသည်။

ထို့အပြင် ကော့ကရိတ်ဒေသအတွင်း အိမ်ထောင်ဦးစီးလုပ်နေရသည့် စစ်ရှောင်အမျိုးသမီးများသည် မိသားစု ရပ်တည်နေထိုင်ရေးအတွက် ခက်ခဲသလို အိမ်ထောင်သည် အမျိုးသမီးများသည်လည်း ကုန်ဈေးနှုန်းမြင့်တက်လာမှုကြောင့် အလားတူ အခက်အခဲကြုံတွေ့ရသည်ဟု ကရင်အမျိုးသမီးအစည်း အရုံး-KWO ကလည်း ယခုလိုပြောသည်။

"အိမ်တစ်အိမ်မှာ လင်က ဆုံးပါးသွားတယ်။ အဲ့လိုအိမ်ထောင်ဦးစီးလုပ်ရတဲ့အမျိုးသမီးတွေ စားဝတ်နေ ရေး ပိုခက်တယ်။ တစ်ချို့သောအိမ်ထောင်သည်တွေလည်း ကုန်ဈေးနှုန်းကြောင့် အလုပ်လည်း အဆင်မ ပြေဘူး။ စားဝတ်နေရေးအခက်အခဲများစွာရှိနေတယ်"ဟု ကော့ကရိတ်မြို့နယ် KWO အဖွဲ့ တာဝန်ရှိသူ တစ်ဦးက ပြောသည်။



ကော့ကရိတ်ဒေသတွင် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့မှစတင်ကာ တကျော့ပြန် ပြန်လည်ဖြစ်ပွားသည့် တော်လှန်ရေး ပူးပေါင်းတပ်ဖွဲ့နှင့် စစ်ကောင်စီတို့ကြား တိုက်ပွဲအတွင်း စစ်ကောင်စီဘက်မှ လက်နက်ကြီးပစ်ခတ်မှုအပြင် လေကြောင်းတိုက်ခိုက်မှုပါ အပြင်းအထန်လုပ်ဆောင်ခဲ့သည်။

ထိုသို့ ပစ်ခတ်တိုက်ခိုက်မှုကြောင့် သံဃာတော်အပါအဝင် အရပ်သား ၃ ဦးသေဆုံးကာ ၁၈ ဦးကျော် ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု ဒေသခံများက ပြောသည်။ ထို့အပြင် အရပ်သားနေအိမ်၊ ဥယာဉ်ခြံ၊ အိမ်မွေးတိရိစ္ဆာန်အများအပြား ထိခိုက်သေဆုံးမှုရှိခဲ့သလို အမျိုးသမီးနှင့် ကလေးငယ်များ ၊ သက်ကြီး ရွယ်အိုများအပါအဝင် ထောင်နှင့်ချီသော ဒေသခံအရပ်သားပြည်သူများမှာ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။

ထိုသို့ တိုက်ပွဲဖြစ်ပွားရာတွင် စစ်ကြောင်းထိုးလာသည့် စစ်ကောင်စီတပ်ဖွဲ့ဝင်များသည် ကော့ကရိတ်မြို့အနီးရှိ ကော့နွဲ့ကျေးရွာမှ လူနေအိမ် (၂၈) နီးပါးကို မီးရှို့ဖျက်ဆီးမှုလုပ်ဆောင်ခဲ့သလို လူနေအိမ်ရှိ လူသုံးကုန်နှင့် တန်ဘိုးရှိပစ္စည်းများကိုလည်း ယူဆောင်သွားခဲ့သေးသည်ဟု ဒေသခံများက ပြောသည်။

လက်နက်ကြီးကြောင့် နေအိမ်ပျက်စီးသွားခဲ့သည့် ရွာသားတစ်ဦးကလည်း "အိမ်တော့မီးရှို့မခံရဘူး။ လက်နက်ကြီးထိလို့ အားလုံးပျက်စီးနေတယ်။ ဘယ်လိုမှပြန်နေလို့မရတော့ဘူး။ ပြန်ပြင်ရင် အများကြီးကုန်မယ်။ အိမ်ပေါ်တက်တာ သတိထားပြီးတက်နေရတယ်။ မီးရှို့ခံရတဲ့အိမ်နဲ့ လက်နက်ကြီး ထိပြီးပျက်စီးတာ ရွာမှာရှိတဲ့အိမ်တွေအကုန်ပဲ"ဟု ကေအိုင်စီသို့ ပြောသည်။

စစ်တပ် အာဏာသိမ်းပြီးနောက်ပိုင်း ကော့ကရိတ်မြို့နယ်တွင် တိုက်ပွဲများ ပြင်းထန်လာ၍ ဒေသခံပြည်သူများမှာ မကြာခဏ နေရပ်စွန့်ခွာတိမ်းရှောင်နေကြရပြီး လက်ရှိအချိန်ထိ အများစုမှာ ၎င်းတို့နေအိမ်ကို မပြန်နိုင်သေးဘဲ ဒုက္ခများစွာကြုံတွေ့နေရကြောင်း စစ်ဘေးရှောင်ပြည်သူများက ပြောသည်။

လက်ရှိကော့ကရိတ်ဒေသတွင် စစ်ဘေးရှောင်အရပ်သားပြည်သူ (၅,၀၀၀)ဝန်းကျင်ရှိပြီး အမျိုးသမီးဦးရေမှာ (၆၀)ရာခိုင်နှုန်းရှိသည်ဟု စစ်ရှောင်ကူညီကယ်ဆယ်ရေးလုပ်ဆောင်နေသူများက ပြောသည်။

https://kicnews.org/2023/01/ကော့ကရိတ်ဒေသ-စစ်ရှောင်အ/

---------------------------------------------------------------------------------------------------

## CNF ဌာနချုပ်အား ဒုတိယအကြိမ် ဗုံးကြဲတိုက်ခိုက်မှုတွင် ဆေးရုံတရုံ ထိမှန်ပျက်စီး

By ဇေရာဝတီ | 13 January 2023

စစ်ကောင်စီက အိန္ဒိယ- မြန်မာနယ်စပ်တွင် အခြေစိုက်ထားသည့် ချင်းအမျိုးသား တပ်ဦး (CNF) ဗဟိုဌာနချုပ်ကို ဒုတိယအကြိမ် ဗုံးကြဲတိုက်ခိုက်မှုတွင် ဆေးရုံတရုံလည်း ထိခိုက်ပျက်စီးသွားသော်လည်း လူအသေအပျောက် အထိအခိုက် မရှိကြောင်း သိရသည်။

CNF ပြောရေးဆိုခွင့်ရှိသူ ဆလိုင်းထက်နီက “ညနေ ၅ နာရီကနေ ၈ ကြဲတာ။ ဂျက် ၃ စီးနဲ့ပေါ့။ ၂ စီးပဲ ကြဲတယ်။ အရပ်ဘက်နေရာတွေကို ကြဲသွားတာပါ။ ဆေးရုံအဆောင်တချို့ ပျက်စီး မီးလောင်ပါတယ်။ အသေအပျောက် ထိခိုက်မှုတော့ မရှိပါဘူး” ဟု ပြောသည်။

ဇန်နဝါရီလ ၁၀ ရက် ညနေပိုင်းက ဗစ်တိုးရီးယားစခန်းကို ပထမအကြိမ် ဗုံးကြဲတိုက်ခိုက် ခဲ့ရာ CNF ရဲဘော် ၅ ဦး ကျဆုံးခဲ့သည်။

CNF နှင့် နီးစပ်သည့် သတင်းရင်းမြစ်တဦးကလည်း CNF သည် စစ်ကောင်စီလေယာဉ်များ၏ ပထမအကြိမ် ဗုံးကြဲခံရပြီး နောက်တွင် ယခင်ကထက် လေကြောင်းရန် သတိထားခဲ့သဖြင့် လူသေပျောက်မှု မရှိခဲ့ကြောင်း၊ သို့သော်လည်း ဗုံးဒဏ်ကြောင့် CNF ဆေးရုံနှင့် လူနေလိုင်းခန်းအချို့ ပျက်စီးခဲ့ရကြောင်း ပြောသည်။

၎င်းက “အဆောက်အဦးတချို့ CNF ရဲဘော်တွေနေတာ မဟုတ်ဘဲ။ တခြား အရပ်သားတွေနေတဲ့ Family Line ပေါ့။ အဲဒီမှာ တလုံးကျတယ်။ အဲဒီမှာတော့ အဆောက်အဦး ၄ လုံး လုံးဝ ပျက်စီးသွားတယ်။ အပေါ်ဆေးရုံဘက်ကိုတော့ ၂ လုံးကျပါတယ်။ ပြင်ပလူနာဌာနက အဆောက်အဦးတွေ ထိခိုက်ပါတယ်။ လက်ရှိမှာဆိုရင်တော့ သုံးလို့ မရတော့ဘူးပေါ့” ဟု ဆိုသည်။

လတ်တလောတွင် စစ်ကောင်စီလေတပ်၏ လေကြောင်း တိုက်ခိုက်မှုကို CNF တပ်ဖွဲ့ဝင်များက စိုးရိမ်ထိတ်လန့်မှု မရှိသော်လည်း အရပ်သားများက စိုးရိမ်ထိတ်လန့်နေကြောင်း CNF နှင့် နီးစပ်သည့် သတင်းရင်းမြစ်တဦးက ပြောသည်။

NUG ပြောရေးဆိုခွင့်ရှိသူ ဦးနေဘုန်းလတ်ကလည်း CNF ဌာနချုပ်အား စစ်ကောင်စီတပ်က ဗုံးကြဲတိုက်ခိုက်ခြင်းသည် ဂုဏ်သိက္ခာမဲ့သည့် စစ်တပ်တခုအဖြစ် သက်သေပြနေသည့် လုပ်ရပ်သာ ဖြစ်ကြောင်း ဧရာဝတီသို့ ပြောသည်။

၎င်းက “အခုကတော့ စစ်ရေး ပစ်မှတ်မဟုတ်တဲ့ ဆေးပေးခန်းကို ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်ခဲ့တာပေါ့။ ရှေ့မှာ လည်း ကျောင်းသူ/ကျောင်းသား၊ ကလေးတွေ စာသင်နေတဲ့ နေရာကို ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်ခဲ့တဲ့ လက်ယက် ကုန်းဖြစ်စဉ်လည်း ပေါ်ပေါက်ခဲ့တယ်။ ဘာသာမရွေးပေါ့။

ဘာသာရေးအဆောက်အအုံတွေကို ပစ်ခတ်တိုက်ခိုက်ခဲ့တာ ရှိတယ်။ ဒါတွေအပြင် တချို့ရွာတွေမှာ အရပ်သားတွေကို လူသားဒိုင်းအနေနဲ့ တိုက်ခိုက်မှုရန်က ကာကွယ်ဖို့ လုပ်ခဲ့တဲ့ သက်သေများစွာ ရှိပါတယ်။ မင်းအောင်လှိုင် ဦးဆောင်တဲ့ အကြမ်းဖက်စစ်တပ်ဟာ အစွန်းရောက် အဖွဲ့အစည်းဖြစ် တယ်ဆိုတာ သူတို့ရဲ့ လုပ်ရပ်တွေနဲ့ သက်သေပြနေတာပဲ ဖြစ်ပါတယ်" ဟု ဆိုသည်။



CNF ဆေးရုံအဆောက်အအုံ ဗုံးကြဲတိုက်ခိုက်ခံရစဉ် (ဓာတ်ပုံ- CJ)

အမျိုးသား ညီညွတ်ရေး အစိုးရ (NUG) ကလည်း အိမ်နီးချင်းနိုင်ငံ လေပိုင်နက်ကို အသုံးပြုကာ CNF ဌာနချုပ်အား ဗုံးကြဲသည့် စစ်ကောင်စီအပေါ် သက်ဆိုင်ရာနိုင်ငံများ ပြင်းထန်စွာ အရေးယူရန် ဇန်နဝါရီလ ၁၂ ရက်တွင် ကြေညာ ချက် ထုတ်ပြန် တိုက်တွန်းသည်။

စစ်ကောင်စီသည် ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းနှင့် မကွေးတိုင်းတို့တွင်လည်း လေကြောင်းဖြင့် ဗုံးကြဲ တိုက်ခိုက်မှုများ ကြိမ်ဖန်များစွာပြုလုပ်ခဲ့ကြောင်း NUG ၏ ထုတ်ပြန်ချက်တွင် ပါရှိသည်။

စစ်ကောင်စီတပ်၏လေကြောင်း တိုက်ခိုက်မှုများကြောင့် လူဦးရေ ၄၆၀ ကျော်ထိ သေဆုံးခဲ့ရပြီး စစ်ကောင်စီ၏ လေ ကြောင်းအသုံးပြု ဗုံးကြဲတိုက်ခိုက်နေမှုများအား ပြင်းထန်စွာ ရှုတ်ချကြောင်း NUG က ဆိုသည်။

မြန်မာနိုင်ငံ အခြေစိုက် စစ်ရေးလေ့လာသူများကလည်း စစ်ကောင်စီသည် ၎င်းတို့ကို တော်လှန်တိုက်နေသည့် တိုင်း ရင်းသားလက်နက်ကိုင်အဖွဲ့များအား ခြေလျင်တပ်ဖြင့် မတိုက်ခိုက်နိုင်သဖြင့် လေကြောင်းတိုက်ခိုက်မှုများ သုံးကာ ဖိအားပေးနေခြင်း ဖြစ်ကြောင်း ပြောသည်။

စစ်ကောင်စီဘက်က လေကြောင်း တိုက်ခိုက်မှုများ တိုးလုပ်နေသော်လည်း EAO များသည် စစ်ကောင်စီ၏ ဖိအားပေး မှုကို လက်မခံဘဲ ပြန်လည်တုံ့ပြန်သွားမည့် အခြေအနေရှိကြောင်း စစ်ရေးလေ့လာသူအချို့က ဆိုသည်။

စစ်ရေး လေ့လာသူတဦးက "လေကြောင်း တိုက်ခိုက်မှုတွေ လုပ်လာတာကို EAO တွေက နိုင်ငံရေးအရတော့ ပြင်းပြင်း ထန်ထန် ဆန့်ကျင်ကြမှာပဲ။ ဘာကြောင့်လဲဆိုတော့ တနစ်တာ အပစ်အခတ်ရပ်စဲတယ်ဆိုပြီး တိုက်ပွဲဖြစ်တဲ့နေရာတွေ ကို ဗုံးလိုက်ကြဲနေတာကိုး။ ဒါကြောင့် နိုင်ငံရေးအရ ပိုပြီး အယုံအကြည် ရှိကြမှာ မဟုတ်ဘူး။ နောက်တခုက လေ ကြောင်း တိုက်ခိုက်မှုကို ကာကွယ်ဖို့ ပြင်ဆင်ကြမယ် ထင်ပါတယ်" ဟု ဆိုသည်။

ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာ ၂၃ ရက်ညကလည်း ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ အနန့်ပါ (A Nang Pa) ကျေးရွာ၌ ကချင်လွတ်လပ်ရေးအဖွဲ့ (KIO/KIA) ဖွဲ့စည်းခြင်း ၆၂ နှစ်ပြည့် အထိမ်းအမှတ်ပွဲကျင်းပနေစဉ် စစ်ကောင်စီ တပ် တိုက်လေယာဉ်များ ဗုံးကြဲတိုက်ခိုက်ခဲ့သဖြင့် KIO/KIA အရာရှိများ၊ အနုပညာရှင်များအပါအဝင် အရပ်သား ပြည်သူ ၁၀၀ ကျော်သေဆုံးခဲ့ကာ ထိခိုက်ဒဏ်ရာရရှိသူအများအပြားလည်း ရှိခဲ့သည်။

၎င်းက CNF သည် တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ကို အယုံအကြည် မရှိဘဲ နွေဦးတော်လှန်ရေးတွင် ပါဝင်လာသဖြင့် ယခုကဲ့သို့ စစ်ကောင်စီဘက်က ဗုံးကြဲတိုက်ခိုက်လာခြင်း ဖြစ်ကြောင်း ရှင်းပြသည်။

https://burma.irrawaddy.com/news/2023/01/13/257270.html

-----------------------------------------------------------------------------------------------------------

## လေကြောင်းတိုက်ခိုက်မှုကြောင့် ကျဆုံးရဲဘော်များအတွက် ဝမ်းနည်းခြင်းအဖြစ် ဟားခါးမြို့က ဈေးဆိုင်ပိတ်ထားသူ ၁၇ ဦး ဖမ်းဆီးခံရ

By ယောလင်းထန်း (မတူပီ) |13 January 2023



မဇ္ဈိမ။ ။ ချင်းပြည်နယ်တွင် CNF/CNA ဌာနချုပ်ကို လေကြောင်းတိုက်ခိုက်ခံရချိန်တွင် ကျဆုံးခဲ့သည့်ရဲဘော်များအတွက် ဝမ်းနည်းခြင်းအဖြစ် ဇန်နဝါရီလ ၁၁ ရက်နေ့က ဈေးဆိုင်ပိတ်ထားသည့် ဟားခါးမြို့က ဆိုင်ရှင် ၁၇ဦးကို စစ်ကောင်စီတပ်ဖွဲ့ဝင်များက ယမန်နေ့ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ရဲစခန်းသို့ ဖမ်းဆီးခေါ်ဆောင်သွားကြကြောင်း သိရသည်။

စစ်ကောင်စီတပ်ဖွဲ့က CNF/CNA ဌာနချုပ်ကို လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ရာ ရဲဘော် ငါးဦးကျဆုံးပြီး၊ ၁၀ဦး ဒဏ်ရာရရှိသွားခဲ့ ခြင်းဖြစ်သည်။

သည့်အပြင် စစ်ကောင်စီတပ်ဖွဲ့က နေအိမ်တစ်အိမ်လုံးကိုလည်း'' အကြမ်းဖက်မှုကျူးလွန်သူတစ်ဦးအား ပုန်းအောင်းခွင့်ပေးခြင်းနှင့် ယာယီနေထိုင်ခွင့်ပေးကြောင်း ဖော်ထုတ်ရရှိသည့်အတွက် အကြမ်းဖက်မှုဥပဒေပုဒ်မ (၅၂)အရ နေအိမ်အဆောက်အဦပိုင်ရှင်အား အရေးယူမည့်အပြင် ပုဒ်မ(၅၆)အရ နေအိမ်အဆောက်အဦအား နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းမည်ဖြစ်သည်''ဟု ချိပ်ပိတ်စာကပ်ထားကြောင်း သိရသည်။

''ကျွန်တော်တို့သိတာကတော့ ၁၁ရက်နေ့မှာ ဆိုင်ခန်းပိတ်ထားတဲ့သူတွေကို စစ်တပ်က ဓာတ်ပုံတွေရိုက်ပြီး နောက်နေ့မှာပဲ ရဲစခန်းကိုခေါ်သွားကြတယ်။ ၁၇ ယောက်ပါသွားတယ်ကြားတယ်။ အခုလက်ရှိအချိန်ထိတော့ ပြန်လွတ်လာတာ မကြားသေးဘူး''ဟု ဟားခါးဒေသခံတစ်ဦးက ပြောသည်။

ဇန်နဝါရီ ၁၀ရက်နေ့ လေကြောင်းတိုက်ခိုက်မှုတွင် ကျဆုံး ဒဏ်ရာရသူများအတွက် ဝမ်းနည်းခြင်း အထိမ်းအမှတ်အနေဖြင့် ဟားခါးမြို့ရှိ ဆိုင်ခန်းများနှင့် ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းများ မဖွင့်လှစ်ကြရန် ဇန်နဝါရီလ ၁၁ ရက်နေ့က'' Halkha Campaign For Justice page'' က တိုက်တွန်းထားခြင်းဖြစ်သည်။

ချင်းအမျိုးသားတပ်ဦး ဌာနချုပ်တည်ရှိရာ(Camp Victoria) စခန်းကို တိုက်လေယာဉ်များဖြင့် နှစ်ရက်ဆက်တိုက် ဗုံးကြဲတိုက်ခိုက်ခဲ့သည့်အတွက် ရဲဘော် ငါးဦးသေဆုံးပြီး ၁၀ဦးထက်မနည်းဒဏ်ရာရရှိခဲ့ကာ ဆေးပေးခန်းအချို့ထိခိုက်ပျက်စီးခဲ့ကြောင်းလည်း သိရသည်။

https://www.mizzimaburmese.com/article/122192

-----------------------------------------------------------------------------------------------------

## ခမရ ၂၆၆ တပ်သားတဦး လက်နက်ခဲယမ်းအပြည့်အစုံဖြင့် ပြည်သူ့ရင်ခွင်ခိုလှုံ

Published By DVB | 13 January, 2023

ချင်းပြည်နယ် ဟားခါးအခြေစိုက် ခမရ ၂၆၆ တပ်ရင်းက စစ်ကောင်စီတပ်သားတဦး DF-Zophei ဆီ လက်နက်ခဲယမ်းအပြည့်စုံနဲ့ အလင်းဝင်ရောက်ပြီး ပြည်သူ့ရင်ခွင်ခိုလှုံခဲ့တယ်လို့ CDF-Zophei က ပြောပါတယ်။

ဟားခါးမြို့နယ်အခြေစိုက် ခမရ ၂၆၆ က စစ်ကောင်စီတပ်သားတယောက်ဟာ စစ်အာဏာရှင်ရဲ့ လက်အောက်မှာတာဝန်ထမ်းဆောင်လိုစိတ်မရှိတော့လို့ ဇန်နဝါရီ ၆ ရက်နေ့မှာ လက်နက်ခဲယမ်းအပြည့်စုံနဲ့ အလင်းဝင်ရောက်ခဲ့တာလို့ CDF-Zophei ရဲ့ ပြန်ကြားရေးတာဝန်ခံက ပြောပါတယ်။



စစ်ကောင်စီတပ်သားဟာ MA1 သေနတ်တလက်၊ ကျည်ဘောက် ၄ ခု၊ ကျည်ဆန်တွေနဲ့ အတူ အလင်းဝင်ရောက်ခဲ့လို့ ထိုက်သင့်တဲ့ ဂုဏ်ပြုဆုငွေ ချီးမြှင့်ပေးပြီး အေးချမ်းလုံခြုံတဲ့ လွတ်မြောက်နယ်မြေကို ပို့ဆောင်ပေးသွားမယ်လို့ ဆိုပါတယ်။

နောက်နောင်မှာလည်း စစ်အာဏာရှင်လက်အောက်ကနေ ရုန်းထွက်ပြီး လက်နက်ခဲယမ်းအပြည့်စုံနဲ့ အလင်းဝင်လာမယ့် စစ်ကောင်စီတပ်သားတွေနဲ့ရဲတပ်ဖွဲ့ဝင်တွေကို ထိုက်သင့်တဲ့ ဂုဏ်ပြုဆုငွေချီးမြှင့်ပြီး လွတ်မြောက်နယ်မြေကို ပို့ဆောင်ပေးမယ်လို့ ဆိုပါတယ်။

စစ်အာဏာသိမ်းပြီးနောက် စစ်ကောင်စီတပ်ကို အာဏာဖီဆန်ပြီး ပြည်သူ့ရင်ခွင် ခိုလှုံလာတဲ့ စစ်သားနဲ့ ရဲတပ်ဖွဲ့ဝင် အရေအတွက် သောင်းနဲ့ချီရှိနေပြီဖြစ်ပါတယ်။

လက်ရှိမှာတော့ ပြည်သူလူထုကို အကြမ်းဖက်သတ်ဖြတ်နေတဲ့ စစ်ကောင်စီရဲ့ လုပ်ရပ်တွေကို မလိုလား မနှစ်မြို့ကြတဲ့ အရာရှိ၊ စစ်သည်တွေ၊ ရဲတပ်သားတွေဟာ သူတို့ရဲ့ ဂုဏ်သိက္ခာ၊ မျိုးဆက်တွေရဲ့ ဂုဏ်သိက္ခာကို ပြန်လည်ရယူဖို့ စစ်အာဏာရှင်ရဲ့ လက်ကိုင်တုတ်အဖြစ်က ရုန်းထွက်ပြီး ပြည်သူ့ဘက် ကူးပြောင်းရပ်တည်လာတာ တဖြည်းဖြည်း များပြားလာနေတာပါ။

တပ်မတော်ကို အလွဲသုံးစားပြုလုပ်နေတဲ့ လက်တဆုပ်စာ စစ်ဗိုလ်ချုပ်တစုရဲ့ လက်ကိုင်တုတ် ခါးပိုက်ဆောင်တပ်အဖြစ်မှ ရုန်းထွက်ပြီး ပြည်သူ့ရင်ခွင် အမြန်ဆုံးခိုဝင်ကြဖို့ တပ်မတော်သားတွေ၊ ရဲတပ်သားတွေကို အမျိုး သားညီညွတ်ရေးအစိုးရ (NUG) က  တိုက်တွန်းနှိုးဆော်ထားပါတယ်။

ဒါ့အပြင် အင်အားကြီး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေဖြစ်ကြတဲ့ ကချင်လွတ်မြောက်ရေး တပ်မတော် (ကေအိုင်အေ)နဲ့ ကရင်အမျိုးသားအစည်းအရုံး (ကေအန်ယူ) တို့လို အဖွဲ့အစည်းတွေကလည်း စစ်အာဏာရှင် ဆန့်ကျင်ကာ ပူးပေါင်းလိုတဲ့ ရှေ့တန်းရောက် မြန်မာ့တပ်မတော်သားတွေ၊ ရဲတပ်သားတွေကို လက်ကမ်းကြိုဆိုနေကြပါတယ်။

https://burmese.dvb.no/archives/573277

------------------------------------------------------------------------------------------------

## အေအေ ဖမ်းဆီးထားသည့် ပါတီခေါင်းဆောင် ၂ ဦး ပြန်လွတ်ရန် တရုတ်ကို အကူအညီ တောင်းထားဟု ဒေါက်တာအေးမောင်ပြော

Published By DVB | 13 January, 2023



ရက္ခိုင့်တပ်တော် (အေအေ) က ဖမ်းဆီးထိန်းသိမ်းထားတဲ့ ပါတီခေါင်းဆောင်နှစ်ဦး ပြန်လည်လွတ်မြောက်လာဖို့အတွက် တရုတ်ပြည်သူ့ကွန်မြူနစ်ပါတီ (CPC) ထံမှာ အကူအညီ တောင်းခံထားတယ်လို့ ရခိုင့်ဦးဆောင်ပါတီ ဥက္ကဋ္ဌ ဒေါက်တာအေးမောင်က ပြောပါတယ်။

ဖမ်းဆီးခံထားရတဲ့ ပါတီခေါင်းဆောင်နှစ်ဦးမှာ ရခိုင့်ဦးဆောင်ပါတီရဲ့ ဒုဥက္ကဋ္ဌဖြစ်သူ ဦးကျော်ဇောဦးနဲ့ ပါတီဗဟိုအကြံပေးကောင်စီဝင် ဦးကျော်လွင်တို့ နှစ်ဦးကို ရက္ခိုင့်တပ်တော် ဖမ်းဆီးထိန်းသိမ်းထားမှုကနေ

လွတ်မြောက်ဖို့အတွက် တရုတ်သံအမတ်က တဆင့် တရုတ်ပြည်ကွန်မြူနစ်ပါတီ (CPC) ထံ အကူအညီတောင်းထားတယ်လို့ ဆိုပါတယ်။

“CPC နဲ့ ကျနော်တို့က မိတ်ဘက်ပါတီတွေဗျာ။ အဲတော့ သူတို့ဘက်ကမေးတယ်။ ဦးကျော်ဇောဦး ဒီလိုမျိုး သတင်းတွေမှာပါတယ် ဟုတ်လားပေါ့။ ကျနော်တို့ကလည်း ဟုတ်တယ်။ ကျနော်တို့ဆီက နစ်ယောက် ULA ဘက်က ဖမ်းထားတာရှိတယ်။ ဘာမှလည်း အပြစ်မရှိဘူး။ ဒီလို လူမှုကွန်ရက်မှာ ဒီအကြောင်းကြောင့်ဖြစ်တယ်။ သူတို့က သူလျှိုလုပ်လို့လားဆိုတော့ မဟုတ်ဘူး ဒီကြောင့်ဖြစ်တယ်။ အဲဒါကို ခင်ဗျာတို့ဘက်က အစိုးရကိုတင်ပြဖို့ သံအမတ်ကြီးကို ပြောပေးပါ။ သံအမတ်ကြီးကို ပြောပြီးပြီ။ အဲဒါကို ပြန်ပို့တာပေါ့။ အဲ့တော့ သံအမတ်ကြီးကတဆင့် မစ္စတာ တိန့်ရှိုလျှန် မြောက်ပိုင်းမှာ မတွေ့ခင်ကတည်းက ကျနော်တို့ တင်ပြထားတာပါ။”

ရခိုင့်ဦးဆောင်ပါတီရဲ့ ဒုဥက္ကဋ္ဌဖြစ်သူ ဦးကျော်ဇောဦးကို နိုဝင်ဘာ ၂ ရက်နေ့မှာ ဖမ်းဆီးခဲ့တာဖြစ်ပြီး ရက္ခိုင့်တပ်တော်ဘက်က ခေါ်ယူစကားပြောနေတာဖြစ်တယ်လို့ နိုဝင်ဘာလအတွင်းက သတင်းစာရှင်းလင်းပွဲမှာ အေအေရဲ့ ပြောရေးဆိုခွင့်ရှိသူ ဦးခိုင်သုခက ပြောကြားခဲ့ပါတယ်။

နိုင်ငံရေးပါတီတခုရဲ့ ရပ်တည်ချက်ကို လက်နက်ကိုင်ဘက်ကလည်း အသိအမှတ် ပြုပေးသင့်တယ်လို့ ဒေါက်တာအေးမောင်က ဆက်ပြောပါတယ်။

“နိုင်ငံရေးပါတီတခုရဲ့ ရပ်တည်ချက်ကို လက်နက်ကိုင် တော်လှန်ရေးဘက်ကလည်း အသိအမှတ်ပြုရမယ်။ ရခိုင်ပြည်နယ်အတွင်းမှာ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ရပ်တည်နေကြတဲ့ အဖွဲ့အစည်းတွေကို ဂုဏ်သိက္ခာရှိရှိ အသိအမှတ်ပြုပေးဖို့လိုတယ်။”

ဦးကျော်ဇောဦးနဲ့ ဦးကျော်လွင်တို့ နှစ်ဦးလုံးမှာ ပြန်လည်လွတ်မြောက်လာခြင်း မရှိသေးဘဲ အမြန်ဆုံး ပြန်လည်လွှတ်ပေးဖို့လည်း မျှော်လင့်နေတယ်လို့ ဒေါက်တာအေးမောင်က ပြောပါတယ်။

ဦးကျော်ဇောဦးနဲ့ ဦးကျော်လွင်တို့ နှစ်ဦးလုံးမှာ ရခိုင့်ဦးဆောင်ပါတီ တည်ထောင်ရာမှာ အဓိက ပါဝင်ခဲ့ကြတဲ့ ပါတီခေါင်းဆောင်တွေဖြစ်ပြီး လွှတ်တော်အမတ်အဖြစ် အသီးသီး တာဝန်ထမ်းဆောင်ခဲ့ဖူးကြတဲ့ ဝါရင့်နိုင်ငံရေးသမားတွေလည်း ဖြစ်ကြပါတယ်။

ရခိုင့်ဦးဆောင်ပါတီ (AFP) ဟာ လက်ရှိ စစ်ကောင်စီကကျင်းပဖို့ ပြင်ဆင်နေတဲ့ ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်သွားမယ်လို့ အတည်ပြု ပြောကြားထားပါတယ်။

https://burmese.dvb.no/archives/573387

---------------------------------------------------------------------------------------------------

## AFP ပါတီဝင်တွေ လွတ်ဖို့ တရုတ်အစိုးရကို မေတ္တာရပ်ခံခဲ့သူ ဒေါက်တာအေးမောင်အား မေးမြန်းခြင်း

ဧရာဝတီ | 13 January 2023

ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ( ALP ) မှ စစ်ဦးစီးချုပ် ဗိုလ်ချုပ်ခိုင်စိုးမြ အပါအဝင် တပ်မှူး ၂ ဦးသည် ယခုဇန်နဝါရီလ ၄ ရက်နေ့က ဝေသာလီကွင်းတွင် လုပ်သည့် လွတ်လပ်ရေးအခမ်းအနားမှ ကားဖြင့် ပြန်လာစဉ် စစ်တွေမြို့ စက်ရုံစု ရပ်ကွက် ၌ လုပ်ကြံသတ်ဖြတ်ခံခဲ့ရသည်။

လုပ်ကြံသတ်ဖြတ်မှုသည် ရက္ခိုင်အမျိုးသားအဖွဲ့ချုပ် ( ULA/ AA ) မှ တပ်ဖွဲ့ဝင်များ၏ လက်ချက် ဖြစ်ကြောင်း ALP ပါတီမှ တရားဝင် ကြေညာထုတ်ပြန်ထားပြီး ULA/ AA ဘက်မှ ယင်းစွပ်စွဲချက်မှာ အခြေအမြစ်မရှိဟု ပြန်လည် ငြင်းထားသည်။

ထိုသို့ ရခိုင်ပြည်လွတ်မြောက်ရေးပါတီမှ စစ်ဘက်ခေါင်းဆောင် ၃ ဦး လုပ်ကြံ သတ်ဖြတ်ခံရမှုနှင့်ပတ်သက်ပြီး လက်နက် ကိုင်တော်လှန်ရေးအဖွဲ့ များနှင့် ရခိုင်လူမှုအဝိုင်းအဝန်းကြားတွင် သဘောထားအမြင် အမျိုးမျိုးရှိနေကြသဖြင့် လက်နက်ကိုင်တော်လှန်ရေးကြားတွင် သွေးထွက်သံယို ဖြစ်ပွားခဲ့သည့် အကြောင်းအရာများ အပါအဝင် ရခိုင်ပြည်နယ် စစ်ရေး ၊ နိုင်ငံရေးနှင့်ပတ်သက်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်းနှင့် ရခိုင့် ဦးဆောင်ပါတီဥက္ကဋ္ဌလည်းဖြစ်သူ ဒေါက်တာအေးမောင်အား ဧရာဝတီမှ ဆက်သွယ် မေးမြန်းထားပါသည်။

**မေး။ ။** မကြာခင်က ALP ပါတီ စစ်ဦးစီးချုပ်နဲ့ တပ်မှူး ၂ ဦး သတ်ဖြတ်ခံခဲ့ရတယ်။ ALP ကတော့ AA လက်ချက် ဆိုပြီး စွပ်စွဲနေတယ်။ တဖက်ကလည်း မဟုတ်ဘူးလို့ ငြင်းတယ်။ ဒီဖြစ်ရပ်ဟာ ရခိုင့်လက်နက်ကိုင်တော်လှန်ရေး လမ်းကြောင်းမှာ ဘယ်လို ပုံစံမျိုး ရိုက်ခတ်မှုတွေ ရှိလာနိုင်လဲ။

**ဖြေ။ ။** တော်လှန်ရေးသမိုင်းမှာတော့ ကာလတခုကိုတော့ ဖြတ်သန်းကြရတယ်။ အဲဒါကတော့ ဓမ္မတာပဲ ၊ လူမျိုးတမျိုးက လွပ်လပ်မှု ဆုံးရှုံးတယ်လို့ ခံယူရင် လွတ်လပ်မှု ရအောင် လုပ်ကြတယ်။ ဒါကလည်း သမိုင်းနဲ့ချီရှိနေပြီ။ သမိုင်းအရ ဖြတ် သန်းကြတဲ့ လက်နက်ကိုင်တော်လှန်ရေးအဖွဲ့တွေမှာ ယုံကြည်မှု၊ ခံယူမှုတခုတော့ ရှိဖို့လိုတယ်။ ကိုယ့်တို့ထက် အရင် လက်နက်ကိုင်တော်လှန်မှုတခုကို လုပ်ခဲ့တယ်။ မအောင်မြင်ခဲ့ဘူး။ မအောင်မြင်ရင် လွှင့်ပစ်လို့ရသလား။ ဆဲဆိုလို့ ရသ လား။ သူတို့ ဖြတ်သန်းခဲ့တဲ့ သမိုင်းကို မှတ်တမ်းတင်ဖို့ မလိုဘူးလား။ သင်ခန်းစာ မယူသင့်ဘူးလား ဆိုတဲ့ ဒီဟာတွေကို ရင့်ကျက်မှုရှိရှိနဲ့ ကျနော်တို့ ပြန်သုံးသပ်ဖို့လိုတယ်။ အခုပြဿနာက အဲဒါပဲ။

တကယ်လို့ ALP / ALA ဟာ ရခိုင်တို့ ရင်ထဲမှာ သူတို့မျှော်မှန်းတဲ့ ပန်းတိုင်ကို ယူပေးနိုင်ဖို့ မဟုတ်တော့ဘူးလို့ ယုံကြည်ရင် အဲဒီအဖွဲ့အစည်းကို ကိုယ်တို့ကိုယ်တိုင် ဖျက်ပစ်မှာလား ။ ကိုယ်တို့ကိုယ်တိုင် ချေမှုန်းပစ်မှာလားဆိုတဲ့ သမိုင်းတခုကို ကိုယ်တို့ ကိုယ်တိုင်စဉ်းစားရမယ်။ တကယ်လို့ အခုလက်ရှိအဖွဲ့တခုက ကာလတခုကျော်လွန်လို့ ရခိုင်တမျိုးသားလုံး မျှော်မှန်းတဲ့ ပန်းတိုင်ကို မရောက်နိုင်လို့ သတ်မှတ်တဲ့ ကာလ၊ အဲဒီကာလမှာ ဖြစ်လာမယ့် လူငယ်တွေက အခု ALP / ALA တို့လို ပြန်ပြီးတော့ ပစ်ပယ်ခြင်း ၊ ရှုံ့ချခြင်းကို ရင်မဆိုင်ရဘူးလို့ ကျနော်တို့ ပြောနိုင်မလား။

ကျနော်တို့ ရခိုင်တော်လှန်ရေးသမိုင်းကို ဝေဖန်နေတာမဟုတ်။ သမိုင်းအရ ဖြစ်စဉ်တွေကို ပြန်ပြောပြတာပါ။ လက်နက်ကိုင် တော်လှန်ရေးရှိတယ်။ နိုင်ငံရေးနည်းအရ ကိုယ်တို့ လိုချင်တဲ့ တန်းတူ အခွင့်အရေးနဲ့ အုပ်ချုပ်ပိုင်ခွင့် ၊ ပြဋ္ဌာန်းပိုင်ခွင့်တွေကို ကြိုးစားနေကြတဲ့ အသွင်မတူတဲ့အဖွဲ့အစည်းတိုင်းကို ချေမှုန်းပစ်မှာလား။ ငါနဲ့ မတူရင် ရန်သူလားဆိုတဲ့ အဲဒီအဖွဲ့ အစည်းတွေက ဘယ်အဖွဲ့အစည်းလို့ မဆိုလိုဘူး။ ပြန်ပြီးတော့ သုံးသပ်ဖို့လိုတယ်။

**မေး။ ။** ULA / AA နဲ့ ALP / ALA ကြားမှာ ဒီဖြစ်စဉ်တွေ မတိုင်မီ နှစ်ဘက် ဆက်ဆံရေးကြားမှာ ဝိရောဓိတွေ ဖြစ်ပြီးတော့ အပြန်အလှန် ဖမ်းဆီးတာတချို့လည်း ရှိခဲ့ကြတယ်။ အဲဒီဖြစ်စဉ်တွေ အပေါ်မှာ ဘယ်လို မြင်မိလဲ။

**ဖြေ။ ။** အခု ပြဿနာတွေပေါ့။ ဒီပြဿနာမတိုင်ခင် ဖမ်းတယ်ဆီးတယ်ဆိုတဲ့ အသံတွေကို အများကြီး ကြားတယ်။ ALP ဘက်ကလည်း ကြေညာတယ်။ ULA ဘက်ကလည်း တချို့ဟာတွေကို မြင်ပါတယ်။ ဖမ်းခြင်းဆီးခြင်းတွေကို သွေးမြေမကျဖို့ ကျနော်တို့ကတော့ မေတ္တာပို့ပါတယ်။

သံဃာ ၄ ပါးကို မြောက်ဦးမှာ ဖမ်းတယ် ကြားတယ်။ ကျနော်တို့ ပါတီကလည်း ၂ ယောက်ဖမ်းခံရတယ်။ ဦးကျော်ဇောဦး (စစ်တွေမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဟောင်း ) နဲ့ပတ်သက်လို့ ဖမ်းတာ မှန်တယ်လို့ ပြောတယ်။ ဦးကျော်လွင်(ကျောက်ဖြူ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဟောင်း) တော့ ULA/ AA ဘက်က ဝန်မခံ။ ဦးကျော်လွင်ကို ဖမ်းထားမှန်း ကျနော်တို့ သိတယ်။ ဘယ်နေရာမှာ ဖမ်းထားမှန်းလည်း ကျနော်တို့ သိတယ်။ သတင်းစာရှင်းလင်းပွဲမှာ ကျတော့ ဦးခိုင်သုခက မပြော။ အဲဒါသည် ကျနော်တို့ ဖြစ်ပျက်နေတဲ့ အမှန်တရား။

လွတ်လပ်ရေးနေ့မှာ အခုလိုမျိုး စိတ်မကောင်းဖွယ်ကြားရတော့ ALP ဘက်က စတိတ်မန့်တခုထွက်တယ်။ ကျနော်တို့ မြင် လိုက်ရပါတယ်။ ဟုတ်သည် ၊ မဟုတ်သည်ကတော့ ကျနော်တို့ မြေပြင်မှာ မရှိတော့ ပြောဖို့ ခက်ပါတယ်။ လွတ်လပ်ရေး နေ့ အခမ်းအနား အပြီး အပြန်မှာ လမ်းကြောင်းအရ ငစရိုင်းဘုန်းကြီးကျောင်းဘက်က သွားတဲ့အခါမှာ ပစ်သတ်ခံရတယ်။ ကျရှုံးတယ် အဲဒီလိုမျိုးကြားတယ်။ ULA / AA ဟုတ်ခြင်း မဟုတ်ခြင်းကတော့ တပိုင်းပေါ့။ ALP / ALA ဘက်ကတော့ အဲဒီလိုယူဆပြီးတော့ စတိတ်မန့် ထုတ်တယ်ပေါ့။ တဖက်က ငြင်းတယ်။

သက်တမ်းရင့်တဲ့ စစ်ဦးစီးချုပ် အပါအဝင် ပုဂ္ဂိုလ်တွေ ကျဆုံးမှုဆိုတဲ့ ကဏ္ဍမှာ နိုင်ငံခြားရောက်တချို့ ပုဂ္ဂိုလ်တွေက လှောင် ကြတယ်။ ရခိုင်ပြည်မှာ ရှိတဲ့ တချို့ ပုဂ္ဂိုလ်တွေက လှောင်ကြတယ်။ ကျနော်တို့ အမြင်မှာတော့ အဲဒီလို မလှောင်သင့်ဘူး။ ဒါ ဂုဏ်ယူစရာမဟုတ်ဘူး။ ကိုယ်တို့ထက် စောပြီး တက်လာတဲ့ အဖွဲ့အစည်းတခုက ပုဂ္ဂိုလ်တွေ ကျဆုံး၊ လုပ်ကြံခံရမှုမှာ ကိုယ်တို့လိုမျိုး တာဝန်ထမ်းနေတဲ့ သူတွေ ကျဆုံးမှုအပေါ် သနားဂရုဏာသက်ရမယ်။ ဝမ်းနည်းကြောင်း စတိတ်မန့်လေး တစောင် ထုတ်ပြန်သင့်တယ်။ သမိုင်းအရ ပေါ်လာတဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေ အနေနဲ့ ညီညွတ်လို့ မရသည့် တိုင် ဆန့်ကျင်ဘက် မဖြစ်ရဘူး။ တူညီတဲ့ ဦးတည်ရာနဲ့ မတူညီတဲ့ အသွင်သဏ္ဍာန်နဲ့ ချီတက်နေတဲ့ ကဏ္ဍမျိုးမှာတောင်မှ မိတ် မပျက်ရဘူး။ လူမျိုးတူတယ်။ ခံစားချက်လည်း တူတယ်။

**မေး။** ။ AA က သတင်းစာရှင်းလင်းပွဲမှာ ပြောထားတာ ALP ဟာ စစ်ကောင်စီနဲ့ ပူးပေါင်းပြီး သစ္စာဖောက်လုပ်ရပ်တွေကို လုပ်နေတယ်။ နေပြည်တော်အစည်းအဝေးမှာ သွားပြီး တော်လှန်ရေး ဟန်ပြလုပ်နေတယ် ဆိုတာမျိုးပြောထား တာရှိ တယ်။ ရခိုင်ပြည်သူ အများစုကလည်း စစ်ကောင်စီခေါင်းဆောင်တွေနဲ့ ဆွေးနွေးနေတဲ့ ALP ဟာ ရခိုင်လူမျိုးတွေ လိုချင်တဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့် သို့မဟုတ် လွတ်လပ်ရေး ဆိုတဲ့ မျှော်မှန်းချက်တွေ ကြားမှာ ALP သွားနေတဲ့ လမ်းကြောင်းက လူထုဆန္ဒနဲ့ ထပ်တူကျမှုရှိသလား။

**ဖြေ။** ။ ဒါ ပြောဖို့ခက်တယ်။ ALP/ ALA က စစ်ကောင်စီနဲ့ ဆွေးနွေးရင် ULA / AA ကရော မဆွေးနွေးဘူးလား။ ဦးသိန်းစိန် လက်ထက်မှာ ရန်ကုန် ရွှေလီလမ်းမှာရှိတဲ့ ငြိမ်ချမ်းရေးစင်တာဗဟိုမှာ ဗိုလ်မှူးကြီးကျော်ဟန်၊ တဖက်က ဗိုလ်မှူးကြီး မင်းထွန်းတို့ ရွှေလီလမ်းမှာ အမြဲတမ်း ဆုံပါတယ်။ ANC (ရခိုင်အမျိုးသားကောင်စီ )ဘက်က ကိုထွန်းဇော် တို့လည်း လာပါ တယ်။ ငြိမ်းချမ်းရေး NCA လမ်းကြောင်းဆိုတဲ့ အဲဒီကာလမျိုးမှာ မြောက်ပိုင်း ၃ ဖွဲ့ကို လက်ခံဖို့ ကျနော်တို့ တော်တော်ကြီး ကို ဖိအားပေးခဲ့ပါတယ်။ အဲဒီကာလ အစိုးရကိုပေါ့။ NLD လက်ထက်မှာလည်း ကျနော်တို့ ဖိအားပေးတယ်။ ဦးသိန်းစိန်ရဲ့ လယ်တော်အိမ်တော်ထဲမှာကို AA ကို ရခိုင်ပြည်နဲ့ပတ်သက်လို့ ငြိမ်းချမ်းရေးနဲ့ ပတ်သက်လို့ ဆွဲခေါ်ပေးပါ။

အဲဒီကာလက ကျနော်တို့ သမ္မတကြီး ဦးသိန်စိန်ကို ပြောဆိုခဲ့တဲ့ အပေါ်မှာလည်း အဲဒီကာလက ဗိုလ်ချုပ်ထွန်းမြတ်နိုင်တို့ လက်ခံပါတယ်။ ဗိုလ်မှူးကြီးကျော်ဟန်တို့လည်း လက်ခံတယ်။ ဆိုလိုတာက တည်ဆဲ အစိုးရတရပ်နဲ့ ဆွေးနွေးမှုရှိဖို့ လိုအပ် မလိုအပ် ပထမအချက်ပဲ၊ ALP ဆွေးနွေးတယ်၊ သစ္စာဖောက်တယ်။ ULA / AA မဆွေးနွေးဘူး။ အရင်တုန်းက မဆွေးနွေး ခဲ့ ဘူးလား။ ဆွေးနွေးမှုလမ်းကြောင်း တခုမလိုအပ်ဘူးလား ကျနော်တို့ ဘယ်လမ်းကိုပဲ သွားသွားပါ။ ဒါသည် သစ္စာဖောက် တာလား။ ကျနော်တို့ ပြောတာက သုံးသပ်ရမှာ နားကြီး၊ မျက်စိကြီး၊ အတွေးအခေါ်ကြီးကြီးနဲ့ ဗိုလ်ချုပ် ထွန်းမြတ်နိုင်တို့ ဘက်ကို ကျနော် အိုင်ဒီယာပြောတာပါ။ ကျနော်တို့အမြင် ကျယ်ကျယ်နဲ့ လှမ်းဖို့လိုပါတယ်။

ကျနော်တို့ လက်ရှိ အကျပ်အတည်းတခုကို ကျော်ဖြတ်မယ်ဆိုရင် ကြားဝင်ပေးဖို့လိုတယ်။ ကြားဝင်ဖို့ ကဏ္ဍလိုတယ်။ ကျနော်တို့ ဖြစ်စေချင်တာက အချင်းချင်း ပဋိပက္ခဆိုရင် ညှိနှိုင်းကြပါ။ ဖြေရှင်းကြပါ။ တော်လှန်ရေးသမိုင်းအရ ဖြတ်သန်း လာတဲ့ ရခိုင်တို့ ဖြတ်သန်းလာတဲ့ သင်ခန်းစာကို ယူကြပါ။ လက်နက်နဲ့သာ အနိုင်ယူသွားတဲ့ သမိုင်းသာရှိခဲ့ရင် အခုဖြစ် နေတဲ့ ပြည်တွင်းစစ်က ၇၅ နှစ်မကြာဘူး။ အခု ၇၅ နှစ်မှာ ဘယ်သူနိုင်သလဲ ဘယ်သူရှုံးသလဲ ကိုယ့်ဟာကို သုံးသပ်ကြပါ။

**မေး။ ။** ဆွေးနွေးဖို့ ဆိုတဲ့ အပိုင်းမှာ တဖက်က လူသူ လက်နက် အင်အားရှိတဲ့ AA နဲ့ လက်နက်ကိုင်တော်လှန်ရေး နေညို ချိန်ကိုရောက်နေတဲ့ ALP တို့ကြားမှာ နှစ်ဖက်ဆွေးနွေးမှုက ဒီလိုအချိန်မှာ အဆင်ပြေနိုင်ပါ့သလား။

**ဖြေ။ ။** ဖြစ်ဖို့တော့ မထင်ဘူး။ အင်အားကြီးတဲ့အဖွဲ့ ပါဝါရှိတဲ့အဖွဲ့နဲ့ အင်အားနည်းသွားတဲ့အဖွဲ့တို့ တခါမှလည်း တန်းတူ ဆွေးနွေးခြင်း မဖြစ်ခဲ့ဘူး။ အင်အားမျှခြေ မတိမ်းမယိမ်း ကာလမျိုးမှာသာ ဆွေးနွေးမှု ဖြစ်တာများပါတယ်။ မဟုတ်ဘူး ဆိုရင်တော့ တဖက်က ဖိတတ်တယ်။

သို့သော် ရခိုင်လူမှုအဖွဲ့အစည်းမှာ မညီမျှမှုတွေ အများကြီးပါ။ ကျနော်တို့ ငယ်ငယ်ကဆို နယ်ကတက်လာတော့ ကျွန်းသား (တောသား) ဆိုပြီးတော့ စစ်တွေမြို့ကို ရောက်တာနဲ့ နှိမ်တယ်။ စာသင်ကျောင်းမှာတောင်မှ မယူကမ်းသား၊ ရမ်းဗြဲသား စကားနဲ့ ဆရာလုပ်တဲ့ လူတောင်မှ နှိမ်တယ်။ အဲဒီလိုမျိုးတွေကို လူမျိုးတမျိုးမှာ ပြန်ပြင်ဖို့ လိုတယ်။ လူမျိုးစုတွေ ကြားမှာ ချစ်ကြည်မှု ရအောင် ဘယ်လို လျှောက်လှမ်းကြမလဲ၊ အခု အစ္စလမ်ဘာသာဝင်တွေနဲ့ ချစ်ကြည်မှုရအောင် လုပ်နေတာကို ကျနော်လည်း ချီးကျူးတယ်။

အခုလိုမျိုး သမိုင်းမှာ အရင်ဖွဲ့စည်းတည်ထောင်လာတဲ့ အဖွဲ့အစည်းတခုကို ဒီလိုလွှင့်ပစ်လိုက်မယ်။ ပစ်ပယ်လိုက်မယ် ဖမ်းဆီးပစ်မယ် ဆိုတာမျိုးထက် တွေ့ဆုံဆွေးနွေးမယ်။ အဖြေရှာမယ်။ ပူးပေါင်းမယ်။ ညှိနှိုင်းမယ်။ လမ်းကြောင်း မတူရင် တောင်မှ တူနိုင်တဲ့ လမ်းကြောင်းကို ညှိမယ်။ အဲဒီလိုမျိုးနဲ့ဆိုရင် ရခိုင်ပြည်သူ တရပ်လုံးကလည်း ဝမ်းသာမယ် ထင်တယ်။ လက်နက်ကိုင်ထားတဲ့ တော်လှန်ရေးအဖွဲ့တွေ ပေါင်းစည်းတဲ့ အခါမှာတော့ ခက်ခဲမယ်။ တဖွဲ့ကတဖွဲ့ကို လေးစားဖို့လိုမယ်။ တဖွဲ့က တဖွဲ့ကို အသိအမှတ်ပြုဖို့လိုမယ်။

သို့မဟုတ် အဖွဲ့ကြီးတဖွဲ့ထဲမှာ အင်အားနည်းတဲ့ အဖွဲ့က အပြုတ်ဖြုတ်ခြင်းကို ခံမလား၊ သို့မဟုတ် တော်ရုံတန်ရုံ နိုင်ငံရေး အားဖြင့် ညှိနှိုင်းပြီးတော့ ဂုဏ်သိက္ခာရှိရှိ ပေးမလား ဆိုတာကတော့ အဲဒီအဖွဲ့အစည်း နှစ်ခုရဲ့ နိုင်ငံရေး စစ်ရေး ရည်မှန်း ချက်နဲ့သာ သက်ဆိုင်မယ်။

**မေး။ ။** ဆရာတို့ပါတီက ဗဟိုကော်မတီအဆင့် ဖြစ်တဲ့ ဦးကျော်လွင်နဲ့ ဦးကျော်ဇောဦးတို့ကို အဖမ်းခံ နေရတာရှိတယ်။ ဦးကျော်ဇောဦးကိုတော့ ULA/ AA က သူတို့ ဖမ်းထားတယ်ဆိုတာ ထုတ်ပြောတယ်။ ဦးကျော်လွင်ကိုတော့ ဖမ်းတယ်။ မဖမ်းဘူး မှတ်ချက်မပေးဘူး။ ဒီအပေါ်မှာရော ဆရာအနေနဲ့ ရော ဘာများ တုံ့ပြန်ပြောကြားချင်တာရှိလဲ။

**ဖြေ။ ။** ဦးကျော်လွင်ကိစ္စကို ကျနော်တို့ ဦးမောင်ကောင်း လွတ်လာကတည်းက ဘယ်အဖွဲ့အစည်းက ဖမ်းတယ်ဆိုတာ အစောကြီးကတည်းက သိပါတယ်။ ကျနော်က နှုတ်ကပြောလို့ မကောင်းဘူး။ အောက်ခြေမှာ ဖြစ်ပျက်နေတာကို ဗဟို ကတော့ သိမှာပဲ၊ အထူးသဖြင့် ဦးခိုင်သုခတို့လို ပြန်ကြားရေးတာဝန်ခံက ပြောလာလိမ့်မယ်။ ကျနော်တို့ကလည်း ဒီလို မလုပ်သင့်ဘူးဆိုတာ အရိပ်အခြည်တော့ လူမှုကွန်ရက်ပေါ်မှာ ရေးပါတယ်။

အကြောင်းရင်းကိုမေးတော့ မောင်တောခရိုင်ပညာရေးမှူး ဒေါက်တာ မြင့်မြင့်စန်း ဓါးထိုးခံရပြီး သေဆုံးသွား တယ်လို့ ပြော ပါတယ်။ ဥပုဒ်စောင့်ပြီး ပြန်လာတဲ့ ကိုယ်တို့ ရခိုင်ဒေသမှာ တာဝန်ထမ်းဆောင်နေတဲ့ ပင်စင်ယူခါနီး တယောက်ပါ။ ဦးကျော်လွင်ကလည်း သမိုင်းအကြောင်းအရာတွေနဲ့ ဆက်စပ်တဲ့ အကြောင်းအရာတွေကို ဖေ့စ်ဘွတ်မှာ ရေးသားနေသူ တဦးပါ။ ကျနော်တို့ အတွေးအခေါ် ကျနော်တို့ ဖြတ်သန်းလာတဲ့ သမိုင်းအရ ပြန်သုံးသပ်တဲ့အခါ ဦးကျော်လွင်ရေးတာ မမှားဘူး။ သူပြောတာက ကျန်းမာရေးဌာန၊ ပညာရေးဌာန ဒီလို အကျိုးပြုတဲ့ဌာနတွေကို မလုပ်အပ်ဘူး။

ဒီလိုဌာနက လူတွေကို မောင်တောလို လူမျိုးရေး ဘာသာရေး ပဋိပက္ခ အထိအခိုက်မခံနိုင်တဲ့ နေရာမျိုးမှာ မလုပ်အပ်ဆိုတဲ့ အမြင်မျိုးနဲ့ ဒီလိုသာ ဟိုလူကို ဒီလူလုပ်လို့ ဒီလူ့ကို ဟိုလူလုပ်တယ်ဆိုရင် ဘယ်လို တိုင်းပြည်နိုင်ငံကို အုပ်ချုပ်မလဲဆိုတဲ့ ဂရုဏာဒေါသနဲ့ လူမျိုးရေးပဋိပက္ခဖြစ်မှာစိုးလို့ ရေးတဲ့ ဖေ့စ်ဘွတ်ကဟာကြောင့် လော်ဘီတွေအများကြီး သူ့ကို ထိုးနှက် တိုက်ခိုက်ကြတယ်။ သူရေးတဲ့အပေါ် အောက်တိုဘာလ ၂ ရက်နေ့ မှာ

ရှင်းလင်းချက် သုံးကြိမ်ရေးသားခဲ့တယ်လို့ ကျနော် နားလည်တယ်။ ၄ ရက်နေ့မှာ သူ့ကို ဖမ်းသွားတယ်။ အဲဒါသည် အကြောင်းရင်းပဲ ။

ဦးကျော်လွင်ရေးသားတဲ့ Post အပေါ် ဦးကျော်ဇောဦးကလည်း ကိုယ်ချင်းစာပြီးတော့ အတင်းအကျပ် ခေါ်ယူသွားတာ ခံရ တယ်လို့ သူ့ဘက်က အင်္ဂလိပ်လို ဖေ့စ်ဘွတ်မှာ ရေးတင်တဲ့အခါ ဦးကျော်ဇောဦးကိုပါ တခါ ဖမ်းသွားတယ်။ သူတို့နှစ်ဦးကို ဘယ်မှာ ဖမ်းခေါ်ထားတယ်ဆိုတာ ကျနော်သိနေပါတယ်။ ULA နဲ့နီးစပ်တဲ့ ပုဂ္ဂိုလ်တွေက တဆင့် ကျနော်စုံစမ်းပါတယ်။ နေရာအတိအကျကို သိပါတယ်။ ဒါပေမယ့် ကျနော် မပြောဘူး။

ကျနော်တို့ အင်အားနဲ့ မေတ္တာရပ်ခံလို့ မရတဲ့အခါ တရုတ်အစိုးရကို မေတ္တာရပ်ခံပါတယ်၊ သိတယ် မသိဘူးဆိုတာကတော့ ULA ရဲ့ သဘော ပါ။ CPC (တရုတ်ကွန်မြူနစ်ပါတီ)နဲ့ ကျနော်တို့ AFP (ရခိုင့်ဦးဆောင်ပါတီ)က ညီအစ်ကိုပါတီပါ။ မိတ်ဖက် ပါတီပါ။ ကျနော်တို့ဘက်က သံရုံးကို အကြောင်းကြားပါတယ်။ အမှန်အတိုင်းပြောရင် ဆာဆာကာဝါလာတဲ့ အချိန်လည်း တချက်ကူညီပါဆိုတာ ပြောခဲ့တယ်။ ULA /AA နဲ့ ဒီလိုမျိုးဖြစ်နေတယ်။ နောက်တခါ ငြိမ်းချမ်းရေးအတွက် ကြားဝင်ပေး ပါ ပေ့ါ၊ နစ်ဖက် ဖမ်းထားတာတွေကို ဆက်မလုပ်အောင် လုပ်ပေးပါ၊ ကြားဝင်ပြောခဲ့တယ်။ အားကိုးမရှိတော့ အရှေ့မြောက် ဘက်က တရုတ်ဘက်ကို ဒီဇင်ဘာလဆန်းပိုင်းလောက်က ကူညီပေးဖို့ မေတ္တာရပ်ခံထားတာတွေ ရှိပါတယ်။

ဒါရဲ့ အကျိုးပြုမှုကတော့ လာမှာလား မလာဘူးလားဆိုတာ မသိဘူး။ ကိုယ်တို့ အချင်းချင်း နားလည်မှုအရ သဘောထား ကြီးမှုအရ ခေါ်ထားရင်လည်း အပြစ်မရှိရင် ပြန်လွှတ်ပေးသင့်တယ်။ သူတို့နဲ့ ပတ်သက်ပြီး မိသားစုတွေရှိတယ်။ မိခင်ပါတီရှိ တယ်။ သူတို့ လုပ်ဆောင်ချက်က သွေးထွက်သံယိုဖြစ်တာလည်းမဟုတ်၊ တဖက်အဖွဲ့အစည်းကို စော်ကားတာလည်း မဟုတ်။ ဦးကျော်လွင်ရေးတဲ့ စာမှာလည်း ULA /AA လို့ တခုမှ စွပ်စွဲတာမပါဘူး။ ဖြစ်ပျက်နေတဲ့ အကြောင်းအရာလေးကို ချိန်ထိုးပြီးတော့ ရေးတာပါ။

**မေး။ ။** ULA / AA ဘက်ကတရားဝင် ထုတ်ဖော်ပြောကြားတာတခုရှိပါတယ်။ ရခိုင်ပြည်မှာ ULA / AA ကလွဲပြီး တခြား လက်နက်ကိုင်အဖွဲ့ မလိုအပ်ဘူးဆိုပြီးတော့ သတင်းစာရှင်းလင်းပွဲမှာ ပြောထားတာရှိပါတယ်။ အဲဒီ အပေါ်မှာရော ဘယ်လိုမြင်ပါလဲ။

**ဖြေ။ ။** ဒီ မူဝါဒချမှတ်တဲ့ အကြောင်းရင်းကိုတော့ ကျနော်နားမလည်ဘူး။ သို့သော်ရခိုင်ပြည်မှာ လက်ရှိ မြန်မာ့တပ်မတော် ရှိပါတယ်။ ALP / ALA ကလည်းရှိတယ်။ ULA / AA နဲ့ ALP / ALA တို့က ရခိုင်နဲ့ ရခိုင်မျိုးနွယ်တွေကို ကိုယ်စားပြုပြီးတော့ ဖြစ်လာတဲ့ လက်နက်ကိုင်အဖွဲ့အစည်းဆိုတော့ ခုနက ပြောသလို တဖွဲ့တည်းသာ ရှိရမယ်ဆိုတဲ့မူကတော့ ULA / AA ဘက်က ချမှတ်ထားသော်လည်း လူမျိုးစုတိုင်းမှာ လက်နက်ကိုင်အဖွဲ့အစည်း ရှိနေတဲ့ကာလမှာ အလွန်တရာမှ ထိလွယ် ရှလွယ် ဖြစ်တတ်ဆိုတာမျိုး သုံးသပ်တတ်ဖို့ လိုတယ်။

ဒါကြောင့် လက်ရှိမှာ မြန်မာ့တပ်မတော်ဘက်က အင်အားအများကြီးနဲ့ တည်ရှိနေတယ်။ ရခိုင်ပြည်မှာ လက်နက်ကိုင် အဖွဲ့အစည်း တခုတည်းသာ ရှိရမယ်ဆိုရင် ရခိုင်တမျိုးသားလုံးကို ကာကွယ်ဖို့ ULA / AA တဖွဲ့တည်းလို့ သတ်မှတ်ထားတဲ့ သူတို့ရဲ့ ပန်းတိုင်ရည်မှန်းချက်လို့ ကျနော်တို့ သတ်မှတ်ရမှာ ဖြစ်တယ်။ လက်တွေ့ ဖြစ်နိုင်မဖြစ်နိုင်ကတော့ တပိုင်းပေ့ါ။ သို့သော် ALP / AA နဲ့ ထိပ်တိုက်တွေ့မှု ၊ နောက်ဟိုဘက်က ဗိုလ်မှူးကြီးမင်းထွန်း (ရခိုင်ပြည်တပ်မတော် – AA) တို့ ဒီဘက် ကို ပြောင်းလာမယ်ဆိုရင် ချေမှုန်းပစ်လိုက်မှာလား။ ပူပေါင်းမှာလားဆိုတာ စစ်ရေးနိုင်ငံရေး ကဏ္ဍတခုကလည်း ရှိလာ မယ်။

တဖက်မှာ ARSA တို့ကို ဘယ်လို သဘောထားမလဲ ၊ ARSA နောက်မှာ ဘာရှိသလဲ ၊ OIC ရှိသလား ၊ ဘယ်နိုင်ငံတွေရှိလဲ ၊ အမေရိကန်ရှိလား ၊ ကျနော်တို့မပြောတတ်ဘူး။ ရခိုင်ပြည်မှာ ULA / AA တခုတည်း ဆိုတဲ့ ရည်မှန်းချက်ပန်းတိုင်ကို ကျနော်တို့ မဝေဖန်ဘူး။ အဲဒါက ULA / AA ရဲ့ ရည်မှန်းချက်သာ ဖြစ်တယ်။

ဖြစ်နိုင် မဖြစ်နိုင်ဆိုတာက ကာလတခု ရွေ့လျားတဲ့အခါ အခုဏက ပြောတဲ့ ထိတွေ့မှုတွေ ပဋိပက္ခတွေ သွေးထွက်သံယို မှုတွေ၊ မနာလို မုန်းထားမှုတွေ အဲဒီကိစ္စကြောင့် ဖြစ်လာတဲ့ အကျိုးသက်ရောက်မှုတွေ၊ အခုတောင်မှ အဲဒီနေ့က ဖြစ်ပျက်ခဲ့ တဲ့ သွေးထွက်သံယိုမှုမှာ ဘာကြောင့်လို့ တဖက်က ပြောလာတယ်။ မဟုတ်ဘူးလို့ ဒီဘက်က ပြောတယ်။ အဲဒီသံသယနဲ့ သံသယရဲ့ အကျိုးကို အဲဒီ အဖွဲ့နှစ်ခုပဲ ခံရမယ်။

**မေး။ ။** မြန်မာနိုင်ငံရေးအကျပ်ကတည်းကို ဖြေရှင်းဖို့ နိုင်ငံရေးအရ ဆွေးနွေးခဲ့ကြတာလည်း နှစ်ပေါင်း အတော်ကြာပြီ။ စစ်အုပ်စုရဲ့ သဘောထားက ဘယ်သောအခါမှ တိုင်းရင်းသားတွေ လိုလားတဲ့ တန်းတူအခွင့်အရေးတို့၊ ကိုယ်ပိုင် ပြဌာန်း ခွင့်တို့ ပေးမှာ မဟုတ်ဘူးလို့ အားလုံးက နားလည်လက်ခံလာတဲ့အခါမှာ လက်နက်ကိုင် လမ်းစဉ်နဲ့သာ ဖြေရှင်းနိုင်မယ် ဆိုပြီး တော်လှန်ရေး လမ်းစဉ်ကိုပဲ ရွေး ချယ်လိုက်ကြတယ်။ အခုလက်ရှိလည်း တော်လှန်ရေး လမ်းစဉ်က နံပါတ် ၁ ဖြစ် နေပြီ။ အဲဒီအပေါ်မှာရော ဘယ်လိုသဘောထားလဲ။

**ဖြေ။ ။** မြန်မာ့နိုင်ငံရေးကို သမိုင်းအရင်ပြန်ကြည့်ပေ့ါ။ လက်နက်ကိုင်တော်လှန်ရေးနဲ့ စသလား နိုင်ငံရေးပါတီနဲ့ စသလား။ လက်နက်ကိုင် တော်လှန်ရေးလုပ်လာတာ။ လက်နက်ကိုင်ပြီးတော့ သွေးမြေကျမှသာ ရမယ်လို့ တော်လှန်လာတာ ၇၅ နှစ်ကြာပြီ။ အောင်မြင်မှု ရသလား မရဘူးလား။ လက်နက်ကိုင်တော်လှန်ရေး အရှိန်မြင့်လာတာပဲ ရှိတယ်။ လက်နက်ကိုင် တော်လှန်ရေးရဲ့ ရလဒ်တခုခု ရခဲ့တာရှိသလား။ ရှိခဲ့ရင် ပြောပါ။

ဖဆပလ လွတ်လပ်ရေးနဲ့အတူ ၁၀နှစ် ကျော်လောက်တော့ နိုင်ငံရေးပါတီ အခန်းကဏ္ဍရှိခဲ့တယ်။ ကျန်တာ လက်နက် ကိုင်တော်လှန်ရေး သမိုင်းပဲ။ ၈၈ အရေးအခင်းနောက်ပိုင်း ၉၀ မှာ နိုင်ငံရေးပါတီ အနည်းငယ် ပေါ်လာတယ်။ ၂၀၁၀ လောက်မှာ ပါတီနိုင်ငံရေး အနည်းငယ်ပေါ်လာတယ်။ လက်နက်ကိုင် တော်လှန်ရေးကတော့ လွတ်လပ်ရေးနဲ့အတူ ပေါ်လာ တယ်လို့ ပြောလို့ရတယ်။

ပြန်ပြောရရင် မြန်မာ့နိုင်ငံရေးကို ဘတပြန် ၊ ကျားတပြန် တိုက်နေတာက လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းတွေနဲ့ မြန်မာ့တပ်မတော်။ မြန်မာ့တပ်မတော်သည် အဲဒီလိုနဲ့ လက်နက်ကိုင်တော်လှန်ရေးမှာ ပါလာတယ်ပေ့ါ။ အခုအထိ ပါလာ တယ်။ အခုကာလမှာ လက်နက်ကိုင်တော်လှန်ရေးတွေ အင်အားကောင်းလာတယ်။ သူတို့ ရည်မှန်းချက်ကတော့ မနက် ဖြန် ပန်းတိုင်ရောက်မယ်။ ရောက် မရောက်ကတော့ သမိုင်းအရ ပြန်ပြီး ကြည့်ရမယ်။ ကာလအရ ပြန်ပြီး ကြည့်ရမယ်။ မြေပြင်အခြေအနေကို ကြည့်ရင် တော်လှန်ရေးသမိုင်းဟာ နိုင်ငံရေးပါတီသမိုင်းထက် အများကြီးရှည်ပါတယ်။ ဒီနေ့ အချိန်အထိ မည်သည့် လက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းကမှ သူတို့ရဲ့ရည်မှန်းချက်ကို အောင်မြင်အောင် ဆောင် ရွက်နိုင်တဲ့ အဖွဲ့အစည်းရှိရင် လက်ညိုးထောင်ပြပါ။ သမိုင်းအရ ပြန်ကြည့်တာပါ။

**မေး။ ။** သမိုင်းကို ပြန်ကြည့်ရင် လက်နက်ကိုင်တော်လှန်ရေးကနေ အောင်မြင်တဲ့အဖွဲ့အစည်း ဒီနေ့အထိ မတွေ့ ရသေးဘူး လို့ စောစောက ပြောသွားတယ်။ လက်ရှိ ရခိုင်ပြည်နယ်ရဲ့ အခြေအနေမှာလည်း လက်နက်ကိုင်တော်လှန်ရေးသည်သာ အဖြေလို့ ခံယူပြီးတော့ တချို့ ရခိုင်နိုင်ငံရေးသမားကြီးတွေလည်း ပါတီနိုင်ငံရေးကနေ ULA /AA ဘက်ကို ကူးပြောင်း တာဝန်ထမ်းနေတယ်ဆိုတာမျိုးကြားရတယ်။ အဲဒီအပေါ်မှာရော ဘယ်လို မြင်မိလဲ။

**ဖြေ။ ။** ဆုံးဖြတ်ချက်တော့ တယောက်နဲ့ တယောက်မတူပါဘူး။ နိုင်ငံရေးအားဖြင့်လည်း အတွေးအခေါ်က မတူကြပါဘူး။ မြန်မာ့နိုင်ငံရေး ရခိုင့်နိုင်ငံရေးကို အနာဂတ်ထိတွေးပြီးတော့ သုံးသပ်တဲ့ ကဏ္ဍလည်း တူချင်မှတူလိမ့်မယ်။ အဲဒါကတော့ လူပုဂ္ဂိုလ်တဦးချင်းနဲ့ ပတ်သက်ပါတယ်။ ကျနော်တို့ကတော့ လက်နက်ကိုင်တော်လှန်ရေး လုပ်တာကို မကန့်ကွက်ပါဘူး။ ကျနော်တို့တွေးတာကတော့ လူတိုင်း လက်နက်ကိုင်တော်လှန်ရေးမှာ ပါသွားရင် လက်နက်ကိုင်တော်လှန်ရေးရဲ့ ရည်မှန်း ချက်ဟာ လွတ်လပ်ရေးလို့ပြောတယ်။

လွတ်လပ်ရေးဆိုတာ ဖြစ်နိုင်မလား မဖြစ်နိုင်ဘူးလား။ ဘယ်ကာလမှာ ဖြစ်နိုင်မလဲ၊ ဒါတွေကို ကျနော်တို့လည်း မပြော နိုင်ဘူး၊ ကျနော်တို့ကတော့ ဒီကာလမှာ ဦးထွန်းမြတ်နိုင်တို့ သွားနေတဲ့ လမ်းကြောင်းအတိုင်းလည်း သွားပါ။ သို့သော် နိုင်ငံရေးပါတီများရဲ့ အခန်းကဏ္ဍနဲ့ ညှိနှိုင်းမှုလည်း လိုအပ်တယ်။ နိုင်ငံရေးပါတီများရဲ့ ကဏ္ဍသည် ဆန့်ကျင်ဘက် မဟုတ်ဘဲနဲ့ အတူသွားနေတဲ့ လမ်းကြောင်းတခုမှာ ယှဉ်ပြီးတော့ အတူသွားဖို့ လိုတယ်ဆိုတဲ့ လိုအပ်ချက် ကွက်လပ်တခု ကို ကျနော်တို့ဖြည့်ဖို့အတွက် ပါတီနိုင်ငံရေးအနေနဲ့ ရပ်တည်နေတာပါ။

https://burma.irrawaddy.com/opinion/interview/2023/01/13/257277.html

----------------------------------------------------------------------------------------------------

## "ပါတီဖျက်သိမ်းခံရရင်လည်း နိုင်ငံရေး လောကမှာ ရှိနေမယ်" - SNLD

**သဘောထားကွဲသည့် အစဉ်အလာကို စုပေါင်းမှုဖြင့် ဖြေရှင်း၍ ဒီမိုကရက်တစ် အင်အားစု အားလုံး ကျော်ချင်းကပ်ချိန်ရောက်ပြီဟု သမ္မာရင့် ရှမ်းပါတီက တိုက်တွန်းလိုက်သည်။**

ကိုချို | Published on Jan 13, 2023



ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD) ပါတီ လှုပ်ရှားမှုတစ်ခု။ ဓာတ်ပုံ–SNLD Facebook

လွန်ခဲ့သည့် နှစ်နှစ်က ပြည်သူမဲပေးထားသည့် ရွေးကောက်ပွဲရလဒ်ကို ပယ်ဖျက်သည်ဟု ကြေညာထားသည့် အာဏာသိမ်းစစ်ခေါင်းဆောင် မင်းအောင်လှိုင်က ယခုနှစ်အတွင်း ရွေးကောက်ပွဲ ပြန်ကျင်းပပြီး အနိုင်ရပါတီကို အာဏာလွှဲမည်ဟု နေပြည်တော် ဇန်နဝါရီ ၄ လွတ်လပ်ရေးနေ့အခမ်းအနားတွင် ပြောခဲ့သည်။

ထို့အတူ ဇန်နဝါရီ ၉ မှစကာ ရွေးကောက်ပွဲအတွက် ရည်ရွယ်သည့် လူဦးရေစာရင်းကို စစ်ကောင်စီက စတင်ကောက်ယူနေသည်။ အာဏာသိမ်းပြီးနောက် ဆန္ဒပြလှုပ်ပင် သေနတ်ဖြင့် ပစ်သဖြင့် နိုင်ငံအနှံ့ ခုခံနေကြချိန်တွင် ရွေးကောက်ပွဲလုပ်မည်ဆိုသော စစ်ကောင်စီ၏ လေသံပစ်မှုအပေါ် ဝေဖန်မှုများရှိနေသည်။

ထိုအထဲတွင် နိုင်ငံရေး ဝါရင့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD) ပါတီလည်း ပါဝင်သည်။ SNLD သည် ၁၉၉၀ ရွေးကောက်ပွဲမှစ၍ ဝင်ပြိုင်ချိန်တိုင်းတွင် ရှမ်းပြည်နယ်အတွင်း နေရာအများအပြား အနိုင်ရလေ့ရှိသည်။

ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အစိုးရဖွဲ့နိုင်သည်အထိ ထပ်နိုင်သည့်၊ စစ်ကောင်စီက ပယ်ဖျက်ခဲ့သည့် ၂၀၂၀ ရွေးကောက်ပွဲတွင် SNLD သည် တတိယမြောက် ကိုယ်စားလှယ်အများဆုံးရရှိခဲ့သည့် နိုင်ငံရေးပါတီကြီးတစ်ခုဖြစ်သည်။

ထို့အတူ နိုင်ငံရေးသမ္မာရင့်သည့် စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးများမဟာမိတ် ( UNA) တွင်လည်း SNLD က အဖွဲ့ဝင် ဖြစ်သည်။ အာဏာသိမ်းပြီး နှစ်နှစ်အတွင်း တော်လှန်ရေးနှင့် နှစ်ပေါင်းများစွာ အလှမ်းဝေးသည့် နိုင်ငံအလယ်ပိုင်း၌ပင် ပုန်ကန်မှုများဖြစ်နေသည့် လက်ရှိအချိန်တွင် စစ်ကောင်စီက စီစဉ်မည်ဆိုသော ရွေးကောက်ပွဲမှာ တိုင်းပြည်အတွက် အကျိုးမရှိနိုင်ဟု SNLD က ဆိုသည်။

ထို့ပြင် စစ်ကောင်စီက မကြာမီတွင်  နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေအသစ်ကို ပြဋ္ဌာန်းလာနိုင်ပြီး မှတ်ပုံမတင်သည့်၊ ရွေးကောက်ပွဲမဝင်သည့်  ပါတီများကို ဖျက်သိမ်းသွားနိုင်ခြေရှိသည်ဟုလည်း SNLD က ရှုမြင်ထားသည်။

SNLD ပါတီ အထွေထွေအတွင်းရေးမှူး စိုင်းလိတ်ကို Myanmar Now သတင်းဌာနက ဆက်သွယ်မေးမြန်းထားပါသည်။

**မေး။ ။ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD ဦးဆောင်တဲ့ ဒီမိုကရေစီအရေးလှုပ်ရှားမှုနဲ့ စစ်အာဏာရှင်တွေရဲ့ အကြားမှာ SNLD က နှစ်ပေါင်းများစွာ ဖြတ်သန်းခဲ့ရပြီးပါပြီ။ အခု တစ်ခေါက် စစ်အာဏာသိမ်းပြီးနောက်ပိုင်းမှာရော ဘယ်နိုင်ငံရေးလမ်းကြောင်းက ကိုယ့်အမျိုးသားအကျိုးစီးပွားအတွက် ပိုမိုအရေးပါမယ်လို့ ယူဆပါသလဲ။**

ဖြေ။ ။ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်က နိုင်ငံရေးအဝန်းအဝိုင်းကနေ ကင်းကွာသွားတာ တော်တော်လေးကြာနေပြီ။ တော်တော်လေးလည်း အပာက ကြီးသွားပါပြီ။ ဒီအပေါ်မှာ တည်ပြီးတော့ ဆွေးနွေးလို့ မဖြစ်ဘူးလို့ ထင်ပါတယ်။ တခြား တစ်ဖက်မှာတော့ စစ်ကောင်စီရှိတယ်။ စစ်ကောင်စီနဲ့ ဆန့်ကျင်ဘက်မှာတော့ ဒီမိုကရေစီအင်အားစုတွေရှိတာပေါ့။ အဲဒီဒီမိုကရေစီအင်အားစုမှာတော့ NUG (အမျိုးသားညီညွတ်ရေးအစိုးရ) တို့ NUCC (အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ) တို့လည်း ရှိတယ်၊ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအင်အားစုတွေလည်း အများကြီးရှိပါတယ်။ အဲဒီတော့ ပေးထားချက်က တော်တော်လေးကို လက္ခဏာပိုများလာတယ်။ ဒါကြောင့်မို့လို့ NLD နဲ့ စစ်ကောင်စီ နှစ်ခုထဲကို ထည့်တွက်ပြီးတော့မှ ချင့်ချိန်ရမဲ့ နိုင်ငံရေးအခင်းအကျင်းလို့ ကျွန်တော်တို့ မမြင်တော့ပါဘူး။

အဓိကအားဖြင့်တော့ မြန်မာတစ်ပြည်လုံးက ဒီမိုကရေစီနဲ့ ဖက်ဒရယ်ကို လုံးဝနီးပါးပေါ့နော်၊ ပန်းတိုင်လို့ ယူဆတဲ့ အခြေအနေမျိုးကို ရောက်သွားပါပြီ။ ဒါကြောင့်မို့လို့ ဖက်ဒရယ်ဖြစ်မြောက်ဖို့နဲ့ ဒီမိုကရေစီရရှိဖို့အတွက်ဆိုရင် ဒီမိုကရက်တစ် အင်အားစု အကုန်လုံးနဲ့ ကျွန်တော်တို့ ကျောချင်းကပ် ရင်ချင်းအပ်ပြီး လုပ်ဆောင်ရမဲ့ အနေအထားလို့ပဲ ကျွန်တော်တို့ မြင်ပါတယ်။



ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (SNLD) ပါတီမှ အထွေထွေအတွင်းရေးမှူး စိုင်းလိတ်။ (ဓာတ်ပုံ – Supplied)

**မေး။ ။ ၂၀၁၀ ရွေးကောက်ပွဲကာလတုန်းကလို ဒေါ်အောင်ဆန်းစုကြည်ကို စစ်အုပ်စုက ပြန်လွှတ်ပေးပြီး ရွေးကောက်ပွဲအတွက် ညှိနှိုင်းတာမျိုး လုပ်လာမှာကိုရော စိုးရိမ်ပါသလား။**

ဖြေ။ ။ ၂၀၁၀ တုန်းက အခင်းအကျင်းမျိုးကို သူတို့ ပြန်လုပ်လာနိုင်တယ်ဆိုတာကိုတော့ ယေဘုယျ သတ်မှတ်လို့ ရတာပေါ့။ အဲဒီအချိန်ကာလတုန်းက ဒေါ်အောင်ဆန်းစုကြည်က အကျဉ်းကျနေတယ်၊ ထောင်ထဲရောက်နေတယ်၊ သူ့ကို ပြန်လွှတ်လိုက်တယ်။ ပြီးတော့ တွေ့ဆုံတယ်၊ ဆွေးနွေးတယ်၊ ပြီးတော့မှ သူတို့ရဲ့ ကြားဖြတ်ရွေးကောက်ပွဲမှာ ဝင်ပါအောင် ဆိုပြီးတော့မှ တွေ့ဆုံဆွေးနွေးမှုတွေကတစ်ဆင့် ဆွဲဆောင်နိုင်ခဲ့တယ်။ လွှတ်တော်ထဲကို ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD အဝန်းအဝိုင်း ရောက်သွားတဲ့အချိန်မှာ လွှတ်တော်အခင်းအကျင်းကြီးကလည်း ပိုပြီးတော့မှ အားကောင်းမောင်းသန် ဖြစ်လာတယ်ပေါ့၊ ဒါက ၂၀၁၀ ရဲ့ အခြေအနေပေါ့ဗျာ။ ဒီနေ့ ဒီအချိန်မှာကတော့ အဲဒီအခင်းအကျင်းမျိုးက ဖြစ်လာနိုင်စရာ ရာခိုင်နှုန်းနည်းပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်ကလည်း NLD တစ်ခုလုံးကို အရင်လို လွှမ်းခြုံနိုင်ပါ့မလား၊ ထိန်းချုပ်နိုင်ပါ့မလား။ တစ်ဖက်မှာ နိုင်ငံပြင်ပကို ထွက်ပြီးတော့မှ ခုခံတွန်းလှန်နေတဲ့ အဖွဲ့တွေက အများကြီးဖြစ်နေပြီ၊ အင်နဲ့အားနဲ့ဖြစ်နေပြီ။ အဲဒီအပေါ်မှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဆုံးဖြတ်ချက်က ဘယ်လိုလာမလဲဆိုတာက ဘယ်သူမှ ကြိုမသိနိုင်ပါဘူး။

နောက်တစ်ခါ ၂၀၁၀ တုန်းကအခြေအနေက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ပေးထားချက်အရ လက်မခံရင်တောင်မှလည်း အဲဒီထဲကနေပြီး နိုင်ငံရေးလုပ်ကွက် ပျောက်မသွားအောင် ဝင်ကစားသင့်တယ်ဆိုတဲ့ အမြင်မျိုးကလည်း ရှိခဲ့ဖူးတာပေါ့နော်။ အခုကတော့ ၂၀၀၈ ရဲ့ ပေးထားချက်ကို သူတို့ (စစ်ကောင်စီ) က ဖျက်လိုဖျက်ဆီးလုပ်ပြီးတော့၊ ဒါရရှိထားပြီးသား အခွင့်အရေးကိုတောင်မှ ဖျက်ဆီးပစ်လိုက်ပြီဆိုတော့ နောက်ထပ်ဝင်မယ့် နိုင်ငံရေးပါတီအဖို့ကလည်း သိပ်ပြီး မျှော်လင့်ချက်က မရှိတော့ဘူး။ တည်ငြိမ်မှုကို ဖျက်ဆီးလိုက်ပြီးမှ နောက်တစ်ခါ တည်ငြိမ်အောင် ပြန်လုပ်ပါမယ်ဆိုတာမျိုးကတော့ ယုံကြည်လက်ခံဖို့က တော်တော်လေးကို ရာခိုင်နှုန်းနည်းသွားပြီလို့ ပြောလို့ရပါတယ်။

**မေး။ ။ ကချင်ပြည်နယ်နေ့ အခမ်းအနားမှာ အာဏာသိမ်းစစ်ခေါင်းဆောင်က ပြည်နယ်ဖွဲ့စည်းပုံကိစ္စ ထုတ်ဖော်ပြောဆိုလာတာ တွေ့ရတယ်။ ဒါကရော ဘယ်လောက်ယုံကြည်ရမယ် ထင်ပါသလဲ။**

ဖြေ။ ။ စစ်တပ်အနေနဲ့က ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို တစ်ချို့တစ်ဝက်ပြင်ပေးမယ်လို့ လေသံပစ်ရုံပဲ ပစ်ထားတယ်။ တခြားတစ်ဖက်မှာ အသံကျယ်ကျယ်ထွက်နေတာက UPDJC (ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ) နိုင်ငံရေးအစုအဖွဲ့က စစ်တပ်ဘက်က ၂၆၁ (၂၀၀၈ အခြေခံဥပဒေ ပြင်ဆင်ခြင်းဆိုင်ရာ ပုဒ်မ) ကို ပြင်ပေးမယ်လို့ စစ်တပ်ဘက်က ပြောပေမယ့်လို့ တကယ်တမ်း EAO (တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့) လိုဟာမျိုးပေါ့နော်၊ SSPP (ရှမ်းပြည်တပ်မတော်)တို့၊ မိုင်းလား(ကိုးကန့်) တို့၊ UWSA (ဝ) တို့လို အဖွဲ့မျိုးတွေနဲ့ တွေ့တဲ့အချိန်မှာ ဗိုလ်ချုပ်ရာပြည့်ဦးဆောင်တဲ့ NSPNC ကော်မတီ ( အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီ) ဘက်က ပြင်ချင်တဲ့ အချက်အလက်တွေကို ကြည့်တဲ့အခါမှာ ပုဒ်မ ၂၆၁ တောင်မှ ပါမလာပါဘူး။

ဘယ်လောက်ပဲ ပြင်မယ်ပြောပြော ပြည်နယ်တွေရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲခွင့်ပြုတယ်လို့ ပြောပေမဲ့ ဇယား ၁ နဲ့ ဇယား ၅ (အခွန်အကောက်ဆိုင်ရာ ခွဲဝေမှု) မှာ ပါတဲ့ဟာတွေကိုပဲ ဥပဒေပြုခွင့် အကြံပေးထားတာပဲဖြစ်ပါတယ်။ ပေးကားပေး၏ မရပါ။ ဒါကြောင့်မို့လို့ ဒါက (စစ်ကောင်စီရဲ့) နိုင်ငံရေးလိုမ့်လုံးတွေ နိုင်ငံရေးဖြီးလုံးတွေပဲ ဖြစ်တယ်။ စစ်တပ်အနေနဲ့ အမှန်တကယ် ဖက်ဒရယ်နဲ့ ဒီမိုကရေစီကို သွားလိုတဲ့ သဘောထားမျိုး မတွေ့ရဘူးလို့ သုံးသပ်ပါတယ်။



၂၀၂၀ ရွေးကောက်ပွဲအပြီး အစိုးရနှင့် လွှတ်တော်သစ်များ ဖွဲ့စည်းရန် ပြင်ဆင်နေချိန် ၂၀၂၁၊ ဇန်နဝါရီ ၁၆ ရက်က တောင်ကြီးမြို့တွင် တွေ့ဆုံဆွေးနွေးနေသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် ပါတီတာဝန်ရှိသူများ။ ဓာတ်ပုံ- SNLD

**မေး။ ။ စစ်ကောင်စီက ကျင်းပမဲ့ ရွေးကောက်ပွဲအပေါ်ရော ဘယ်လိုသဘောထားရှိပါသလဲ။ စစ်တပ်ဟာ SNLD ကိုရော ဆွေးနွေးညှိနှိုင်းတာမျိုးရှိပါသလား။**

ဖြေ။ ။ စစ်ကောင်စီက လုပ်ဖို့ ပြောလာတဲ့ ရွေးကောက်ပွဲက ရွေးကောက်ပွဲ ကျင်းပရမဲ့ အချိန်ကာလ မဟုတ်ဘူး။ တိုင်းပြည်နဲ့ပြည်သူအတွက် အပြောင်းအလဲဖြစ်စေနိုင်တဲ့ တိုးတက်မှုတစ်စုံတစ်ရာ ဖြစ်စေနိုင်တဲ့ ရွေးကောက်ပွဲ မဟုတ်ဘူးပေါ့နော်။ အဲဒါကြောင့်မို့လို့ ဒီရွေးကောက်ပွဲနဲ့ ပတ်သက်ပြီးတော့ အချိန်မတိုင်သေးဘူးလို့ပဲ မြင်ပါတယ်။

စစ်ကောင်စီ အာဏာယူပြီးကတည်းက သူတို့နဲ့ တိုက်ရိုက်လည်း မပြောပါနဲ့၊ သူတို့ဖွဲ့စည်းထားတဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နဲ့တောင်မှ ကျွန်တော်တို့ လုံးဝအဆက်အသွယ်မရှိပါဘူး။ သူတို့ ဖိတ်ကြားတဲ့

အစည်းအဝေးတွေကို တက်ရောက်ခြင်းမရှိခဲ့သလို သူတို့တောင်းတဲ့ PR ဆိုင်ရာ စာရွက်စာတမ်းတွေကိုလည်း လုံးဝပေးပို့ခြင်း မရှိခဲ့ပါဘူး။

**မေး ။ ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အပါအဝင် စည်းလုံးညီညွတ်သော တိုင်းရင်းသား လူမျိုးများ မဟာမိတ် ( UNA) ပါတီတွေနဲ့ SNLD ရဲ့ အကြား မိတ်ဖက်ဆက်ဆံရေး အခြေအနေကိုလည်း သိပါရစေ။**

ဖြေ ။ ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီနဲ့ကတော့ အဆက်အသွယ်မရှိသလောက်ပါပဲ။ သူတို့ကိုယ်တိုင်ကလည်း ရုံးခန်းဖွင့်ပြီးတော့ ရပ်တည်နိုင်တဲ့ အနေအထားမျိုး မရှိတဲ့အခါကျတော့ လူပုဂ္ဂိုလ်ချင်း အဆက်အသွယ်လုပ်တာမျိုးကတော့ နည်းနည်းပါးပါးရှိပါတယ်။ သို့သော် တရားဝင် Party to Party အဲဒီလိုဆက်ဆံရေးမျိုးတော့ မရှိပါဘူး။

UNA ထဲမှာတော့ ကျွန်တော်တို့ စဉ်ဆက်မပြတ်ထိတွေ့မှုတွေရှိတယ်။ အစည်းအဝေးတွေ ထိုင်တာလည်းရှိပါတယ်။ လိုအပ်ရင်တော့ ဆွေးနွေးပွဲတွေလည်း လုပ်လေ့ရှိပါတယ်။ ရွေးကောက်ပွဲနဲ့ ပတ်သက်ရင်တော့ အများစုကတော့ လက်သင့်မခံနိုင်စရာရွေးကောက်ပွဲ၊ စောင့်ကြည့်ရဦးမဲ့ ရွေးကောက်ပွဲတစ်ခုလို့ပဲ မြင်ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ စစ်ကောင်စီကိုယ်တိုင်က ရွေးကောက်ပွဲကို ဘယ်နေ့ ဘယ်အချိန်မှာ ကျင်းပမယ်။ ဘယ်လို စည်းမျဉ်း၊ စည်းကမ်းတွေနဲ့ ကျင်းပမယ်ဆိုတာ ရွေးကောက်ပွဲဥပဒေလည်း ထွက်မလာသေးဘူး ဆိုတော့။ သို့သော် ဘာပဲဖြစ်ဖြစ် စစ်ကောင်စီအနေနဲ့ကတော့ ဒီရွေးကောက်ပွဲကို ကျင်းပမယ်ဆိုရင် သူကိုယ်တိုင်က ဒိုင်လူကြီးသဘောမျိုး ရပ်တည်ပြီးတော့ ရွေးကောက်ပွဲ ကျင်းပပေးမယ်ဆိုတာမျိုးကတော့ သဘောသဘာဝ မကျဘူးပေါ့နော်။ ဒီလိုပဲ အားလုံးက ရှုမြင်ကြပါတယ်



အာဏာသိမ်းစစ်တပ်ကို ခုခံတော်လှန်နေသည့် စစ်ကိုင်းတိုင်းမှ ဒေသခံတော်လှန်ရေးသမားများကို ယခုလအတွင်းက တွေ့ရစဉ်။ (ဓာတ်ပုံ - Myanmar Now)

**မေး။ ။ ၂၀၁၀ ရွေးကောက်ပွဲ ကာလတုန်းကလိုပဲ စစ်ကောင်စီဘက်က နိုင်ငံရေးပါတီတွေကို မှတ်ပုံတင်ခိုင်းတာမျိုး လုပ်လာနိုင်ပါသလား။**

ဖြေ။ ။ ဒါကတော့ သူတို့နဲ့ နီးကပ်တဲ့ ပုဂ္ဂိုလ်တွေရဲ့ အင်တာဗျူးတွေမှာ ကြည့်ရင် သိသာ ထင်ရှားပါတယ်။ ရွေးကောက်ပွဲ အမှန်တကယ်ကျင်းပတော့မယ်ဆိုရင် နိုင်ငံရေးပါတီနဲ့ နိုင်ငံရေးပါတီမှတ်ပုံတင်ခြင်းဥပဒေအသစ်ကို ချမှတ်ပေးမှာပေါ့နော်။ ဒါက သူတို့လိုချင်တဲ့ ပါတီတွေကိုပဲ စိစစ်ယူဖို့နဲ့ သူတို့ မလိုလားအပ်တဲ့ ပါတီတွေကို သူတို့နဲ့ သဟဇာတမဖြစ်တဲ့ ပါတီတွေကို ရွေးကောက်ပွဲအဝန်းအဝိုင်းကနေ ဖယ်ပစ်ဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေလည်း ရှိကောင်းရှိမှာပေါ့။ အဲဒါက သူတို့ လုပ်လေ့လုပ်ထရှိတဲ့ အနေအထားပါ။ လုပ်မယ်ဆိုတာလည်း သေချာသလောက် ဖြစ်ပါတယ်။

**မေး။ ။ ပါတီမှတ်ပုံတင် ပယ်ဖျက်ခံရပြီး တရားမဝင် နိုင်ငံရေးပါတီတစ်ခု ဖြစ်သွားမှာကိုရော မစိုးရိမ်ဘူးလား။**

ဖြေ။ ။ ဒါကတော့ နိုင်ငံရေးလောကမ်လို့ပဲ ပြောရမှာပါပဲ။ စစ်ကောင်စီက ၂၀၁၀ တုန်းကလည်း တစ်ခါ လုပ်ခဲ့ပြီးပြီလေ။ ၁၉၉၀ မှာ ရွေးကောက်ပွဲဝင်ပြီး အနိုင်ရရှိတဲ့ ပါတီတွေကို သူတို့ရဲ့ နောက်ထပ် ထွက်တဲ့ ဥပဒေတွေကို လက်မခံလို့ဆိုပြီး ပယ်ဖျက်ခဲ့တဲ့ အစဉ်အလာလဲ ရှိခဲ့တာပဲ။ ဒါပေမဲ့ နောင်တစ်ချိန်ရောက်တော့လဲ တိုင်းပြည်ရဲ့ လိုအပ်ချက်၊ နိုင်ငံရေးရဲ့ လိုအပ်ချက်အရ ပြန်ပြီးတော့ နိုင်ငံရေးအဝန်းအဝိုင်းထဲတော့ ပြန်ရောက်လာကြတာပဲလေ။ ဒါက နိုင်ငံရေးလောကမ်ပဲဆိုတော့ သိပ်ပြီးတော့ ထည့်တွက်စရာမရှိဘူးလို့ မြင်ပါတယ်။

**မေး။ ။ လက်ရှိဖြစ်ပေါ်နေတဲ့ ဒီမိုကရေစီအခင်းအကျင်းအပေါ်မှာရော ဘာများ ဖြည့်စွက်ပြောချင်ပါသလဲ။**

ဖြေ။   ။ အခိကကတော့ ပန်းတိုင်ကို မျက်ခြည်မပြတ်ဖို့နဲ့ ကိုယ်သွားချင်တဲ့ လမ်းကြောင်းကို တစ်ဖက်နဲ့ တစ်ဖက် သည်းညည်းခံပြီးတော့  စုပေါင်းလုပ်ဆောင်တတ်ဖို့၊ အဲဒါတစ်ခုကို ကျွန်တော်တို့ ကြိုးပမ်းကြရပါလိမ့်မယ်။ ရည်မှန်းချက်ချင်း တူတယ်ဆိုရင်တောင်မှ သွားတဲ့ လမ်းကြောင်းချင်းမတူတဲ့အခါ အချင်းချင်း သဘောထားကွဲတတ်တာက ကျွန်တော်တို့ရဲ့ အစဉ်အလာတစ်ခုလိုဖြစ်နေတယ်။ အဲဒါကိုတော့ ကျွန်တော်တို့ အမြန်ဆုံး ပြုပြင်ဖို့ လိုအပ်တယ်လို့ ပြောချင်ပါတယ်။

https://myanmar-now.org/mm/news/13729

-----------------------------------------------------------------------------------------------

## မူဆယ် လူငယ်တစ်ဦးကို စစ်ကောင်စီမှ PDF ထောက်ပံ့ပေးနေသည်ဟု စွပ်စွဲကာ ထောင်ဒဏ် (၁၀) နှစ်ချ

By **Harn Lin** | January 13, 2023

သျှမ်းပြည် မူဆယ်ခရိုင် မူဆယ်မြို့တွင် နေထိုင်သည့် လူငယ်တစ်ဦးကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ PDF ထောက်ပံ့သည်ဟုဆိုပြီး စစ်ကောင်စီမှ ယနေ့ (ဇန်နဝါရီ ၁၃ ) ရက်တွင် အလုပ် နှင့် ထောင်ဒဏ် (၁၀) နှစ်ချလိုက်ကြောင်း သတင်းရရှိသည်။



ထောင်ဒဏ် ချမှတ်ခံရသည့် ကျော်ရဲထွေး (အလင်းသခင်)

မူဆယ်မြို့တွင် နေထိုင်သည့် အသက် ၂၉ နှစ်အရွယ်ရှိ ကျော်ရဲထွေး (အလင်းသခင်) ကို ယနေ့ (ဇန်နဝါရီ ၁၃ ) ရက် မူဆယ်ခရိုင် တရားရုံးတွင် အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၅၀ (ည) ဖြင့် အလုပ် နှင့် ထောင်ဒဏ် (၁၀) နှစ်ချလိုက်ကြောင်း နီးစပ်သည့် အသိုင်းအဝိုင်း တစ်ဦးက သျှမ်းသံတော်ဆင့်ကို ပြောသည်။

ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၄ ရက် ညနေ ၅ နာရီတွင် မူဆယ်မြို့တွင်ရှိသည့် ၎င်း၏ နေအိမ်ထံ မူဆယ် ရဲတပ်ဖွဲ့ အင်အား (၁၅) ဦး ဝန်းကျင်က အရပ်ဝတ်ဖြင့် အိမ်အရောက် လာဖမ်းဆီးသွားကြောင်း သိရသည်။

“ ကျနော်တို့ သျှမ်းပြည်မြောက်ပိုင်းက ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ PDF ကို လှူဒါန်းတယ်ဆိုပြီး စွပ်စွဲချက်တွေနဲ့ အမိန့်ချလိုက်တာဗျ။ ဖမ်းမိချိန်တုန်းက အဲ့ဒီ ပုဒ်မနဲ့ ဖမ်းခဲ့တာ မဟုတ်ဘူး၊ သူက ဖေ့ဘွတ် လူမှုကွန်ရက် စာမျက်နှာပေါ်မှာ “ နီးစပ်ရာ ကို တလရ လှူဒါန်း” ဆိုပြီးတင်လို့ ဖမ်းခံရတာ။ ဖမ်းဆီးပြီးတဲ့အခါမှ သူ့ဖုန်းထဲကို PDF ကိုလှူဒါန်း ဂုဏ်ပြု မှတ်တမ်းလွှာတွေ့တယ်။ အဲ့မှတ်တမ်းလွှာထဲမှာ သူ့နာမည်မရေးထားဘူး “ ဟု ၎င်း နီးစပ်သူတစ်ဦးက ပြောသည်။

အဆိုပါ မောင်ကျော်ရဲထွေး (အလင်းသခင်) ကို မူဆယ်ခရိုင် တရားရုံးမှ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၅၀ (ည) ဖြင့် တရားစွဲဆိုမှု အပေါ် မျှတမှုမရှိကြောင်း၊ ခိုင်မာသည့် သက်သေအထောက်အထား မရှိခြင်းဖြင့် အမိန့်ချမှတ်လိုက်သည်မှာ ကျေနပ်မှု မရှိကြောင်း ၎င်းနှင့်နီးစပ်သည့် အသိုင်းအဝိုင်းတစ်ဦးက ပြောသည်။

“ ကျနော် အမြင်နဲ့ ဆိုရင်တော့ သူတို့အမိန့်ချလိုက်တာ မတရားဘူးလို့ ထင်တယ်ဗျ။ သူရဲ့ ပြစ်မှုတွေမှာ တစုံတရာမှ ပြစ်မှုပေါ်ပေါက်တာ မရှိဘူး။ ခိုင်မာတဲ့ သက်သေအထောက်အထား မရှိဘူး။ သက်သေအထောက် အထားကလည်း ဘာပြစ်မှုမှမရှိဘဲ အမိန့်ချလိုက်တာ ဖြစ်တယ် “ ဟု ၎င်းနီးစပ်သည့် အသိုင်းအဝိုင်းတစ်ဦးက ပြောသည်။

စစ်တပ်က အာဏာသိမ်းပြီးနောက်ပိုင်း ပြည်သူ (၁၇,၂၁၇) ဦး ဖမ်းဆီးခံရပြီး ပြည်သူ (၂,၇၃၀) ဦး သတ်ဖြတ်ခံရကြောင်း နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း AAPP မှ ယမန်နေ့ (ဇန်နဝါရီ ၁၂) ရက်စွဲ၏ ထုတ်ပြန်ချက်အရ သိရသည်။

https://burmese.shannews.org/archives/32529

-----------------------------------------------------------------------------------------------

## တရက်တည်း စစ်ကောင်စီတပ်ဖွဲ့ဝင် အယောက် ၄၀ ခန့် သေဆုံးဟု NUG ပြော

Published By lusane | 13 January, 2023



ဇန်နဝါရီ ၁၂ ရက် မနေ့ကတရက်တည်း ဖြစ်ပွားခဲ့တဲ့ တိုက်ပွဲတွေမှာ စစ်ကောင်စီ အကြမ်းဖက်တပ်ဖွဲ့ဝင်အယောက် ၄၀ နီးပါး သေဆုံးခဲ့တယ်လို့ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) က ထုတ်ပြန်ပါတယ်။

အခုထုတ်ပြန်ထားတဲ့ အချက်အလက်ဟာ မြေပြင်အခြေအနေမှာ ပိုများနိုင်ပြီး တရက်တည်း ထိခိုက်ဒဏ်ရာ ရရှိတဲ့သူ အရေအတွက်ကတော့ ၆ ယောက်ထိ ရှိခဲ့တယ်လို့ ဆိုပါတယ်။

မြေပြင်တိုက်ပွဲတွေ ပြင်းထန်နေတဲ့ စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်မှာတော့ တပ်စွဲထားတဲ့ အကြမ်းဖက်စစ်ကောင်စီတပ်တွေကို PDF တပ်ဖွဲ့တွေက ပစ်ခတ်တိုက်ခိုက်ခဲ့ကြပြီး ဘုတလင်မြို့နယ်မှာတော့ လူဦး ရေစာရင်းကောက်ခံနေတဲ့ စစ်ကောင်စီတပ်တွေကို PDF တပ်ဖွဲ့တွေက မိုင်းဆွဲတိုက်ခိုက်ခဲ့ကြတယ်လို့ သိရပါတယ်။ မုံရွာမြို့နယ်မှာတော့ ကင်းပုန်းဝပ်နေတဲ့ စစ်ကောင်စီတပ်တွေကို PDF တပ်ဖွဲ့တွေက ပစ်ခတ် တိုက်ခိုက်ခဲ့ကြပြီး စစ်ကိုင်းမြို့နယ်မှာတော့ အကြမ်းဖက်စစ်ကောင်စီတပ်တွေကို PDF တပ်ဖွဲ့က မိုင်းဆွဲတိုက်ခိုက်ခဲ့တာကြောင့် စစ်ကောင်စီဘက်က ၂ ယောက် သေဆုံးခဲ့တယ်လို့ သိရပါတယ်။

ရွှေဘိုမြို့နယ်မှာတော့ အကြမ်းဖက်စစ်ကောင်စီတပ်တွေကို PDF တပ်ဖွဲ့က ၄၀ မမ နဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့ကြပြီး အရာတော်မြို့နယ်မှာတော့ စစ်ကောင်စီဂိတ်ကို LDF က ဒရုန်းနဲ့ ဗုံးကြဲတိုက်ခိုက်ခဲ့ကြတယ်လို့ ဆိုပါတယ်။

မန္တလေးမြို့မှာတော့ အကြမ်းဖက်စစ်ကောင်စီ ရဲစခန်းကို PDFတပ်ဖွဲ့တွေက ဒုံးပစ်တိုက်ခိုက်ခဲ့ကြတာကြောင့် စစ်ကောင်စီဘက်က ၂ ယောက် သေဆုံးခဲ့တယ်လို့ သိရပါတယ်။

ပဲခူးတိုင်း၊ ထန်းတပင်မြို့နယ်မှာတော့ စစ်ကောင်စီတပ်စခန်းကို PDF တပ်ဖွဲ့တွေက M79 နဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့ကြတာကြောင့် စစ်ကောင်စီဘက်က ၃ ယောက်သေဆုံးခဲ့ပြီး ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်မှာတော့ အကြမ်းဖက်စစ်ကောင်စီတပ်တွေက ဒေသခံတွေကို လေယာဉ်နဲ့ ဗုံးကြဲခဲ့ကြတယ်လို့ ဆိုပါတယ်။

လတ်တလောမှာတော့ အာဏာသိမ်းစစ်အုပ်စုရဲ့ ပြည်သူလူထုအပေါ် အကြမ်းဖက် ဖိနှိပ်ဖမ်းဆီး တိုက်ခိုက်သတ်ဖြတ်နေမှုတွေကို ပြည်သူတရပ်လုံးက အသက်ရှင်သန်ရေး အတွက် ခုခံကာကွယ်ပိုင်ခွင့်အရ ပြည်သူ့ခုခံစစ်ကို ဆင်နွှဲနေကြပြီး နိုင်ငံတဝန်းမှာတော့ မြန်မာပြည်သူတွေဟာ စစ်အာဏာရှင်စနစ် မြန်မာ့မြေပေါ်မှ အပြီးတိုင်ချုပ်ငြိမ်းရေးနဲ့ ဖက်ဒရယ်ဒီမိုကရေစီ တည်ဆောက်ရေးအတွက် ငြိမ်းချမ်းစွာဆန္ဒပြတဲ့ လူထုသပိတ် တိုက်ပွဲတွေ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေအနှံ့အပြား ပြုလုပ်နေကြသလို ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်တွေ၊ တိုင်းရင်းသား လက်နက်ကိုင်တပ်တွေနဲ့ စစ်ကောင်စီတပ်တွေကြား တိုက်ပွဲတွေ ပြင်းထန်နေပါတယ်။

NUG အစိုးရကတော့ ပြည်သူ့ခုခံတွန်းလှန်စစ်ပွဲ စတင်ခဲ့တဲ့ ၁ နှစ်အတွင်း အကြမ်းဖက် စစ်ကောင်စီဘက်က တပ်ဖွဲ့ဝင်ပေါင်း ၂၀,၁၅၀ ကျော်သေဆုံးကာ ဒဏ်ရာရသူ ၇,၀၀၀ ကျော်လောက်ရှိလာပြီး စစ်ကောင်စီ စိုးမိုးအုပ်ချုပ်နိုင်တဲ့နေရာဟာ တိုင်းပြည် နယ်မြေအကျယ်အဝန်းရဲ့ ထက်ဝက်တောင် မရှိတော့ဘူးလို့ NUG ယာယီသမ္မတ ဒူဝါလရှီးလက ပြောကြားထားပါတယ်။

ပြည်သူ့ခုခံတော်လှန်စစ် ကြေညာခြင်း တနှစ်ပြည့် အထိမ်းအမှတ်အဖြစ် အမျိုးသားညီညွတ်ရေးအစိုးရ ယာယီသမ္မတ ဒူဝါလရှီးလက နိုင်ငံတော်အခြေပြမိန့်ခွန်း ပြောကြားရာမှာ ထည့်သွင်းပြောဆိုခဲ့တာဖြစ်ပြီး ၁ နှစ်တာ ကာလအတွင်း ခန့်မှန်းခြေစာရင်းအရ PDF တွေနဲ့ မဟာမိတ် တိုင်းရင်းသား လက်နက်ကိုင် သူရဲကောင်းရဲဘော်တွေ စုစုပေါင်း ၁,၅၀၀ ကျော် ကျဆုံးခဲ့တယ်လို့လည်း သူက ပြောပါတယ်။

လူထုသပိတ်တိုက်ပွဲတွေအနေနဲ့ မြေပြင်တိုက်ပွဲတွေ ပြင်းထန်နေတဲ့ စစ်ကိုင်းတိုင်းဒေသကြီးမှာ ၁၂ ကြိမ်နဲ့ အများဆုံးဖြစ်ပွားခဲ့ ပြီး မကွေးတိုင်းဒေသကြီးမှာ ၂ ကြိမ်၊ မန္တလေးတိုင်းဒေသကြီးမှာ ၁ ကြိမ်စီ ဖြစ်ပွား ခဲ့တယ်လို့ ထုတ်ပြန်ချက်မှာ ဖော်ပြပါတယ်။

မြန်မာပြည်အနှံ့ တိုက်ပွဲတွေမှာ တပ်ဖွဲ့ဝင်တွေ သေဆုံးဒဏ်ရာရမှု အခြေအနေနဲ့ ပတ်သက်လို့ အကြမ်းဖက် စစ်ကောင်စီဘက်ကတော့ သတင်းထုတ်ပြန်တာ မရှိပါဘူး။

ဒါ့အပြင် စစ်ကောင်စီရဲ့ အဆိုးဆုံး အကြမ်းဖက်တာခံခဲ့ရတဲ့ စစ်ကိုင်းတိုင်းနဲ့ မကွေးတိုင်းထဲက မြန်မာပြည်အထက်ပိုင်း လမ်းပိုင်းတွေရဲ့ ၉၀ ရာခိုင်နှုန်းကို PDF တွေက ထိန်းချုပ်ထားနိုင်ပြီလို့ NUG အစိုးရက သတင်းစာရှင်းလင်းပွဲမှာ ပြောထားပြီး လက်ရှိ မြေပြင်မှာ အကြမ်းဖက်ခံနေရတဲ့ ကျေးရွာတွေဟာ စစ်ကောင်စီနဲ့ PDF တွေ နှစ်ဖက်စလုံး မထိန်းချုပ်နိုင်သေးတဲ့ ကြားနယ်မြေတွေ ဖြစ်တယ်လို့ ဆိုပါတယ်။

https://burmese.dvb.no/archives/573397

---------------------------------------------------------------------------------------------------

## စစ်အုပ်စု မီးရှို့သတ်ဖြတ်ခဲ့သည့် အရပ်သား ၃ ဦးအပါအဝင် ကျဆုံးပြည်သူ ၂၇၃၄ ဦးထိရှိလာ

Published By lusane | 13 January, 2023




မြန်မာနိုင်ငံမှာ အာဏာသိမ်း ၂ နှစ်နီးပါးအကြာ စစ်ကောင်စီတပ်တွေ အကြမ်းဖက် ပစ်ခတ်သတ်ဖြတ်မှုတွေကြောင့် နိုင်ငံတဝန်း အပြစ်မဲ့ကျဆုံးပြည်သူ ၂,၇၃၄ ယောက်နဲ့ ဖမ်းဆီးထိန်းသိမ်းခံရသူပေါင်း ၁၇,၂၅၀ ယောက် ထိရှိလာခဲ့ပြီလို့ အေအေပီပီက ထုတ်ပြန်ထားပါတယ်။

ဒီစာရင်းဟာ ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၁၃ ရက်အထိ အေအေပီပီက ကောက်ယူမှတ်တမ်းပြုစုထားတာဖြစ်ပြီး အမှန်တကယ် ကျဆုံးသူတွေဟာ ဒီထက်ပိုနိုင်တယ်လို့ ဖော်ပြပါတယ်။

နွေဦးတော်လှန်ရေးကာလအတွင်း ဒီနေ့အထိ ၁၃,၄၉၅ ယောက် လက်ရှိ ချုပ်နှောင်ခံထားရဆဲဖြစ်ပြီး အဲဒီထဲက ၂,၀၅၇ ယောက်ကတော့ ထောင်ဒဏ် ချမှတ်ခံထားရပါတယ်။

တော်လှန်ရေးနဲ့ ဆက်စပ်ပြီး သေဒဏ်ချမှတ်ခံထားရကာ အကျဉ်းထောင်တွေထဲ ထိန်းသိမ်းခံနေရသူအရေတွက်ကတော့ အယောက် ၁၀၀ ရှိနေပြီး မျက်ကွယ် သေဒဏ်ချမှတ်ခံထားရသူ ၄၂

ယောက်အပါအဝင် ၁၂၁ ယောက်ကတော့ မျက်ကွယ်ပြစ်ဒဏ်ချမှတ်ခံထားရတာကြောင့် သေဒဏ်ချမှတ်ခံထားရသူ စုစုပေါင်း ၁၄၂ ယောက် ရှိလာခဲ့ပြီဖြစ်ပါတယ်။

လတ်တလောအချိန်ထိ အာမခံနဲ့ လွတ်မြောက်သူ ၂၄ ယောက်ရှိပြီး ပြန်လည်လွတ်မြောက်လာသူဦးရေကတော့ ၃,၇၃၁ ယောက် ရှိခဲ့တယ်လို့ ဆိုပါတယ်။

ပြီးခဲ့တဲ့ ဇန်နဝါရီ ၁၂ ရက်မနက် ၁၀ နာရီလောက်က စစ်ကိုင်းတိုင်း၊ အင်းတော်မြို့နယ်မှာ အကြမ်းဖက်စစ်အုပ်စုရဲ့ ခလရ ၄၁၆ က ရမ်းသန်းပစ်ခတ်တဲ့ လက်နက်ကြီးကျည် ကျရောက် ပေါက်ကွဲခဲ့တာကြောင့် အင်း တော်လေး ကန်ပတ်လမ်းအနီးက လယ်ကွင်းထဲမှာ ပဲစိုက်နေတဲ့ တောင်သူ ဦးနိုင်ဝင်းဟာ ပေါင်ကို ထိမှန်ခဲ့ပြီး သွေးထွက်လွန်ကာ သေဆုံးသွားခဲ့တယ်လို့ သိရပါတယ်။ ဒါ့အပြင် ဦးနိုင်ဝင်းရဲ့ ဇနီးဖြစ်သူလည်း ဒဏ် ရာရရှိခဲ့တာကြောင့် အင်းတော်ဆေးရုံမှာ ဆေးကုသမှု ခံယူနေတယ်လို့ အေအေပီပီက ထုတ်ပြန်ပါတယ်။

ဒါ့အပြင် ပြီးခဲ့တဲ့ ဇန်နဝါရီ ၆ ရက်ကလည်း စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်၊ တည်ပင်ကျေးရွာနဲ့ ရှမ်းကုန်းကျေးရွာကို အင်အား ၁၅၀ လောက်ရှိတဲ့ ဖောင်းပြင်အခြေစိုက် ခမရ ၃၆၈ တပ်နဲ့ ပျူစောထီးပူးပေါင်း စစ် ကြောင်းတို့က စစ်ကြောင်းထိုးခဲ့တာကြောင့် အရပ်သား ၃ ယောက် စစ်ဘေးရှောင်နေချိန် စစ်ကြောင်းနဲ့ ထိပ်တိုက်တိုးကာ ဓားစာခံအဖြစ် ဖမ်းဆီးခံခဲ့ရပါတယ်။ ဖမ်းဆီးခံခဲ့ရတဲ့ အရပ်သား ၃ ယောက်ကတော့ ရှမ်း ကုန်းကျေးရွာက ဦးခင်မောင်ထွန်း (ခ) ကြက်တော၊ တည်ပင်ကျေးရွာက ကိုကျော်စိုးမိုး (ခ) ဘိုဘိုနဲ့ ကိုဆန်းမြင့်အောင် (ခ) ကြက်ခေါင်းတို့ ဖြစ်ကြပြီး သူတို့ဟာ မီးရှို့ သတ်ဖြတ်ခံခဲ့ရကာ သူတို့ရဲ့ ရုပ်အလောင်း တွေကိုတော့ ဇန်နဝါရီ ၁၀ ရက်နဲ့ ၁၁ ရက်တွေမှာ ပြန်လည်တွေ့ရှိခဲ့ရတယ်လို့ ဆိုပါတယ်။

အရပ်ဘက်အဖွဲ့အစည်းတွေက ခေါင်းဆောင်တွေ၊ အရပ်သားတွေ၊ တက်ကြွလှုပ်ရှားသူတွေ၊ သတင်းသမားတွေ၊ CDM လှုပ်ရှားနေတဲ့ ဝန်ထမ်းတွေ စတဲ့ နယ်ပယ်အသီးသီးမှ ဘယ်သူမဆို ဖမ်းဆီး၊ ထိန်းသိမ်း၊ တရားစွဲဆိုခံထားရတာတွေနဲ့ ပတ်သက်လို့ နွေဦးတော်လှန်ရေး ကာလအတွင်း ကျဆုံးသွားသူတွေရဲ့ အချက်အလက်တွေကို သိရှိပါက အေအေပီပီကို ဆက်သွယ်အသိပေး အကြောင်းကြားနိုင်ပါတယ်။

ဒါ့အပြင် ကျဆုံးအချက်အလက်တွေကို ဖော်ပြပါ fatality-data@aappb.org အီးမေးလ်နဲ့ အဖမ်းအဆီး အချက်အလက်တွေကို detention-data@aappb.org အီးမေးလ်တွေဆီလည်း တိုက်ရိုက်ပေးပို့ ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း အသိပေးထားပါတယ်။

https://burmese.dvb.no/archives/573403

---------------------------------------------------------------------------------------------------

## စစ်ကောင်စီ၏ ရွေးကောက်ပွဲအတွက် လူဦးရေစာရင်းကို ဖိအားပေး ကောက်နေ

By ဧရာဝတီ | 13 January 2023

စစ်ကောင်စီ ကျင်းပမည့် ရွေးကောက်ပွဲအတွက် မဲစာရင်း မှန်ကန်ရေး မြေပြင်လူဦးရေစာရင်းများ ကောက်ခံရာတွင် ဖိအားပေး ခြိမ်းခြောက်မှုများ ရှိနေကြောင်း လုပ်ငန်းစဉ်တွင် ပါဝင်နေရသည့် ပြည်သူများနှင့် ပရဟိတအဖွဲ့ဝင်များထံက သိရသည်။

မြေပြင်လူဦးရေစာရင်း ကောက်ယူမှုအား တနိုင်ငံလုံး အတိုင်းအတာဖြင့် ဇန်နဝါရီ ၉ ရက်မှ ၃၁ ရက်အထိ ကောက်ယူမည်ဟု ကြေညာထားပြီး မြေပြင်တွင် ကောက်ယူမှုများ စတင်နေပြီ ဖြစ်သည်။

စစ်ကောင်စီက ယခုကဲ့သို့ လူစာရင်းကောက်ခံရာတွင် လူထုအနေဖြင့် ပူးပေါင်းပါဝင်ရန်နှင့် ပါဝင်ခြင်းမရှိပါက မိမိတို့ကိုယ်တိုင် တာဝန်သာဖြစ်သည်ဟု ခြိမ်းခြောက်မှုများလည်း ရှိနေကြောင်း စာရင်းကောက်ခံခဲ့ရသည့် ရန်ကုန်မြို့ခံတဦးက ပြောသည်။

"မကြာခင် ရွေးကောက်ပွဲအတွက် လူဦးရေစာရင်း၊ သန်းခေါင်စာရင်းတွေ ကောက်ခံတော့မယ်။ အဲဒီတော့ ပါဝင်ပူးပေါင်းပေးရမယ်။ အချက်အလက် တိတိကျကျနဲ့ ပူးပေါင်းပေးရမယ်ပေါ့။ ကလန်ကဆန်လုပ်မယ်ဆိုရင် ဖမ်းဆီးအရေးယူတာတွေပါ လုပ်မယ်ဆိုပြီး ပြောတာတွေ ပါပါတယ်" ဟု ၎င်း၏ အတွေ့အကြုံကို ပြောပြသည်။

မန္တလေးတိုင်း၊ ပုသိမ်းကြီးမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်တွင်လည်း လူဦးရေစာရင်း ကောက်ခံမှုနှင့် ပတ်သက်ပြီး ရပ် ကွက်ရုံးသို့ အိမ်ထောင်စုစာရင်းများ လာရောက်ပေးပို့ရန်နှင့် ပေးပို့ခြင်းမရှိပါက နောက်ဆက်တွဲဖြစ်လာမည့် အကျိုး ဆက်များအား တာဝန်မယူနိုင်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့က ကြေညာထားသည်ဟု ဒေသခံတဦးက ပြော သည်။

၎င်းက "ကျနော်တို့ဆီမှာတော့ သူတို့က မြေပြင်ဆင်းပြီး စာရင်းကောက်တာ မဟုတ်ဘူး။ သူတို့ရုံးကို အိမ်ထောင်စု ဇယားတွေ မိတ္တူလာပေးပို့ဖို့ ကြေညာတာပေါ့။ မပေးရင် နောက်ဆက်တွဲဖြစ်လာမယ့် အကျိုးဆက်ကို သူတို့လည်း တာဝန်မယူနိုင်ဘူးဆိုတဲ့ ပုံစံမျိုး ကြေညာတာရှိတယ်" ဟု ပြောသည်။

ပြည်သူများအနေဖြင့် ဖိအားပေးမှုများကြောင့် လူဦးရေစာရင်း ကောက်ယူရာတွင် ပါဝင်ခဲ့ရသော်လည်း စစ်ကောင်စီ ကျင်းပသည့် ရွေးကောက်ပွဲတွင် မဲပေးမည် မဟုတ်ကြောင်း အမည်မဖော်လိုသူ ပြည်သူတဦးက ပြောသည်။

၎င်းက "စစ်ကောင်စီ လုပ်မယ့် ရွေးကောက်ပွဲမှာ မဲပေးမှာလားဆိုရင် ကျမကတော့ မပေးပါဘူး။ လုံးဝ စိတ်လည်း မဝင်စားပါဘူး။ ကျမတို့ ရွေးချယ်ထားပြီးသား အစိုးရတရပ်ရှိပြီးသားဖြစ်တဲ့အတွက် စစ်ကောင်စီလုပ်မယ့် ရွေး ကောက်ပွဲကို လုံးဝ လက်မခံနိုင်ပါဘူး" ဟု ပြောထားသည်။

ထိုသို့ စာရင်းကောက်ယူရာတွင် ပရဟိတအဖွဲ့များအား ရှေ့တန်းတင်ထားပြီး ဒေသအတွင်းရှိ စစ်တပ်၊ ရဲလုံခြုံရေးယူ ပေးကာ ကောက်ယူနေခြင်း ဖြစ်ကြောင်းလည်း သိရသည်။

ရန်ကုန်အနောက်ပိုင်းခရိုင် အတွင်းရှိ ပရဟိတ အသင်းဝင်တဦးက "ဝင်မပါချင်ဘူး။ ရပ်/ကျေးကနေခေါ်ပြီး ပါဝင် ပူး ပေါင်းပေးဖို့ ပြောတယ်။ ဘယ်လိုမှ အဆင်မပြေဘူး။ ဒါနဲ့ ပတ်သက်ပြီး ဝင်မလုပ်ပေးရင် ဆိုးကျိုး ဘာဖြစ်လာမလဲ ကြည့်ရသေးတယ်။ အားလုံးက ကြားညှပ်နေတယ်။ လုပ်ကိုင်ရခက်နေတယ်။ အသင်းဦးဆောင်တဲ့ သူတွေရဲ့ အိမ် ထောင်စုစာရင်းတွေကို အကုန်ယူထားတာ။ ပြဿနာရှာမှာလည်း စိုးရိမ်ရတယ်" ဟု ပြောသည်။

ထိုသို့ လူဦးရေစာရင်း ကောက်ယူရာတွင် ဖိအားပေးမှုကြောင့် ပါဝင်နေရသည့် အခြားသော ပရဟိတအဖွဲ့ ဦးဆောင်သူ တဦးကလည်း ၎င်းတို့အနေဖြင့် ပရဟိတစိတ်ဖြင့်သာ ပါဝင်နေရသော်လည်း ရွေးကောက်ပွဲနှင့် ပတ်သက်ပြီး မည်သည့် တာဝန်မှ မယူရဲကြောင်းလည်း ပြောသည်။

၎င်းက "ကျနော်တို့က သူတို့နားမှာ နေနေရတာလေ၊ လူတွေက အကြောက်တရားနဲ့ကျတော့ လုပ်ပေးရတာပဲ၊ သူတို့ ခေါ်တာ မသွားရင် ပြဿနာက လာဦးမယ်" ဟု ပြောသည်။

ယင်းပြင် ပရဟိတအဖွဲ့များအနေဖြင့် ယခု လူဦးရေ စာရင်းကောက်ယူခြင်းသာမကဘဲ ရှေ့လျှောက်တွင်လည်း ၎င်းတို့ ပြုလုပ်မည့် ရွေးကောက်ပွဲတွင် မဲရုံစောင့်ခိုင်းခြင်း၊ အရေးပေါ် ကယ်ဆယ်ရေး ဟုဆိုကာ မဲရုံစုရပ်များတွင် နေခိုင်းခြင်း များလည်း ကြုံတွေ့လာရနိုင်ကြောင်း ၎င်းက သုံးသပ်သည်။

အာဏာသိမ်း စစ်ခေါင်းဆောင်က ၎င်းတို့ ကျင်းပမည့် ရွေးကောက်ပွဲတွင် အနိုင်ရရှိသည့် ပါတီအား အာဏာလွှဲပေး မည်ဖြစ်ကြောင်း ပြောကြားထားပြီး ရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် တွန်းအားပေး လုပ်ဆောင်လျက်ရှိသည်။

သို့သော် စစ်ကောင်စီကျင်းပမည့် ရွေးကောက်ပွဲသည် အတုအယောင် ရွေးကောက်ပွဲသာဖြစ်ပြီး တရားမဝင်ကြောင်းနှင့် ပြည်သူလူထုမှလည်း ရွေးကောက်ပွဲ လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ခြင်းမပြုကြရန် အမျိုးသား ညီညွတ်ရေးအစိုးရ (NUG) နှင့် တော်လှန်ရေး အင်အားစုများက တိုက်တွန်းနှိုးဆော် သတိပေးလျက်ရှိသည်။

တအိမ်တက်ဆင်း မြေပြင်လူဦးရေ စာရင်းကောက်ယူနိုင်ရေးအတွက် အားပေးအားမြှောက်ပြုဆောင်ရွက်ကြသည့်အကြမ်းဖက် စစ်အုပ်စု၏ အုပ်ချုပ်ရေးအဖွဲ့များ၊ လဝက အဖွဲ့များနှင့် အခြားမည်သည့် ထောက်တိုင်မဆိုအကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေဖြင့် အရေးယူမည်ဖြစ်ကြောင်းလည်း NUG ပြည်ထဲရေးနှင့်လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ပြီးခဲ့သည့် ဇန်နဝါရီ ၉ ရက်ကလည်း တနင်္သာရီတိုင်း၊ လောင်းလုံမြို့နယ်အတွင်း လူဦးရေစာရင်း ကောက်ယူရာတွင်လုံခြုံရေး လိုက်ပါလာသည့် ဒုရဲအုပ်တဦး သေနတ်ဖြင့် ပစ်သတ်ခံရမှု ဖြစ်ပွားခဲ့သည်။

ယမန်နေ့ ဇန်နဝါရီ ၁၂ ရက်ညပိုင်းအချိန်တွင်လည်း မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်ရှိ ၅၈ လမ်းနှင့် ၁၂၃လမ်းအနီး စ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးကို ဗုံးဖြင့် ဖောက်ခွဲခံခဲ့ရပြီး စစ်ကောင်စီ၏ ရွေးကောက်ပွဲဖြစ်မြောက်ရေးကူညီနေသည့် အတွက် ထိုသို့ လုပ်ဆောင်ရခြင်းဖြစ်ကြောင်း ACID Army PDF- MDY က သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် ဇန်နဝါရီ ၁၂ ရက်နေ့လယ်ပိုင်းတွင်လည်း မန္တလေး၊ ချမ်းမြသာစည်မြို့နယ်တွင် ရွေးကောက်ပွဲအတွက်လူဦးရေ စာရင်း ကောက်ယူနေသည့် စစ်ကောင်စီတပ်ဖွဲ့ဝင်များကို ဗုံးဖြင့် ဖောက်ခွဲခဲ့ကြောင်း မန္တလေးပြောက်ကျားတပ်ဖွဲ့ STF- MDY ကထုတ်ပြန်ထားသည်။

ထို့အတူ ရန်ကုန်မြို့ရှိ မြို့နယ်တချို့တွင် ရွေးကောက်ပွဲအတွက် ကူညီလုပ်ဆောင်နေကြသည့် စစ်ကောင်စီခန့်အုပ်ချုပ် ရေးမှူး၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၏ အမည်စာရင်းများကို ထုတ်ပြန်ပြီး သတိပေးမှုများလည်းပြုလုပ်လျက်ရှိသည်။

https://burma.irrawaddy.com/news/2023/01/13/257292.html

-----------------------------------------------------------------------------------------------------------

## အာဏာကို ဆက်လက်ချုပ်ကိုင်ထားဖို့ စစ်ခေါင်းဆောင် ကြံစည်နေ (ဆောင်းပါး)

By (ဓားရိုင်း) | 13 January 2023



အာဏာသိမ်းစစ်ခေါင်းဆောင်ကတော့ ၂၀၂၃ နှစ်သစ်အစမှာပဲ အရေးပေါ်ကာလအလွန် အာဏာကိုဆက်ထိန်း ထားနိုင်ဖို့ ခြေလှမ်းတွေစတင်နေပါတယ်။ သူ့ရဲ့နှစ်သစ်ကူးစကားထဲမှာ ငြိမ်းချမ်းရေးကိုအကြောင်းပြပြီး တိုင်းရင်း သားလက်နက်ကိုင်အဖွဲ့တွေကို မဲဆွယ်သွားခဲ့သလို ရွေးကောက်ပွဲမဟုတ်တဲ့ရွေးကောက်ပွဲကို နေရာလပ်မကျန် ကျင်းပမယ်ဆိုပြီး ပြောသွားပါတယ်။ ဒီမိုကရေစီအခွင့်အရေးတွေ မဆုံးရှုံးစေဖို့ တိုင်းရင်းသားဒေသတွေ အပါအဝင် တစ်နိုင်ငံလုံးနေရာအနှံ့ အကြားအလပ်မရှိ ရွေးကောက်ပွဲကျင်းပနိုင်ဖို့ ကြိုးစားဆောင်ရွက်နေတယ်ဆိုပြီး စစ်ခေါင်း ဆောင်ကပြောသွားခဲ့တာပါ။ မြန်မာ့နိုင်ငံရေး အချိုးအကွေ့တစ်ခုမှာ သမိုင်းကောင်းတစ်ခုကို ဖန်တီးနိုင်မယ့် အခွင့် အရေးကောင်းတစ်ခုကို တိုင်းရင်းသားပြည်သူတွေ ပိုင်ဆိုင်ခွင့်ရတဲ့ နှစ်တစ်နှစ်ဖြစ်လို့ ဒီအခွင့်အရေးကို အရယူနိုင်ဖို့ မျှော်လင့်တယ်ဆိုပြီးလည်း ဆိုသွားခဲ့ပါတယ်။ ဒါ့အပြင် အပစ်ရပ်သက်တမ်းတိုးတဲ့ ကြေညာချက်ကိုလည်း

စစ်ကောင်စီက ထုတ်ပြန်သွားခဲ့တာတွေ့ရပါတယ်။ ပါးစပ်ကအပစ်ရပ်ပြီး ပြောင်းဝကနေကျည်ထွက်နေတဲ့ အပစ်ရပ်ကာလကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်ကနေ ဒီဇင်ဘာ ၃၁ ရက်အထိထပ်မံသက်တမ်းတိုးခဲ့တာဖြစ် ပါတယ်။ ပြီးခဲ့တဲ့ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်မှာ သက်တမ်းကုန်ခဲ့တဲ့ အပစ်အခတ်ရပ်စဲရေးကို ၁ နှစ်တာ သက်တမ်းထပ်တိုးလိုက်တာဖြစ်ပြီး ငြိမ်းချမ်းရေးဆွေးနွေးမှုလုပ်ငန်းစဉ်တွေကို ဆက်လက်အကောင်အထည် ဖော်ဆောင်ရွက်နိုင်ဖို့အတွက် စစ်ရေးလှုပ်ရှားမှုကို တိုးမြှင့်ရပ်စဲလိုက်တာဖြစ်တယ်လို့လည်း ကြေညာချက်မှာ ဖော်ပြထားပါတယ်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်စပြီး ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ ၄ နှစ်တာကာလ အတွင်းကြည့်မယ်ဆိုရင် စစ်ကောင်စီထုတ်ပြန်ခဲ့တဲ့ အပစ်အခတ်ရပ်စဲရေးထုတ်ပြန်ချက်ပေါင်း ၂၁ ကြိမ်ရှိသွားခဲ့ပြီ လည်းဖြစ်ပါတယ်။ အပစ်အခတ်ရပ်စဲရာမှာ စစ်ကောင်စီနဲ့ တွေ့ဆုံဆွေးနွေးမှုတွေပြုလုပ်ခဲ့တဲ့ NCA လက်မှတ်ရေး ထိုးထားတဲ့ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA)၊ ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် ငြိမ်းချမ်းရေးကောင်စီ( KNU-KNLA/PC)၊ ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ (PNLO)၊ မွန်ပြည်သစ်ပါတီ(NMSP)၊ ရခိုင်ပြည် လွတ်မြောက်ရေးပါတီ(ALP)၊ သျှမ်းပြည် ပြန်လည်ထူထောင်ရေး ကောင်စီ (RCSS(SSA))၊ လားဟူ ဒီမိုကရက်တစ် အစည်းအရုံး(LDU ) ၇ ဖွဲ့နဲ့ NCA မထိုးထားတဲ့ ဝပြည်သွေးစည်း ညီညွတ်ရေး တပ်မတော် (UWSA)၊ အမျိုးသား ဒီမိုကရေစီ မဟာမိတ် တပ်မတော်( NDAA)၊ ရှမ်းပြည်တိုးတက် ရေးပါတီ SSPP(SSA) တို့နဲ့သာ အပစ်ရပ်စဲခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာ အာဏာသိမ်းစစ်ကောင်စီနဲ့ ဆွေးနွေး ညှိနှိုင်းမှုမရှိတဲ့ ကချင် အမျိုးသားလွတ်လပ်ရေး တပ်မတော် (KIA)၊ ကရင်အမျိုးသားအစည်းအရုံး (KNU)၊ ပလောင် (တအာင်း) အမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) တို့အပြင် တော်လှန်ရေးအင်အားစုတပ်ဖွဲ့ တွေနဲ့ စစ်ကောင်စီတပ်တွေအကြား တိုက်ပွဲတွေကတော့ နေ့စဉ်နဲ့ဆိုသလို ရှိနေတာပါ။ ရက္ခိုင့်တပ်တော် (AA)နဲ့ ကတော့ ပြီးခဲ့တဲ့လပိုင်းကမှ အလွတ်သဘော အပစ်ရပ်ထားခဲ့တာဖြစ်ပါတယ်။ မြန်မာ့မဟာဗျူဟာနဲ့ မူဝါဒရေးရာ လေ့လာရေးဌာန ISP မြန်မာရဲ့ စစ်တမ်းအရတော့ အာဏာသိမ်းမှုအလွန် ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၅ ရက်အထိ နိုင်ငံတစ်ဝန်း လက်နက်ကိုင်ပဋိပက္ခတိုက်ပွဲပေါင်း ၇၈၅၅ ကြိမ်ထက်မနည်း ဖြစ်ခဲ့ပွားခဲ့တယ်လို့ ဖော်ပြထားတာ

တွေ့ရပါတယ်။ အဲဒီတိုက်ပွဲတွေထဲမှာ စစ်ကောင်စီနဲ့ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ (EAOs) တွေအကြား ဖြစ်ခဲ့တဲ့ တိုက်ပွဲပေါင်း ၄,၅၄၈ ကြိမ်ထက်မနည်းရှိခဲ့တာပါ။ စစ်ကောင်စီနဲ့ ဒေသခံကာကွယ်ရေးတပ်ဖွဲ့တွေဖြစ်တဲ့ (PDF/LDF/CDF/CNDF/KNDF) တို့အကြား ဖြစ်ပွားခဲ့တဲ့တိုက်ပွဲပေါင်း ၂၂၆၇ ကြိမ်ထက်မနည်းရှိခဲ့သလို EAOs တွေနဲ့ ဒေသခံကာကွယ်ရေးတပ်ဖွဲ့တွေ ပူးပေါင်းပြီး စစ်ကောင်စီနဲ့ ဖြစ်ခဲ့တဲ့ တိုက်ပွဲပေါင်းကလည်း ၉၂၅ ကြိမ် ထက်မနည်း ရှိခဲ့တယ်လို့ ဖော်ပြထားပါတယ်။ ဒါကိုကြည့်မယ်ဆိုရင် စစ်ကောင်စီရဲ့အပစ်ရပ်စဲရေးဟာ သူတို့ ပစ်ချင်တဲ့ဒေသမှာပစ်ပြီး ရပ်ချင်တဲ့ဒေသမှာရပ်တဲ့ အပစ်အခတ်ရပ်စဲရေးသာဖြစ်ပါလိမ့်မယ်။

အာဏာသိမ်းစစ်ခေါင်းဆောင်ဟာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ သူ့ဘက်ပါလာအောင် နည်းမျိုးစုံနဲ့ စည်းရုံးသိမ်းသွင်းနေသလို စစ်အာဏာရှင်ဟောင်း အသိုင်းအဝိုင်းရဲ့ထောက်ခံမှုရအောင်လည်း ကြိုးစားနေတာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဇန်နဝါရီ ၁ ရက်က နေပြည်တော်မှာလုပ်တဲ့ လွတ်လပ်ရေးနေ့အကြို ဘွဲ့ထူးဂုဏ်ထူးတွေ ပေးအပ်ပွဲမှာဆိုရင်လည်း သံသရာမှာ ဘယ်ရောက်နေမှန်မသိတဲ့ ဝန်ကြီးချုပ် ဦးနု၊ သမ္မတ ဦးစန်းယု ၊ ဗိုလ်ချုပ် ကြီး နေဝင်းနဲ့ ဗိုလ်ချုပ်မှူးကြီး စောမောင်တို့ အပါအဝင် ဗိုလ်ချုပ်ကြီးတွေကို ဘွဲ့ထူးဂုတ်ထူးတွေ ချီးမြှင့်ခဲ့တာ တွေ့ရပါတယ်။ ဒီလို ဘွဲ့ထူး ဂုဏ်ထူးတွေ ပေးတယ်ဆိုတာ စစ်ကောင်စီလက်စွဲဥပဒေ ၂၀၀၈ ခြေဥအရ အာဏာ သိမ်း စစ်ကောင်စီ ဥက္ကဋ္ဌ တစ်ယောက်ရဲ့ တာဝန်တွေမဟုတ်ပါဘူး။ ယာယီသမ္မတ ဦးမြင့်ဆွေ လုပ်ဆောင်ရမယ့် တာဝန်တွေသာဖြစ်ပါတယ်။ ဒါကို သမ္မတ အဆောင်အယောင်တွေဝတ်ပြီး ဘွဲ့ထူး ဂုတ်ထူးတွေ ချီးမြှင့်ပေးနေ နေတဲ့ စစ်ခေါင်းဆောင်ရဲ့လုပ်ရပ်ဟာ သူရဲ့ သမ္မတရူးအိပ်မက်ကို အထင်သားပေါ်လွင်စေခဲ့တာတော့အမှန်ပါပဲ။ အခုလို တစ်ချိန်ကအာဏာရှင်ဟောင်းကြီးတွေကို ချီးမြှင့်မှုလုပ်တာကလည်း အာဏာသိမ်း စစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေနဲ့ ပေါ်ပြူ လာဖြစ်ချင်လို့ လုပ်တာမျိုးတော့ မဖြစ်နိုင်ပါဘူး။ အရေးပေါ် ကာလအလွန်မှာ အာဏာကိုနည်းမျိုးစုံနဲ့ ဆက်ထိန်းထားနိုင်ဖို့အတွက် စည်းရုံးရေးဆင်းတဲ့ လုပ်ရပ်လို့ပဲ မြင်ပါ တယ်။

ဘာကြောင့်လည်းဆိုရင် အရေးပေါ်ကာလအလွန်မှာ ယာယီသမ္မတ ဦးမြင့်ဆွေပါဝင်တဲ့ “အသွင်ကူးပြောင်း ရေးကောင်စီ” ဆိုတဲ့ နောက်ထပ်ကောင်စီတစ်ခုပေါ်ပေါက်လာဖို့ရှိနေပြီး အဲဒီကောင်စီကို သူကိုယ်တိုင် ဦးဆောင် သွားမယ့် သတင်းတွေ စစ်ကောင်စီအသိုင်းအဝိုင်းကနေ ထွက်နေတာကြောင့်ပဲဖြစ်ပါတယ်။ အခုလ ဇန်နဝါရီ ၃၁ ရက်ဆိုရင် စစ်အာဏာသိမ်းထားတာ ၂ နှစ်ပြည့်ပြီး အရေးပေါ်ကာလသက်တမ်း ကုန်ဆုံးတော့မှာဖြစ်တဲ့အတွက် ယာယီ သမ္မတ ဦးမြင့်ဆွေ ကို အာဏာပြန်လွှဲပေးရတော့မှာဖြစ်ပါတယ်။ ဒါပေမဲ့ အာဏာသိမ်း စစ်ခေါင်းဆောင် အနေနဲ့ ဦးမြင့်ဆွေကို အာဏာပြန်အပ်မယ့် ပုံစံမျိုးလုံးဝမတွေ့ရပါဘူး။ သတင်းတွေထွက်နေတဲ့အတိုင်း “အသွင်ကူးပြောင်းရေးကောင်စီ” သာပေါ်ပေါက်လာဖို့ရှိနေပါတယ်။ အဲဒီကောင်စီကို ၂၀၂၃ ခုနှစ် ဇန်နဝါရီလ အတွင်း အပြီးဖွဲ့စည်းမှာဖြစ်ပြီး သူကိုယ်တိုင်ပဲ ဦးဆောင်မှာဖြစ်သလို တိုင်းပြည်အာဏာကိုလည်း စစ်တပ်ကပဲ ဆက်လက်ချုပ်ကိုင်သွားဖို့ ရှိနေတာပါ။ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ အရေးပေါ်ကာလကို အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီက ၁ နှစ် တစ်ကြိမ်၊ ၆ လ နှစ်ကြိမ် သက်တမ်းတိုးခွင့်ပေးထားပြီး အဲဒါတွေ ပြီးသွားရင်တော့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကနေ ရွေးကောက်ပွဲ ကျင်းပပေးရမှာ ဖြစ်ပါ တယ်။ ၂၀၀၈ ဖွဲ့စည်းပုံအရ အရေးပေါ်ကာလဟာ ၂ နှစ်ပဲ ပြဋ္ဌာန်းထားတာမို့ ၂ နှစ်ထက်လွန်တဲ့ အရေးပေါ်လွန် ကာလအတွက် လက်ရှိ စစ်ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဟာ သူဘာဆက်လုပ်မလဲဆိုတာ တိုင်းပြည်ကို အသိပေးဖို့ တာဝန်ရှိနေတာလည်းဖြစ်ပါတယ်။ ဒါပေမဲ့ စစ်ခေါင်းဆောင်ကတော့ ဒီကိစ္စနဲ့ပတ်သက် ပြီး အရိပ်အယောင်တောင်မပြခဲ့ပါဘူး။ သူ့စိတ်ကြိုက်ချယ်လှယ်မဲ့ ရွေးကောက်ပွဲမဟုတ်တဲ့ ရွေးကောက်ပွဲအတွက် သာကြိုတင်ပြင်ဆင်နေတာကို တွေ့ရပါတယ်။ အောက်ခြေမှာ စစ်ကောင်စီ စိတ်ကြိုက်လိုက်ပါလုပ်ဆောင်မယ့် ရပ်/ကျေး အုပ်ချုပ်ရေးမှူးတွေကို ကြံ့ဖွံ့ပါတီဝင်တွေနဲ့ အစားထိုးတာ၊ လူဦးရေစာရင်းတွေ ပြန်ကောက်ဖို့ ကြိုးစား တာနဲ့ ကော်မရှင်အဖွဲ့ဝင်ဟောင်းတွေကို လိုက်လံဆက်သွယ်တာတွေ ပြုလုပ်နေပါတယ်။ ကြံ့ဖွံ့ပါတီမှာဆိုရင် လည်း စစ်ခေါင်းဆောင်ရဲ့အမိန့်ကို အသင့်ခေါင်းညိတ်ပေးမယ့် ပါတီဥက္ကဋ္ဌ ဦးခင်ရီက အသင့်ရှိနေပြီဖြစ်ပါတယ်။ ဒ့ါအပြင် ပါတီထိပ်ပိုင်းခေါင်းဆောင်တွေကိုလည်း စစ်ဗိုလ်ချုပ်တွေနဲ့ လူစားထိုးပြီး ပြင်ဆင်ဖွဲ့စည်းထားခဲ့တာပါ။ လက်ရှိ စစ်ကောင်စီခန့် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ စစ်ဗိုလ်ချုပ်ဟောင်း ဦးသိန်းစိုး ဆိုတာကလည်း ၂၀၁၀ တုန်းက အမျိုးမျိုး မဲလိမ်မှုတွေနဲ့ ကလိမ်ကကျစ်လုပ်ခဲ့တဲ့ ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ပဲဖြစ်ပါတယ်။ ၂၀၂၀ ရွေးကောက်ပွဲရလဒ်ကို ရွေးကောက်ပွဲကော်မရှင်က ဖျက်သိမ်းပိုင်ခွင့်မရှိဘဲ ဖျက်သိမ်းခဲ့တာကိုကြည့်ရင် အဖြေက ရှင်းနေပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တည်ဆဲရွေးကောက်ပွဲဆိုင်ရာ ဥပဒေတွေအရ ရွေးကောက်ပွဲ ကော်မရှင်တစ်ခုဟာ ရွေးကောက်ပွဲရလဒ်တစ်ခုလုံးကို ပယ်ဖျက်ခွင့်မရှိဘဲ တိုင်ကြားချက်တစ်ခုချင်းကိုပဲ ခုံဖွဲ့ စစ်ဆေးဆုံးဖြတ်လို့ရတာဖြစ်ပါတယ်။ ဒါကို ဦးသိန်းစိုးက စစ်ခေါင်းဆောင်အလိုကျ ၂၀၂၀ မဲရလဒ်ကို ပယ်ဖျက် ပေးခဲ့တာဖြစ်ပါတယ်။ ဒါကိုကြည့်မယ်ဆိုရင် အာဏာသိမ်း စစ်ခေါင်းဆောင်ဟာ သူ့အာဏာတည်မြဲရေးနဲ့ သမ္မတ ဖြစ်ရေးအိပ်မက်အတွက် ပြင်ဆင်မှုတွေကို အတိုင်းအတာတစ်ခုထိရောက်အောင် လှမ်းထားပြီးဖြစ်တယ်လို့တောင် မှတ်ယူလို့ရနေပါတယ်။ အာဏာသိမ်း စစ်ကောင်စီခေါင်းဆောင်ဟာ အာဏာကို တင်းကျပ်ကျပ်ဆုပ်ကိုင်ထားနိုင်ဖို့ အတွက် ဗျူဟာ သုံးရပ်ကို ၂၀၂၃ အတွက် ချမှတ်ထားပြီးဖြစ်တယ်လို့လည်း ဝါရင့်သံတမန် နဲ့ အိန္ဒိယနိုင်ငံခြားရေး ဝန်ကြီးဟောင်း ခရစ်ရှနား ဆရီနီဗာဆန်က အိန္ဒိယ တယ်လီဂရပ်ဖ်သတင်းစာမှာပါတဲ့ သူ့ရဲ့ဆောင်းပါးမှာဖော်ပြ ထားတာတွေ့ရပါတယ်။ သူကလည်း စစ်ကောင်စီဟာ တော်လှန်ရေးအင်အားစုတွေကို ချေမှုန်းဖို့အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ နည်းမျိုးစုံသုံးပြီး အပစ်အခတ်ရပ်စဲရေးလုပ်ဖို့၊ လက်တစ်ဆုပ်စာ တိုင်းရင်းသားပါတီတွေနဲ့ NLD ပါတီက ဖောက်ပြန်ရေးသမားတချို့ကိုစည်းရုံးပြီး ရွေးကောက်ပွဲကျင်းပသွားဖို့၊ အချိုးကျကိုယ်စားပြုစနစ်(PR)ကိုအသုံးချပြီး လွှတ်တော်မှာ လူများစုပါတီဖြစ်မလာအောင်လုပ်ဖို့ ဆိုတဲ့ အစီအစဉ် တွေကို ချမှတ်ပြီးဖြစ်တယ်လို့ ဆိုထားပါတယ်။ လက်ရှိ စစ်ကောင်စီရဲ့အခြေအနေကလည်း ဒီလမ်းစဉ်တွေ အပေါ် မှာပဲ အခြေခံလာတာကို တွေ့နေရတာဖြစ်ပါတယ်။ ပြည်တွင်းမှာသာမက ပြည်ပမှာပါ ကျရှုံးနေပြီဖြစ်တဲ့ စစ်ကောင်စီအနေနဲ့ သူတို့ရဲ့ နိုင်ငံရေးကစားပွဲကို ဒီနည်းလမ်းတွေနဲ့ပဲ အဆုံးသတ်နိုင်ဖို့ ကြိုးစားမှာသေချာပါ တယ်။

https://www.mizzimaburmese.com/article/122225

-----------------------------------------------------------------------------------------

## စစ်ကောင်စီ၏ မဲခေါင်ထိပ်သီးအစည်းအဝေးအိမ်မက်ကို တရုတ်လျစ်လျူရှုခဲ့

### ဝန်ကြီးအဆင့် အစည်းအဝေးကို ပုဂံတွင် လုပ်နိုင်ခဲ့သော်လည်း ခေါင်းဆောင်များ တက်ရောက်ရမည့် ထိပ်သီးအစည်းအဝေး ဖြစ်မြောက်ရေး အစီအစဉ်ကို တရုတ်က လက်မခံဟု ဆိုသည်။

Myanmar Now | Published on Jan 13, 2023



၂၀၂၃ ဇန်နဝါရီ ၄ ရက်နေ့က နေပြည်တော် လွတ်လပ်ရေးနေ့အခမ်းအနားပွဲတွင် တွေ့ရသော အာဏာသိမ်းစစ်ခေါင်းဆောင် မင်းအောင်လှိုင် (ဓာတ်ပုံ - STR/AFP via Getty Images)

နိုင်ငံတကာအသိုင်းအဝိုင်းမှ ဖယ်ကြဉ်ခံထားရသည့် စစ်ကောင်စီက ပြီးခဲ့သည့်နှစ်ကုန်ပိုင်းတွင် မဲခေါင်ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေးကို ကမကထပြုလုပ်ရန် စီစဉ်ခဲ့သော်လည်း အိမ်နီးချင်း တရုတ်နိုင်ငံက လျစ်လျူရှုသဖြင့် အထမမြောက်ခဲ့ပေ။

လန်ချန်း - မဲခေါင် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (LMC) အလှည့်ကျဥက္ကဋ္ဌအဖြစ် စစ်ကောင်စီက ပြီးခဲ့သည့် ၂၀၂၂ နှစ်ကုန်ပိုင်းတွင် ထိပ်သီးအစည်းအဝေး ကျင်းပရန် ဖိတ်ကြားရာ  တရုတ်က အကြောင်းမပြန်ခဲ့ကြောင်း Al Jazeera သတင်းဌာန၏ ဇန်နဝါရီ ၁၁ ရက်နေ့ သတင်းတစ်ပုဒ်တွင် ရေးသားသည်။

မဲခေါင်ဒေသအတွင်း ဩဇာလွှမ်းမိုးနိုင်ရေးအတွက် LMC ကို တရုတ်နိုင်ငံက ဦးဆောင်ကာ မြန်မာ၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ထိုင်းနိုင်ငံတို့နှင့်အတူ ၂၀၁၆ တွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

ထိုနိုင်ငံများသည် မဲခေါင်မြစ်နှင့် ထိစပ်နေသော နိုင်ငံများဖြစ်ပြီး လျန်ချန်းဆိုသည်မှာ တရုတ်နိုင်ငံအတွင်း မဲခေါင်မြစ်ကို ခေါ်ဆိုခြင်း ဖြစ်သည်။

အဖွဲ့၏ (၇) ကြိမ်မြောက် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးကို ပြီးခဲ့သည့်နှစ် ဇူလိုင်လအတွင်း ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ပုဂံ၌ ကျင်းပခဲ့စဉ် မြန်မာနှင့် တရုတ်က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။

ထိပ်သီးအစည်းအဝေး ကျင်းပလျှင် နိုင်ငံခေါင်းဆောင်အဆင့် ပုဂ္ဂိုလ်များ တက်ရောက်ရမည် ဖြစ်သည်။

မကျင်းပဖြစ်ခဲ့သော လန်ချန်း-မဲခေါင် ထိပ်သီးအစည်းအဝေးတွင် တရုတ်နိုင်ငံဝန်ကြီးချုပ် လီကာချင်း အပါအဝင် အရှေ့တောင်အာရှနိုင်ငံများမှ ခေါင်းဆောင်များနှင့် တွေ့ဆုံရန် အာဏာသိမ်း စစ်ခေါင်းဆောင် မင်းအောင်လှိုင်က မျှော်လင့်ခဲ့သည်။

သို့သော် တရုတ်က အကြောင်းမပြန်သဖြင့် ထိပ်သီးအစည်းအဝေး အထမမြောက်ခဲ့ပေ။ မင်းအောင်လှိုင်သည် အာဏာသိမ်းပြီး နှစ်နှစ်ပြည့်လုချိန်အထိ ဒေသတွင်းနှင့် နိုင်ငံတကာအစည်းအဝေးများမှ ဖယ်ကြဉ်ခံထားရသည်။

“စစ်ကောင်စီဖိတ်ကြားချက်ကို ဘေဂျင်းက အကြောင်းမပြန်ဘူး။ ရက်စွဲတို့ တက်မယ့်အကြောင်းတို့လည်း မသတ်မှတ်နိုင်ခဲ့ဘူး” ဟု အရှေ့တောင်အာရှမှ သံတမန်အသိုင်းအဝိုင်းနှင့် နီးစပ်သူ ဟောင်ကောင်အစိုးရ အရာရှိဟောင်း Michael Ng က ပြောဆိုကြောင်း Al Jazeera သတင်း၌ ဖော်ပြသည်။

၂၀၂၁ ဖေဖော်ဝါရီလတွင် အာဏာသိမ်းပြီးကတည်းက မည်သည့် တရုတ်ခေါင်းဆောင်မှ မင်းအောင်လှိုင်နှင့် လူချင်း မတွေ့ဆုံသေးကြောင်းလည်း မကြာသေးမီကအထိ ထိုင်းနိုင်ငံ ဘန်ကောက်ရှိ ပောင်ကောင် စီးပွားရေးနှင့် ကုန်သွယ်ရေးရုံး ဒုတိယအကြီးအကဲ တာဝန်ယူထားသူ Ng က ဆိုသည်။

"ဝန်ကြီးချုပ်လီက မင်းအောင်လှိုင်နဲ့ တွေ့လိုက်မယ်ဆိုရင် စစ်အစိုးရကို တရားဝင် အပြည့်အဝ ထောက်ခံပေးလိုက်သလို ဖြစ်သွားမှာစိုးလို့ တရုတ်ဘက်က အေးတိအေးစက်လုပ်နေပုံရတယ်"

ပြီးခဲ့သည့်နှစ်အတွင်း ပုဂံ၌ကျင်းပသော လန်ချန်း - မဲခေါင်အစည်းအဝေးတွင် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိကိုယ်တိုင် ရောက်လာသော်လည်း နေပြည်တော်သို့ သွားရောက်ခဲ့ခြင်း မရှိပေ။ ပုဂံအစည်းအဝေးတွင် မင်းအောင်လှိုင်က နိုင်ငံ့အကြီးအကဲအဖြစ် တက်ရောက်လိုခဲ့သော်လည်း တရုတ်ဘက်က ပယ်ချခဲ့သည်ဟု နေပြည်တော်မှ လာသောသတင်းများက ဆိုသည်။ အဆိုပါ အချက်ကို သီးခြားအတည်မပြုနိုင်ပေ။

လန်ချန်း-မဲခေါင်ထိပ်သီးအစည်းအဝေး ကျင်းပရန် စစ်ကောင်စီဖိတ်ခေါ်ချက်ကို တရုတ်က အကြောင်းမပြန်ခဲ့ကြောင်း ကုလသမဂ္ဂငြိမ်းချမ်းရေး အင်စတီကျု (USIP) ၏ မြန်မာနိုင်ငံဆိုင်ရာ ဒါရိုက်တာဖြစ်သူ Jason Tower က ပြောသည်။

"LMC ကတဆင့် တရားဝင်အသိအမှတ်ပြုခံရမှု တိုးရအောင် မင်းအောင်လှိုင်ကြိုးပမ်းခဲ့ပေမဲ့ မအောင်မြင်ခဲ့ဘူး။ အာဆီယံကို ကျော်ပြီး လန်ချန်း-မဲခေါင် ထိပ်သီးအစည်းအဝေး ကျင်းပရေး အကြောင်းပြန်လိုက်ရင် အပြင်းအထန် ဝေဖန်ခံရမှာလေ" ဟု သူက ဆိုသည်။

စစ်ခေါင်းဆောင် မင်းအောင်လှိုင်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်တို့မှာ အာဆီယံအစည်းအဝေးများ တက်ရောက်ခွင့်လည်း ပိတ်ပင်ခံထားရသည်။

https://myanmar-now.org/mm/news/13730

----------------------------------------------------------------------------------------------------

## မြန်မာစစ်ကောင်စီနဲ့ တရုတ် ခွာပြဲကြပြီလား

By Thompson Chau နှင့် Dominic Oo | 13 January 2023

မြန်မာနိုင်ငံတွင် ဒေသဆိုင်ရာ အစည်းအဝေးတခု တက်ရောက်ရန် ဖိတ်ကြားသည်ကို တရုတ်ဝန်ကြီးချုပ် လီခဲ့ချန် မတက်ရောက်ဘဲနေခြင်းသည် နေပြည်တော်မှ စစ်ကောင်စီကို ၎င်းတို့၏ အင်အားအကြီးမားဆုံး မိတ်ဆွေများအနက် တနိုင်ငံဖြစ်သောတရုတ်က သိမ်သိမ်မွေ့မွေ့ ပညာပေးလိုက်ခြင်းဖြစ်နိုင်သည်။

စီစဉ်ထားသော လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေး (LMC) ထိပ်သီးဆွေးနွေးပွဲသို့ ဖိတ်ကြားမှုကို တရုတ်က မတုံ့ပြန်ဘဲနေခြင်းသည် မြန်မာစစ်ကောင်စီကို နိုင်ငံတကာဝိုင်းပယ်မှု မြင့်မားနေပြီး ၎င်းတို့၏ ပြည်တွင်း အုပ်ချုပ်ရေးကို ဆန့်ကျင်သည့် လက်နက်ကိုင် ပုန်ကန်မှုအား လျှော့ချနိုင်ခြင်း မရှိဘဲ နိုင်ငံတကာတရားဝင်မှု ရရှိအောင် မစွမ်းဆောင်နိုင်ချိန်တွင် ဖြစ်ပေါ်ခြင်းဖြစ်သည်။

ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ကြွယ်ဝချမ်းသာမှု မြှင့်တင်ရန် တရုတ်တည်ထောင် ဦးဆောင်သည့် LMC သည် မဲခေါင်မြစ် ဖြတ်သန်းစီးဆင်းနေသော အရှေ့တောင်အာရှ ငါးနိုင်ငံ ဖြစ်သည့် လာအို၊ မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်တို့ဖြင့် ဖွဲ့စည်းထားသည်။ မဲခေါင်မြစ် တိဘက်ကုန်းမြေမြင့်တွင် စတင်မြစ်ဖျားခံသည့် တရုတ်နိုင်ငံဘက်အခြမ်း၌ ထိုမြစ်ကို လန်ချန်းဟုခေါ်သည်။

၂၀၂၂ ခုနှစ်တွင် LMC အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူပြီးနောက် မြန်မာနိုင်ငံသည် လွန်ခဲ့သော နှစ်ကုန်က ထိုအဖွဲ့၏ ထိပ်သီးဆွေးနွေးပွဲကို ကျင်းပမည်ဟု မျှော်လင့်ခဲ့ကြကြောင်း ထိုအစည်းအဝေးကို စီစဥ်သူများနှင့် နီးစပ်သည့် သတင်းရင်းမြစ် နှစ်ခုက Aljazeera သတင်းဌာနသို့ ပြောသည်။ စစ်ကောင်စီခေါင်းဆောင် မင်းအောင်လှိုင်၊ တရုတ်မှ ဝန်ကြီးချုပ် လီနှင့် အရှေ့တောင်အာရှ ငါးနိုင်ငံမှခေါင်းဆောင်များ ထိုထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်မည်ဟု မျှော်လင့်ခဲ့ကြသည်။

သို့သော် ထိုသို့ဖိတ်ခေါ်သည်ကို တရုတ်ဘက်က တုံ့ပြန်ခြင်း မရှိသောကြောင့် ထိပ်သီးဆွေးနွေးပွဲ မကျင်းပဖြစ်ခဲ့ကြောင်း သိရသည်။

"စစ်ကောင်စီက ဖိတ်ကြားတာကို ဘေဂျင်းက မတုံ့ပြန်တော့ ထိပ်သီးဆွေးနွေးပွဲနေ့စွဲနဲ့ တက်ရောက်မှုကို မချမှတ်နိုင်ခဲ့ဘူး" ဟု အရှေ့တောင်အာရှတွင် နီးစပ်သော သံတမန် အဆက်အသွယ်ရှိသူ ဟောင်ကောင်အစိုးရ အရာရှိဟောင်း မိုက်ကယ် အန်းက ပြောသည်။

ဘန်ကောက်ရှိ ဟောင်ကောင် စီးပွားရေးနှင့် ကုန်သွယ်ရေးရုံးတွင် ဒုတိယ အကြီးအကဲအဖြစ် မကြာသေးမီကအထိ တာဝန်ထမ်းဆောင်ခဲ့သော မစ္စတာ အန်းက မြန်မာတွင် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ နောက်ပိုင်း မည်သည့် တရုတ်ထိပ်တန်းအရာရှိမှ စစ်ခေါင်းဆောင် မင်းအောင်လှိုင်နှင့် လူချင်းတွေ့ဆုံခြင်း မရှိသေးကြောင်းပြောသည်။

*ဘန်ကောက်ရှိ ဟောင်ကောင် စီးပွားရေးနှင့် ကုန်သွယ်ရေးရုံးတွင် ဒုတိယ အကြီးအကဲအဖြစ် မကြာသေးမီကအထိ တာဝန်ထမ်းဆောင်ခဲ့သော မစ္စတာ အန်းက မြန်မာတွင် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ နောက်ပိုင်း မည်သည့် တရုတ်ထိပ်တန်းအရာရှိမှ စစ်ခေါင်းဆောင် မင်းအောင်လှိုင်နှင့် လူချင်းတွေ့ဆုံခြင်း မရှိသေးကြောင်းပြောသည်။*

LMC ထိပ်သီးဆွေးနွေးပွဲသို့ ဖိတ်ခေါ်ခြင်းကို မတုံ့ပြန်ဘဲနေခြင်းသည် သာမန်မဟုတ်ကြောင်း ၎င်းကပြောသည်။

"တရုတ်ဘက်က အေးစက်စက်နေတာဟာ ဝန်ကြီးချုပ်လီက မင်းအောင်လှိုင်နဲ့ တွေ့ဆုံလိုက်ရင် စစ်ကောင်စီကို တရားဝင် အပြည့်အဝ အသိအမှတ်ပြုတဲ့သဘော သက်ရောက်သွားစေနိုင်လို့ ဖြစ်တယ်" ဟု မစ္စတာ အန်းက ပြောသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိသည် LMC ဝန်ကြီးများ အစည်းအဝေးကို ၂၀၂၂ ခုနှစ်၊ ဇူလိုင်လက ပုဂံတွင် တက်ရောက်စဥ် စစ်ကောင်စီခန့် နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် တွေ့ဆုံခဲ့သည်။




တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိသည် LMC ဝန်ကြီးများ အစည်းအဝေးကို ၂၀၂၂ ခုနှစ်၊ ဇူလိုင်လက ပုဂံတွင် တက်ရောက်စဥ် စစ်ကောင်စီခန့် ခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် တွေ့ဆုံခဲ့သည် / Xinhua

ဘေဂျင်းရှိ LMC အတွင်းရေးမှူးချုပ်ရုံးနှင့် ရန်ကုန်ရှိ တရုတ်သံရုံးတို့ကို Aljazeera က အီးမေးလ်ဖြင့် ဆက်သွယ်ပြီး မည်သည့်အတွက် ထိပ်သီးဆွေးနွေးပွဲ မကျင်းပဖြစ်သည်ကို မေးမြန်းသော်လည်း အကြောင်းပြန်ကြားခြင်း မရှိပေ။

အဆိုပြုထားသည့် ထိပ်သီးဆွေးနွေးပွဲတွင် ဘေဂျင်းက တက်ရောက်မှု မရှိခြင်းသည် အဖွဲ့ဝင် ၁၀ နိုင်ငံပါ ASEAN က မြန်မာစစ်ကောင်စီ ဝန်ကြီးများကို အစည်းအဝေးမှ ပိတ်ပင်ထားချိန်တွင် ဖြစ်ပွားခြင်းဖြစ်သည်။ ထိုသို့ပိတ်ပင်ရခြင်းမှာ စစ်ကောင်စီသည် စစ်အာဏာသိမ်းမှုကြောင့် ဖြစ်လာသည့် အကြမ်းဖက်မှုများ အဆုံးသတ်ရန် ၂၀၂၁ ခုနှစ်၊ ဧပြီလတွင် ASEAN က ချမှတ်သည့် အချက် ၅ ချက်ပါ ငြိမ်းချမ်းရေးလုပ်ငန်းစဥ်ကို စစ်ကောင်စီက အကောင်အထည်ဖော်ရာတွင် တိုးတက်မှု မရှိသောကြောင့် ဖြစ်သည်။

အမေရိကန် ပြည်ထောင်စု ငြိမ်းချမ်းရေးအင်စတီကျု (USIP) မှ မြန်မာနိုင်ငံဆိုင်ရာ ဒါရိုက်တာ ဂျေဆင် တာဝါကလည်း ဘေဂျင်းသည် စစ်ကောင်စီ၏ ဖိတ်ခေါ်မှုကို မတုံ့ပြန်ခဲ့ကြောင်း ပြောသည်။

"၂၀၂၂ ခုနှစ်ကုန် မတိုင်မီ မြန်မာမှာ ခေါင်းဆောင်တွေ အစည်းအဝေးကျင်းပဖို့ အဆိုပြုချက်ကို တရုတ်က လက်မခံဘူး" ဟု မစ္စတာ တာဝါက Aljazeera သို့ ပြောသည်။

ခပ်ရှောင်ရှောင်နေခြင်းဖြင့် တရုတ်သည် စစ်ကောင်စီနှင့် ဆက်ဆံရေးထက် ASEAN နှင့် ဆက်ဆံရေးကို ဦးစားပေးကြောင်း အချက်ပြလိုက်ခြင်းဖြစ်သည်ဟု မစ္စတာ တာဝါက ပြောသည်။

"ဒေသတွင်းမှာ တရားဝင်မှုရဖို့ LMC ကို အသုံးချမယ့် မင်းအောင်လှိုင်ရဲ့ အားထုတ်မှုက မအောင်မြင်ဘဲ LMC ခေါင်းဆောင်တွေ အစည်းအဝေးကျင်းပဖို့ သူ့ရဲ့တောင်းဆိုမှုကို အပြုသဘော တုံ့ပြန်လိုက်ရင် ASEAN ရဲ့ အချက်အခြာကျမှုကို ထိပါးစေမယ်၊ ASEAN ခေါင်းဆောင် အများအပြားဆီက ပြင်းထန်တဲ့ ဝေဖန်မှုတွေ ဖြစ်လာမယ် ဆိုတာကို တရုတ်က သိတယ်" ဟု Aljazeera သတင်းဌာနသို့ ၎င်းကပြောသည်။

"ဘေဂျင်းရဲ့ စိုးရိမ်ပူပန်မှုတွေမှာ ASEAN နိုင်ငံတွေရဲ့ ပြင်းထန်တဲ့ တုံ့ပြန်မှုဖြစ်အောင် လုပ်မိမှာ စိုးရိမ်တာ သေချာတယ်။ အဲဒီ ASEAN နိုင်ငံတွေက တရားမဝင် စစ်ကောင်စီပါဝင်တဲ့ အဆင့်မြင့် အစည်းအဝေးတွေဟာ အဲဒီလို အစည်းအဝေးတွေမှာ စစ်ကောင်စီကို မဖိတ်ဖို့ ASEAN ဘုံသဘောတူညီချက်ကို ထိခိုက်စေတယ်လို့ မြင်ကြတယ်" ဟုလည်း သူကပြောသည်။

*"ဘေဂျင်းရဲ့ စိုးရိမ်ပူပန်မှုတွေမှာ ASEAN နိုင်ငံတွေရဲ့ ပြင်းထန်တဲ့ တုံ့ပြန်မှုဖြစ်အောင် လုပ်မိမှာ စိုးရိမ်တာ သေချာတယ်။ အဲဒီ ASEAN နိုင်ငံတွေက တရားမဝင် စစ်ကောင်စီပါဝင်တဲ့ အဆင့်မြင့် အစည်းအဝေးတွေဟာ အဲဒီလို အစည်းအဝေးတွေမှာ စစ်ကောင်စီကို မဖိတ်ဖို့ ASEAN ဘုံသဘောတူညီချက်ကို ထိခိုက်စေတယ်လို့ မြင်ကြတယ်"*

တရုတ်နိုင်ငံ၏ သေနင်္ဂဗျူဟာ စီးပွားရေးစီမံကိန်းများနှင့် ပတ်သက်ပြီး ဖြည့်ဆည်းနိုင်စွမ်း မရှိကြောင်း ပြသနေသည့် စစ်ကောင်စီကို ထောက်ခံခြင်းအတွက် ASEAN နှင့်ဆက်ဆံရေး ထိခိုက်မည်ကို တရုတ်က လိုလားခြင်းမရှိဟုလည်း သူကဆက်ပြောသည်။

**အာဏာသိမ်းပြီးနောက် မြန်မာတွင် တရုတ်ရင်းနှီးမြှုပ်နှံမှု**

မြန်မာနိုင်ငံတွင် ကြီးထွားနေသော ပဋိပက္ခများသည် ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ကို ထိခိုက်စေသောကြောင့် ဘေဂျင်း၏ စိုးရိမ်ပူပန်မှုသည် မြန်မာနှင့် သံတမန်ဆက်ဆံရေး သက်သက်မျှသာ မဟုတ်ပေ။

မြန်မာမှ သုတေသန လုပ်ငန်းတခုဖြစ်သော မြန်မာ့မဟာဗျူဟာနှင့် မူဝါဒလေ့လာရေး အင်စတီကျု (ISP-Myanmar) ၏ သရုပ်ခွဲ လေ့လာမှုတခုအရ တနိုင်ငံလုံးတွင် အာဏာသိမ်းမှု ဆန့်ကျင်ရေး ပဋိပက္ခများ အရှိန်မြင့်မားလာသောကြောင့် တရုတ်ရင်းနှီးမြှုပ်နှံမှုများသည် ကြီးထွားနေသည့် အန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ အာဏာသိမ်းမှုနောက်ပိုင်း တနိုင်ငံလုံးတွင် တိုက်ပွဲပေါင်း ၇,၈၀၀ ကျော်ဖြစ်ပွားပြီး အနည်းဆုံး ၃၀၀ ခန့်သည် အဓိကကျသည့် တရုတ်စီမံကိန်းများ တည်ရှိရာနေရာများနှင့် တရုတ် ရင်းနှီးမြှုပ်နှံမှုအတွက် အလားအလာရှိသည့် စီမံကိန်းများနေရာတွင် ဖြစ်ပွားကြောင်း ISP-Myanmar ၏ အချက်အလက်များအရ သိရသည်။

တရုတ်နိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ပိုက်လိုင်းစီမံကိန်းများ တည်ရှိရာ မြို့နယ်ပေါင်း ၁၉ မြို့နယ်တွင် တိုက်ပွဲပေါင်း ၁၀၀ ကျော်ဖြစ်ပွားပြီး နိုင်ငံမြောက်ပိုင်းမှ တရုတ်နိုင်ငံက လုပ်ကိုင်နေသည့် လက်ပံတောင်း ကြေးနီသတ္တုတွင်းအနီး တိုက်ပွဲအနည်းဆုံး တဒါဇင်ဖြစ်ပွားသည်။

၂၀၂၁ နှင့် ၂၀၂၂ ခုနှစ်များအတွင်း ရှမ်းပြည်မြောက်ပိုင်းတွင်လည်း ထိပ်တိုက်တွေ့မှုများ ဖြစ်ပွားသည်။ ရှမ်းပြည်နယ်သည် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ စီမံကိန်းဟုခေါ်သည့် အဓိကကျသည့် စီမံကိန်းများ တည်ရှိသောနေရာလည်း ဖြစ်သည်။ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ စီမံကိန်းသည် ရထားလမ်းများ၊ အမြန်လမ်းများနှင့် ရေနက်ဆိပ်ကမ်းတခု အပါအဝင် စက်မှုနှင့် အခြေခံအဆောက်အအုံ စီမံကိန်းများ ပါဝင်ပြီး တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်နှင့် အိန္ဒိယ သမုဒ္ဒရာကို မြန်မာမှတဆင့် ချိတ်ဆက်မည့် အစီအစဉ်ဖြစ်သည်။

*၂၀၂၁ နှင့် ၂၀၂၂ ခုနှစ်များအတွင်း ရှမ်းပြည်မြောက်ပိုင်းတွင်လည်း ထိပ်တိုက်တွေ့မှုများ ဖြစ်ပွားသည်။ ရှမ်းပြည်နယ်သည် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ စီမံကိန်းဟုခေါ်သည့် အဓိကကျသည့် စီမံကိန်းများ တည်ရှိသောနေရာလည်း ဖြစ်သည်။*

နိုင်ငံမြောက်ပိုင်းမှ တိုင်းရင်းသား လက်နက်ကိုင်အုပ်စုများကို စစ်တပ်က ထိုးစစ်ဆင်ခြင်းသည်လည်း ၂၀၁၅ ခုနှစ်နောက်ပိုင်း တရုတ်-မြန်မာနယ်စပ်တွင် မကြုံဖူးသည့် မတည်ငြိမ်မှုများကို ဖြစ်စေသည်ဟု USIP မှ မစ္စတာ တာဝါက ပြောသည်။

တရုတ်နိုင်ငံ အနောက်တောင်ပိုင်းနယ်စပ်တွင် အခြေချသည့် တရုတ်စကားပြော ကိုးကန့်လူမျိုးစု သူပုန်များဖြစ်သည့် မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော် (MNDAA) ကို မကြာသေးမီ စစ်ကောင်စီက တိုက်ခိုက်သည့် မအောင်မြင်သော တိုက်ပွဲတခုအကြောင်းကိုလည်း မစ္စတာ တာဝါက ရည်ညွှန်းပြောဆိုသည်။

MNDAA သည် မင်းအောင်လှိုင်က ထိုးစစ်ဆင်သိမ်းယူသည့် ၂၀၀၉ ခုနှစ်အထိ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသနှင့် မြို့တော်လောက်ကိုင်ကို ထိန်းချုပ်ထားခဲ့သည်။ ထိုတိုက်ပွဲကြောင့် အရပ်သား ၃၀,၀၀၀ ကျော် တရုတ်နိုင်ငံသို့ ထွက်ပြေးခဲ့ကြသည်။ စစ်ကောင်စီ၏ လက်ရှိ လုံခြုံရေးပြဿနာများကို အခွင့်ကောင်းယူပြီး MNDAA သည် လောက်ကိုင်ကို ပြန်လည်သိမ်းပိုက်ရန် ရည်ရွယ်ထားပုံရသည်။

မြန်မာနိုင်ငံအခြေအနေသည် တရုတ်ရင်းနှီးမြှုပ်နှံမှုများ အတွက်သာမက သာမန်ပြည်သူများအတွက်ပါ မကောင်းကြောင်း မကြာသေးမီကအထိ မြန်မာတွင်အခြေစိုက်ခဲ့သော သုတေသီတဦးက Aljazeera သို့ ပြောသည်။

မြင့်မားနေသည့် လုံခြုံရေး အန္တရာယ်များကြောင့် တရုတ်နိုင်ငံသည် ၎င်းတို့ စီစဉ်ထားသည့် ရင်းနှီးမြှုပ်နှံမှုများကို အကောင်အထည်ဖော်ရန် စိန်ခေါ်မှုများကြောင်း တွေ့ရမည်ဖြစ်သည်ဟု လက်တုံ့ပြန်မည်ကို စိုးရိမ်သောကြောင့် အမည်မဖော်လိုသည့် ထိုသုတေသီက ပြောသည်။

စစ်ကောင်စီအောက်တွင် တရုတ်စီမံကိန်းများကို တာဝန်သိသော နည်းလမ်းဖြင့် အကောင်အထည် မဖော်ဘဲ သဘာဝ ပတ်ဝန်းကျင်နှင့် ဒေသခံပြည်သူများအတွက် အန္တရာယ်ဖြစ်မည်ကို ဒေသခံ လူမှုအသိုက်အဝန်းများနှင့် လူထုအခြေပြု အဖွဲ့အစည်းများကလည်း စိုးရိမ်ကြသည်။ တရုတ် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများကို ရပ်ဆိုင်းထားသင့်ပြီး "တရားဝင်အစိုးရ ပြန်တက်လာသောအခါမှသာ အကောင်းအထည် ဖော်သင့်ကြောင်း" အဆိုပါ သုတေသီက ပြောသည်။

**စစ်ကောင်စီကို ရှုတ်ချရန် ငြင်းဆန်**

တရုတ်၊ အိန္ဒိယ၊ ရုရှားနှင့် ထိုင်းနိုင်ငံတို့သည် မြန်မာတွင် လွန်ခဲ့သော နှစ်နှစ်နီးပါးက အာဏာသိမ်းပြီးနောက် တရားဝင်ဆက်ဆံရေး ဆက်လက် ထိန်းသိမ်းထားသည့် နိုင်ငံအနည်းငယ်တွင် ပါဝင်သည်။

ဒေါ်အောင်ဆန်းစုကြည်၏ ဒီမိုကရေစီနည်းကျ ရွေးကောက်ခံ အစိုးရကို ဖြုတ်ချပြီး အရပ်သားများကို သွေးချောင်းစီးစေသည့် အာဏာသိမ်းမှုနောက်ပိုင်းတွင် ၎င်းတို့သည် မြန်မာဗိုလ်ချုပ်များကို ရှုတ်ချရန် သို့မဟုတ် အရေးယူပိတ်ဆို့ရန် ငြင်းဆန်ကြသည်။ မြန်မာနိုင်ငံအခြေအနေကို စောင့်ကြည့်နေသည့် လူထုအခြေပြု အဖွဲ့အစည်းတခုဖြစ်သော နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ အဆိုအရ

စစ်ကောင်စီသည် လူပေါင်း ၂,၆၀၀ ကျော်ကိုသတ်ဖြတ်ထားပြီး နိုင်ငံရေး စွပ်စွဲချက်များဖြင့် လူပေါင်း ၁၆၅၀၀ ကျော်ကို ဖမ်းဆီးထားကြောင်း သိရသည်။

ဘေဂျင်းနှင့်မော်စကိုတို့သည် ကုလသမဂ္ဂလုံခြုံရေးကောင်စီက မြန်မာကို ပြင်းထန်သော အရေးယူမှု မပြုလုပ်ရန်လည်း တားဆီးထားကြသည်။




စစ်တပ်အာဏာသိမ်းပြီးနောက် ရန်ကုန်မြို့ တရုတ်သံရုံးရှေ့တွင် မြင်တွေ့ရသည့် ဆန္ဒပြမှု (ဓာတ်ပုံ – ဧရာဝတီ)

ကုလသမဂ္ဂ လုံခြုံရေးကောင်စီသည် ၇၄ နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် မြန်မာနိုင်ငံနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်ကို လွန်ခဲ့သောလက ချမှတ်သောအခါ တရုတ်၊ ရုရှားနှင့် အိန္ဒိယတို့က မဲမပေးဘဲနေသည်။ ထိုဆုံးဖြတ်ချက်က အကြမ်းဖက်မှု ရပ်ဆိုင်းရန်နှင့် နိုင်ငံရေး အကျဉ်းသားအားလုံးကို လွှတ်ပေးရန် တောင်းဆိုသည်။ ကျန်အဖွဲ့ဝင် ၁၂ နိုင်ငံက ဆုံးဖြတ်ချက်ချမှတ်ရေး မဲပေးခဲ့ကြသည်။

နိုဝင်ဘာလက ထုတ်ပြန်သည့် အစီရင်ခံစာတခုတွင် နိုင်ငံတကာ ဥပဒေပြုအမတ်များအဖွဲ့တခုက “ခိုင်မာပြီး ဝေဖန်မှုမရှိသော” ထောက်ခံမှု၊ အထူးသဖြင့် ဘေဂျင်းနှင့် မော်စကိုမှ ထောက်ခံမှုသည် မြန်မာစစ်ကောင်စီကို ဆက်လက် ရပ်တည်စေနိုင်ပြီး လူ့အခွင့်အရေးချိုးဖောက်မှုများ ဆောင်ရွက်နိုင်စေသည်ဟု ဖော်ပြထားသည်။

ဘေဂျင်းက ဗိုလ်ချုပ်များအပေါ် စိတ်အားထက်သန်မှု မရှိသော သဘောထားကြောင့် မြန်မာမှ စစ်အာဏာရှင် ဆန့်ကျင်ရေး အင်အားစုများသည် တရုတ်ကို ရန်သူအဖြစ် သဘောမထားသည့် အခြေအနေ ဖြစ်လာသည်။

ရွေးကောက်ပွဲ အနိုင်ရသော်လည်း စစ်အာဏာသိမ်းပြီးနောက် ဖြုတ်ချခံရသည့် လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော စင်ပြိုင် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) က တရုတ်ရင်းနှီးမြှုပ်နှံမှုများကို တိုက်ခိုက်ခြင်းအား ဆန့်ကျင်သည်။ NUG က ခုခံတော်လှန်ရေး အင်အားစုများဖြစ်သည့် ပြည်သူ့ကာကွယ်ရေး တပ်များအနေဖြင့် တရုတ်စီမံကိန်းများမှ ကင်းကင်းနေရန် တောင်းဆိုထားသည်။

*ရွေးကောက်ပွဲ အနိုင်ရသော်လည်း စစ်အာဏာသိမ်းပြီးနောက် ဖြုတ်ချခံရသည့် လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော စင်ပြိုင် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) က တရုတ်ရင်းနှီးမြှုပ်နှံမှုများကို တိုက်ခိုက်ခြင်းအား ဆန့်ကျင်သည်။ NUG က ခုခံတော်လှန်ရေး အင်အားစုများဖြစ်သည့် ပြည်သူ့ကာကွယ်ရေး တပ်များအနေဖြင့် တရုတ်စီမံကိန်းများမှ ကင်းကင်းနေရန် တောင်းဆိုထားသည်။*

မြန်မာနိုင်ငံမှ ဒီမိုကရေစီလိုလားသည့် နိုင်ငံရေးသမား၏ တရုတ်လိုလားသော သဘောထားသည် အံ့သြစရာမဟုတ်ပေ။

ဖြုတ်ချခံ ဒေါ်အောင်ဆန်းစုကြည်၏ NLD အစိုးရသည် တရုတ်တနိုင်ငံတည်းမူကို ထောက်ခံပြီး ဟောင်ကောင်မှ ဒီမိုကရေစီလိုလားသော ဆန္ဒပြပွဲများကို တရုတ်ကဖြိုခွဲခြင်းအား ရှုတ်ချခြင်း မပြုပေ။

လွန်ခဲ့သောနှစ်က ဘေဂျင်းတွင် ကျင်းပသည့် တရုတ်ကွန်မြူနစ်ပါတီ ၂၀ ကြိမ်မြောက် ကွန်ဂရက်တွင် သမ္မတ ရှီကျင့်ဖျင်ထံသို့ ဂုဏ်ပြုသောစာများကို NLD နှင့် NUG တို့ သီးခြားစီ ရေးသားပေးပို့ကြသည်ဟု သတင်းရင်းမြစ် နှစ်ခုက Al Jazeera သတင်းဌာနသို့ ပြောသည်။ သို့သော် တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာဌာန (CPCID) က NLD စာကို လက်ခံရရှိကြောင်းသာ လူသိရှင်ကြားဝန်ခံသည်။ ထိုသို့ ဖြစ်ရခြင်းမှာ NLD သည် မြန်မာနိုင်ငံတွင် တရားဝင် နိုင်ငံရေးပါတီ ဖြစ်သော်လည်း NUG ၏ ဥပဒေကြောင်းနှင့် နိုင်ငံရေးအဆင့်အတန်းကို ထိခိုက်စေသည်ဟု ဝါရှင်တန်

ဒီစီအခြေစိုက် သုတေသန လုပ်ငန်းဖြစ်သော စတမ်ဆွန် စင်တာမှ တရုတ်အစီအစဉ် ဒါရိုက်တာ ယွန်ဆန်းက Aljazeera သတင်းဌာနသို့ပြောသည်။

မြန်မာစစ်ဗိုလ်ချုပ်များသည်လည်း တရုတ်နှင့် အတူရပ်တည်ကြောင်း လူသိရှင်ကြားပြရန် ကြိုးစားသည်။

ဗိုလ်ချုပ်များ၏ လက်ဝေခံပါတီဖြစ်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) သည် လွန်ခဲ့သောနှစ်က ဝါရှင်တန်နှင့်ဘေဂျင်းအကြား သံတမန်ရေး မုန်တိုင်းထန်စေသည့် အောက်လွှတ်တော်ဥက္ကဋ္ဌ နန်စီပလိုစီ၏ ထိုင်ဝမ်ခရီးစဉ်ကို ကျယ်ကျယ်လောင်လောင် ဝေဖန်သည်။ မြန်မာနိုင်ငံခြားရေးဝန်ကြီးသည် ချုံကင်းတွင် မြန်မာကောင်စစ်ဝန်ရုံးဖွင့်ရန်နှင့် ထိုစဉ်ကနိုင်ငံခြားရေး ဝန်ကြီး ဝမ်ယိနှင့် တွေ့ရန်အတွက် တရုတ်နိုင်ငံသို့ မတ်လနှင့် ဧပြီလများတွင် တရားဝင်သွားရောက်ခဲ့သည်။

သံတမန်ရေးဝေဖန်မှုအရ လျှော့နည်းသော်လည်း တရုတ်က LMC ထိပ်သီးစည်းဝေးပွဲကို မတုံ့ပြန်ခြင်းကြောင့် မြန်မာဗိုလ်ချုပ်များကို ဂနာမငြိမ် ဖြစ်စေပြီး အင်အားကြီး မိတ်ဆွေထံမှ နောက်ထပ် မည်သို့သော တုံ့ပြန်မှု လာမည်၊ မလာမည်ကို သိချင်စေမည်ဖြစ်သည်။

မြန်မာစစ်ကောင်စီကို ဝေဖန်သည့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်ကို မကန့်ကွက်ဘဲ မဲမပေးဘဲနေရန် ဘေဂျင်းနှင့်မော်စကိုတို့ ရွေးချယ်ခဲ့ပြီးနောက် လွန်ခဲ့သောလက လူ့အခွင့်အရေး စောင့်ကြည့်အဖွဲ့ (HRW) မှ လူဝစ် ချာဘုန်န ပြောသည့်အတိုင်းဆိုရပါက **“**စစ်ကောင်စီ၏ ရက်စက်ကြမ်းကြုတ်မှုများကို ကာကွယ်ပေးရန်အတွက် စွန့်စားရန် စစ်ကောင်စီ၏ မိတ်ဆွေအနည်းငယ်သည်ပင် စိတ်အားထက်သန်ခြင်း မရှိတော့ကြောင်း ရုရှားနှင့်တရုတ်တို့ ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် မဲမပေးဘဲနေခြင်းက ပြသနေသည်**”** ဟုသာ ဆိုရမည်ဖြစ်သည်။

*(Al Jazeera မှ Thompson Chau နှင့် Dominic Oo တို့၏ Did Beijing deliver a snub to Myanmar's military regime? ကို ဘာသာပြန် ဖော်ပြသည်။)*

https://burma.irrawaddy.com/article/2023/01/13/257262.html

-----------------------------------------------------------------------------------------------------

## လေကြောင်းရန်ကာကွယ်ရေး ကူညီပေးရန် နိုင်ငံတကာကို NUG တိုက်တွန်းပန်ကြား

Published By DVB | 13 January, 2023



Photo - DSINFO

လေကြောင်းရန်ကာကွယ်ရေး အစီအမံတွေအတွက် ကူညီပံ့ပိုးပေးကြဖို့ မိတ်ဘက်နိုင်ငံတွေနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေကို အမျိုးသားညီညွတ်ရေးအစိုးရ (NUG) က တိုက်တွန်းလိုက်ပါတယ်။

စစ်ကောင်စီက အရပ်သားပြည်သူတွေကို ပစ်မှတ်ထားပြီး လေကြောင်းကနေ တိုက်ခိုက်နေတာတွေနဲ့ စပ်လျဉ်းပြီး ဇန်နဝါရီ ၁၂ ရက်မှာ ကြေညာချက်ထုတ်ပြန် ပြောလိုက်တာ ဖြစ်ပါတယ်။

စစ်ကောင်စီက အဲဒီလို လေကြောင်းတိုက်ခိုက်မှုတွေ ထပ်တလဲလဲ ကျူးလွန်နေတာကြောင့် မြန်မာနိုင်ငံတဝန်း စစ်ဘေးရှောင်ပြည်သူတွေ တနေ့ထက်တနေ့ ပိုမိုတိုးပွားလာနေပြီး လူသားချင်းစာနာမှု အကူအညီတွေလည်း

အရေးတကြီး လိုအပ်နေတယ်လို့ NUG အစိုးရ လူသားချင်းစာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဝန်ကြီးဌာနက ပြောပါတယ်။

အရပ်သားပြည်သူတွေကို ထိရောက်စွာ ကာကွယ်ပေးနိုင်ရေးအတွက် လူသားချင်းစာနာမှု အကူအညီတွေကို လုံလောက်စွာ ကူညီထောက်ပံ့နိုင်ဖို့၊ လေကြောင်းတိုက်ခိုက်မှုတွေ ရပ်တန့်အောင် အဘက်ဘက်က လုပ်ဆောင်ပေးဖို့နဲ့ ထိရောက်တဲ့ လေကြောင်းရန် ကာကွယ်ရေး အစီအမံတွေအတွက် လက်တွဲကူညီ ပံ့ပိုးပေးကြဖို့လည်း မိတ်ဘက်နိုင်ငံတွေနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေကို NUG က တွန်းထားပါတယ်။

စစ်ကောင်စီက နိုင်ငံတော်အာဏာကို မတရားလုယူခဲ့တဲ့ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်က စတင်ကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ နိုင်ငံတကာ ဥပဒေတွေကို ချိုးဖောက်ပြီး တိုင်းရင်းသားလူမျိုးတွေ အပါအဝင် ပြည်သူလူထုတရပ်လုံးအပေါ် လူ့အခွင့်အရေး ချိုးဖောက်တာ၊ ကျေးရွာလုံးကျွတ် မီးရှို့ဖျက်ဆီးတာတွေ၊ ပြည်သူလူထုအခွန်ဘဏ္ဍာငွေနဲ့ ဂျက်လေယာဉ်တွေ၊ စစ်လက်နက်ပစ္စည်းတွေ ဝယ်ယူကာ လေကြောင်းတိုက်ခိုက်မှုတွေကို နိုင်ငံအနှံ့ ကျူးလွန်နေတာ ဖြစ်ပါတယ်။

ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းနဲ့ မကွေးတိုင်းတွေမှာတော့ လေကြောင်းကနေ ဗုံးကြဲတိုက်ခိုက်မှုတွေ အကြိမ်ကြိမ်ပြုလုပ်ခဲ့သလို ချင်းအမျိုးသားတပ်ဦး (CNF) ဌာနချုပ် တည်ရှိရာ ဗစ်တိုးရီးယားစခန်းကို ဇန်နဝါရီ ၁၀ ရက်နဲ့ ၁၁ ရက်မှာ နှစ်ရက်ဆက်တိုက် တိုက်လေယာဉ်တွေနဲ့ ဗုံးကြဲတိုက်ခိုက်ခဲ့လို့ ချင်းအမျိုးသားတပ်ဦးဘက်က တပ်ဖွဲ့ဝင် ၅ ယောက် ကျဆုံးခဲ့ပါတယ်။

စစ်ကောင်စီက ဗစ်တိုးရီးယားစခန်းကို လေကြောင်းနဲ့ တိုက်ခိုက်ရာမှာလည်း ကလေးငယ်တွေ၊ အမျိုးသမီးတွေရှိရာ မိသားစုလိုင်းခန်းတွေနဲ့ ဆေးရုံ ဆေးခန်းတွေ၊ ဆေးပစ္စည်းသိုလှောင်တဲ့ နေရာတွေကို ပစ်မှတ်ထားကာ ဗုံးကြဲတိုက်ခိုက်တာကို ပြည်သူ့အစိုးရ အနေနဲ့ ပြင်းထန်စွာ ရှုတ်ချတယ်လို့လည်း ဆိုပါတယ်။

မနေ့ကလည်း ကရင်ပြည်နယ် ဖာပွန်ခရိုင် လေးဝါးရွာကို စစ်ကောင်စီက လေယာဉ်နဲ့ဗုံးကြဲလို့ ခရစ်ယာန်ဘုန်းကြီး အပါအဝင် ပြည်သူ ၅ ဦး သေဆုံးခဲ့ကာ ဘုရားကျောင်းနဲ့ စာသင်ကျောင်းတွေလည်း ထိမှန်ပျက်စီးသွားခဲ့ပါတယ်။

https://burmese.dvb.no/archives/573378

---------------------------------------------------------------------------------------------------------

## အိန္ဒိယလေပိုင်နက်ကိုကျူးကျော်ဝင်ရောက်မှု တားမြစ်ပေးရန် ဗဟိုအစိုးရကို မီဇိုလူငယ်များတောင်းဆို

By ယောလင်းထန်း (မတူပီ) | 13 January 2023



မြန်မာစစ်ကောင်စီတပ်က ချင်းအမျိုးသားတပ်ဦးဌာနချုပ်ကို လေကြောင်းမှဗုံးကြဲရာတွင် အိန္ဒိယလေပိုင်နက်ကိုကျူးကျော်သည့်အပြင် အိန္ဒိယနယ်မြေအတွင်း ဗုံးကျမှုဖြစ်ခဲ့ခြင်းနှင့်ပတ်သက်၍ မီဇိုရမ်လူငယ်အစည်းအရုံးက ရှုတ်ချပြောဆိုလိုက်ပြီး နောင်ကျူးလွန်မှုမဖြစ်ပွားအောင် ရပ်တန့်ပေးရန် အိန္ဒိယဗဟိုအစိုးရကို ဇန်နဝါရီလ ၁၂ ရက်နေ့က တောင်းဆိုလိုက်သည်။

" အိန္ဒိယမြေနဲ့ လေပိုင်နက်ထဲမှာ နိုင်ငံတကာဥပဒေချိုးဖောက်တဲ့အတွက် မြန်မာစစ်အစိုးရကို ကျနော်တို့ အပြင်းထန်ဆုံးအသုံးအနှုံးတွေနဲ့ရှုတ်ချပါတယ်။...မြန်မာစစ်တပ် ဂျက်တိုက်လေယာဉ်တွေအိန္ဒိယမြေကိုဗုံးကြဲတာနဲ့ အိန္ဒိယလေပိုင်နက်ထဲပျံသန်းတာကို မြန်နိုင်သမျှမြန်မြန်ရပ်တန့်ဖို့ အိန္ဒိယဟာ

တက်တက်ကြွကြွလုပ်ဆောင်သင့်တယ်။" ဟု မီဇိုရမ်လူငယ်အစည်းအရုံး (Tuipuiral Group) ၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ဇန်နဝါရီ၁၀ရက်နေ့က ချင်းပြည်နယ်ထန်တလန်မြို့နယ်အတွင်းရှိ CNF/CAN စခန်း ဗစ်တိုးရီးယားကိုစစ်ကောင်စီတပ်က လေကြောင်းမှဗုံးကြဲတိုက်ခိုက်မှုပြုရာတွင် အိန္ဒိယလေပိုင်နက်ထဲကျူးကျော်ဝင်ရောက်ခဲ့သည်ဟုဆိုသည်။ ထို့အပြင် ဗုံးမကြဲမီ နှစ်လအတွင်းကလည်း အိန္ဒိယလေပိုင်နက်ထဲဝင်ရောက်ပျံသန်းမှုများ အကြိမ်များစွာပြုလုပ်ခဲ့သည်ဟု လူငယ်အစည်းအရုံးကပြောသည်။

ဇန်နဝါရီလ ၁၀ရက်နေ့နှင့်၁၁ရက်နေ့များတွင်ဗစ်တိုးရီးယားစခန်းကို ဗုံးကြဲတိုက်ခိုက်ခဲ့သည့်အတွက် စခန်းအတွင်းရှိ ရဲဘော်ငါးဦးကျဆုံးခဲ့ပြီး ၁၀ ဦးဒဏ်ရာရကာ ဆေးပေးခန်းနှင့် လူနေအဆောင်များပျက်စီးခဲ့သည်။ ဇန်နဝါရီ ၁၁ ရက်နေ့က နောက်ထပ်ဗုံးနှစ်ကြိမ်ကြဲချခဲ့သည်။

အိန္ဒိယဘက်သို့ ဗုံးကျမှုတစ်ခုတွင် တီရောမြစ်အနီးသဲကျုံးနေသော မော်တော်ယာဉ်တစ်စီးပျက်စီးခဲ့ပြီး ဒေသခံများအထိတ်တလန့်ဖြစ်ခဲ့ကြရသည်။

" တိုက်လေယာဉ်တွေက အိန္ဒိယလယ်သမားတွေ၊ သဲကျုံးသူတွေနဲ့ သာမန်လူထု အထူးသဖြင့်ကို အိန္ဒိယ-မြန်မာနယ်စပ်ဧရိယာမှာနေထိုင်တဲ့သူတွေကို တုန်လှုပ်ခြောက်ခြားစေတာ ကြောက်ရွံ့စေတာတွေဖြစ်ခဲ့တဲ့အတွက် ကျွနုပ်တို့အမိမြေအိန္ဒိယအတွက် ဒါဟာ နာကျင်စရာကောင်းလှတဲ့စော်ကားမှုဖြစ်တယ် ’’ ဟု မီဇိုလူငယ်အစည်းအရုံးက ပြောသည်။

အိန္ဒိယအစိုးရဘက်က ဗုံးကျသည့်နေရာကို စစ်ဆေးမှုများပြုလုပ်သော်လည်း ကန့်ကွက်ပြောကြားခြင်းပြုသည်ကို ယခုသတင်းပေးပို့ချိန်ထိ မကြားသိရပါ။

မီဇိုရမ်လူငယ်အစည်းအရုံးသည် အိန္ဒိယတစ်နိုင်ငံလုံးရှိ လူငယ်အသင်းအဖွဲ့များတွင် ဒုတိယအကြီးဆုံးဖြစ်ပြီး ယခုထုတ်ပြန်ချက်ကို မြန်မာနိုင်ငံနှင့်နယ်နမိတ်ချင်းထိစပ်နေသော အိန္ဒိယအရှေ့မြောက်ဒေသရှိ ပြည်နယ်တစ်ခုဖြစ်သော မီဇိုရမ်ပြည်နယ်၏မြို့နယ်ခွဲတစ်ခုက ထုတ်ပြန်ခြင်းဖြစ်သည်။

https://www.mizzimaburmese.com/article/122190

-----------------------------------------------------------------------------------------------------

## CNF ဌာနချုပ်လေကြောင်းတိုက်ခိုက်ခံရမှု အိန္ဒိယဝေဖန်ခံရ

ဇန်နဝါရီ ၁၃၊ ၂၀၂၂ (ဗွီအိုအေ၊မြန်မာ)

မြန်မာစစ်တပ်က ချင်းအမျိုးသားတပ်ဦး CNF ရဲ့ ဌာနချုပ်ရှိရာကို ပြီးခဲ့တဲ့ရက်ပိုင်းက ဗုံးကြဲတိုက်ခိုက်ခဲ့တာမှာ အိန္ဒိယက လေကြောင်းပိုင်နက်ကို အသုံးပြုခဲ့ပုံရတယ်လို့ နိုင်ငံရေး အကဲခတ်တွေက စွပ်စွဲပါတယ်။ မြန်မာဘက်က လေကြောင်းပိုင်နက်ချိုးဖောက်မှုမလုပ်အောင်နဲ့ နိုင်ငံတကာ ဥပဒေချိုးဖောက်မှုတွေကို ဟန့်တားပေးဖို့ လူ့အခွင့်အရေး အဖွဲ့တခုဖြစ်တဲ့ Fortify Rights အဖွဲ့ကလည်း အိန္ဒိယအစိုးရကို တောင်းဆိုလိုက်ပါတယ်။ ဒီအကြောင်း သတင်းပေးပို့ချက်ကို ကိုအောင်အောင် တင်ဆက်မှာပါ။

အိန္ဒိယ-မြန်မာနယ်စပ်မှာရှိတဲ့ ချင်းအမျိုးသားတပ်ဦး CNF ရဲ့ ဌာနချုပ်နယ်မြေထဲက ဝိတိုရိယစခန်းအပေါ် မြန်မာစစ်တပ်က ပြီးခဲ့တဲ့ အင်္ဂါနေ့နဲ့ ဗုဒ္ဓဟူးနေ့တွေမှာ ဗုံးကြဲတိုက်ခိုက်ခဲ့တာမှာ အိန္ဒိယပိုင် နယ်နမိတ်ထဲအထိ တိုက်လေယာဉ်တွေ ဝင်ခဲ့တာကြောင့် စစ်တပ်က လေကြောင်းပိုင်နက်ချိုးဖောက်တာ၊ နိုင်ငံတကာ ဥပဒေချိုးဖောက်မှုတွေကို ဟန့်တားပေးဖို့ လူ့အခွင့်အရေး အဖွဲ့တခုဖြစ်တဲ့ Fortify Rights အဖွဲ့က အိန္ဒိယအစိုးရကို

တောင်းဆိုလိုက်ပါတယ်။ မြန်မာစစ်တပ်ရဲ့ လေကြောင်းတိုက်ခိုက်မှုကြောင့် အိန္ဒိယနိုင်ငံနယ်နမိတ်အတွင်းမှာပါ ဗုံးတွေကျခဲ့တဲ့အကြောင်း Fortify Rights အဖွဲ့ရဲ့ ကြေညာချက်မှာ ဖေါ်ပြပါတယ်။ အိန္ဒိယအစိုးရဟာ သူ့ရဲ့ အကျိုးစီးပွားအတွက် မြန်မာစစ်တပ်နဲ့ အပေးအယူကိစ္စတွေ ရှိနေကြောင်း နိုင်ငံရေး စောင့်ကြည့်သူတွေက ပြောပါတယ်။ အိန္ဒိယအစိုးရက မြန်မာစစ်တပ်ကို အကူအညီတွေပေးရုံနဲ့ သူ့ရဲ့စီမံကိန်းတွေ ဖြစ်မြောက်လာလိမ့်မယ်လို့ မထင်ကြောင်း မြန်မာလူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူ Nickey Diamond က ဗွီအိုအေကို ပြောပါတယ်။

" အိန္ဒိယက လေကြောင်းပိုင်နက် အသုံးပြုခွင့်ပေးတာက အရမ်းကို အန္တရာယ်များတယ် ဘာကြောင့်လဲဆိုရင် နယ်စပ်မှာရှိတဲ့ တော်လှန်ရေးစခန်းတွေက နယ်စပ်မျဉ်းနဲ့ အရမ်းကပ်နေပြီးတော့ သူတို့ လေကြောင်းတိုက်ခိုက်မှု လုပ်တယ်ဆိုရင် အမြဲတမ်း ဖြစ်နိုင်တဲ့ risk က နယ်စပ်ကျော်ပြီး အိန္ဒိယဘက်ကို လက်နက်ကြီးတွေ၊ ဗုံးတွေကျမယ် ပြီးရင် အိန္ဒိယပြည်သူတွေ ထိခိုက်၊ သေဆုံးတာတွေ ဖြစ်နိုင်တယ်ပေါ့။ အဲဒီတော့ အိန္ဒိယက ဘာကြောင့် ဒီမြန်မာစစ်တပ်ကို လေကြောင်းပိုင်နက် အသုံးပြုခွင့် ပေးတာလဲဆိုတော့ သူ့ရဲ့အကျိုးစီးပွားတွေက ရှိနေတယ်ပေါ့။ ရခိုင်နဲ့ ချင်းပြည်နယ်မှာ သူတို့ ကုလားတန်မြစ်ဝှမ်း စီမံကိန်းတွေမှာ အနှောက်အယှက် ဖြစ်နေတာမျိုးတွေ ရှိတယ်၊ ဆိုတော့ ကျနော်တို့ မြန်မာပြည်တွင်း တည်ငြိမ်မှုရှိမှသာ သူ့ရဲ့ စီမံကိန်းတွေ၊ အကောင်အထည် ဖော်လို့ရမှာ။ အကြမ်းဖက်စစ်တပ်ကို အကူအညီပေးနေရုံနဲ့ သူ့ရဲ့စီမံကိန်းတွေကို အကောင်အထည်ဖော်ခွင့် ရမယ်လို့ ကျနော်တော့ မယုံကြည်ဘူး၊ မထင်ဘူးပေါ့။"

မြန်မာစစ်တပ်က လေယာဉ်နဲ့ တိုက်ခိုက်တာမှာ ဗုံးအနည်းဆုံး ၂လုံး၊ ၃လုံးလောက်က အိန္ဒိယဘက်ကို ကျခဲ့ပြီး ဒါတွေကို ဓာတ်ပုံ၊ ဗွီဒီယိုနဲ့ တိတိကျကျ ရိုက်ကူးထားတာတွေရှိကြောင်း ချင်းအမျိုးသားတပ်ဦးရဲ့ CNF ရဲ့ ဒုဥက္ကဋ္ဌ(၂) ဖြစ်တဲ့ ဒေါက်တာလျှံမှုန်းဆာခေါင်း ကပြောပါတယ်။ ဒါကို အိန္ဒိယအစိုးရက တုံ့ပြန်မှုတွေ ရှိသင့်ကြောင်း သူကပြောပါတယ်။

" အခုကျနော်တို့ ချင်းလူမျိုးတွေကို တိုက်ခိုက်ရင်းနဲ့ အိန္ဒိယရဲ့ နိုင်ငံတကာ လေကြောင်းနယ်နမိတ်ကို ကျူးကျော်ဖြတ်ဝင်သွားတဲ့ ဟာမျိုးကလည်း လုံးဝမဖြစ်သင့်တဲ့ ကိစ္စဖြစ်တယ်။ ဒီအချိန်မှာ ကျနော်တို့အနေနဲ့ အိန္ဒိယအစိုးရကိုလည်း တောင်းဆိုချင်ပါတယ်။ သူတို့ရဲ့ လေကြောင်းနယ်နမိတ်ကို ကျူးကျော်တိုက်ခိုက်တဲ့ စစ်ကောင်စီကို သူတို့အနေနဲ့ ရှုတ်ချသင့်တယ်၊ မပူးပေါင်းသင့်ဘူး၊ အဲဒီအတွက် အိန္ဒိယအစိုးရအနေနဲ့ ဒီကိစ္စကို တိတိကျကျ ဆောင်ရွက်သင့်တယ် ဆိုပြီးတော့ ကျနော်တို့ မီဒီယာကနေတဆင့် ပြောချင်ပါတယ်။"

စစ်ကောင်စီရဲ့ လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သားနေအိမ်တချို့ ပျက်စီးခဲ့သလို၊ CNF ရဲ့ ရဲဘော်တချို့လည်း သေဆုံးခဲ့ကြောင်း ချင်းအမျိုးသားတပ်ဦးက သတင်းထုတ်ပြန်ခဲ့ပါတယ်။ အိန္ဒိယသတင်းဌာန Rediff ကတော့ အိန္ဒိယဘက်ကို ဗုံးကျရောက် ပေါက်ကွဲတာမရှိကြောင်း အိန္ဒိယအာသံရိုင်ဖယ် နယ်စပ်လုံခြုံရေးတပ်ကို ကိုးကားပြီး သတင်းဖော်ပြခဲ့ပါတယ်။

အိန္ဒိယက မြန်မာစစ်ကောင်စီရဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေကို မျက်ကွယ်ပြုတာ၊ စစ်ကောင်စီကို စစ်လက်နက် ပစ္စည်းတွေ ထောက်ပံ့နေတာကို အရပ်ဘက်အဖွဲ့တွေက ရှုတ်ချနေပါတယ်။ အိန္ဒိယကတော့ မီဇိုရမ်ပြည်နယ် ဖွံ့ဖြိုးလာဖို့အတွက် မြန်မာပြည်အနောက်ခြမ်းမှာ နယ်မြေအေးချမ်းဖို့ပဲ အဓိက လိုလားနေကြောင်း သတင်းတချို့က ဝေဖန် ထောက်ပြနေပါတယ်။

၂၀၂၂ နိုဝင်ဘာလထဲမှာ အိန္ဒိယ နိုင်ငံခြားရေးဝန်ကြီးက မြန်မာစစ်ကောင်စီနဲ့ နေပြည်တော်မှာ တွေ့ဆုံခဲ့ပါတယ်။ အဲဒီနောက်ပိုင်း စစ်ရေးတင်းမာနေတဲ့ ရခိုင်လက်နက်ကိုင် AA/ULA နဲ့ စစ်ကောင်စီတို့ အပစ်ရပ်စဲလိုက်တာပါ။ အဲဒီနောက် အိန္ဒိယ အများဆုံးရင်းနှီးမြှုပ်နှံထားတဲ့ ရခိုင်ပြည်နယ်၊ စစ်တွေဆိပ်ကမ်းကို ဖွင့်လှစ်ဖို့ အပြီးသတ်လုပ်ငန်းတွေ စတင်လာပါတယ်။ ရခိုင်ကနေ အိန္ဒိယ မီဇိုရမ်ပြည်နယ်အထိ

ကုန်သွယ်ရေးလမ်းကြောင်းကတော့ ရခိုင်နဲ့ ချင်းပြည်နယ်က တိုက်ပွဲတွေကြောင့် အိန္ဒိယဘက်က လုပ်ငန်းတွေ အပြီးမသတ်နိုင်သေးပါဘူး။

အိန္ဒိယအစိုးရကတော့ သူ့နယ်စပ်က ပဋိပက္ခနဲ့ပတ်သက်လို့ ပေါ်ပေါ်တင်တင် ပြောကြားတာ မရှိသေးပါဘူး။ ဒါပေမဲ့ မီဇိုရမ်ပြည်နယ်၊ မီဇိုးလူငယ်အသင်းကတော့ မြန်မာစစ်တပ်ရဲ့ လုပ်ရပ်ကို ကိုင်တွယ်ဖြေရှင်းဖို့ အိန္ဒိယအစိုးရကို တွန်းအားပေး တောင်းဆိုထားပါတယ်။

https://burmese.voanews.com/a/6916807.html

---------------------------------------------------------------------------------------------------

## မြန်မာ့အရေးဆိုင်ရာ အာဆီယံအထူးကိုယ်စားလှယ်ရုံး ဖွင့်လှစ်ဆောင်ရွက်သွားမည်ဟု အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးပြော

Published By DVB | 13 January, 2023




မြန်မာနိုင်ငံက ပဋိပက္ခတွေကို အာဆီယံအဖွဲ့အနေနဲ့ ဦးဆောင်ဖြေရှင်းနိုင်ရေး ရည်ရွယ်ပြီး အသစ်ဖွင့်လှစ်သွားမယ့် မြန်မာ့အရေးဆိုင်ရာ အာဆီယံအထူးကိုယ်စားလှယ်ရုံးမှာ သူကိုယ်တိုင် ဦးဆောင်သွားမှာဖြစ်တဲ့အကြောင်း အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီး ရတ်နိုမာဆူဒီက ဇန်နဝါရီ ၁၁ ရက်မှာ ပြောပါတယ်။

အင်ဒိုနီးရှားဟာ အခုနှစ်မှာ  အာဆီယံရဲ့ အလှည့်ကျ ဥက္ကဋ္ဌ  တာဝန်ယူထားတာဖြစ်ပြီး အာဆီယံရဲ့ ဥက္ကဋ္ဌရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အဖြစ်  အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီး ရတ်နိုမာဆူဒီက တာဝန်ယူမှာဖြစ်ပါတယ်။

အာဆီယံအထူးကိုယ်စားလှယ်ရုံးရဲ့ ခေါင်းဆောင်တယောက်အနေနဲ့ မြန်မာနိုင်ငံက သက်ဆိုင်တဲ့ အဖွဲ့အစည်းတွေအားလုံးနဲ့ တွေ့ဆုံညှိနှိုင်းနိုင်ဖို့ ဆောင်ရွက်သွားမှာဖြစ်ကြောင်းနဲ့ အာဆီယံအဖွဲ့ဝင် နိုင်ငံတွေအပေါ် သက်ရောက်မှုရှိနေတဲ့ ပြဿနာရဲ့ အကျိုးဆက်တွေကို ဖော်ထုတ်ဆွေးနွေးဖို့ နိုင်ငံအဆင့်ဆွေးနွေးမှု အကောင်အထည်ဖော်နိုင်ဖို့ အရေးကြီးကြောင်း အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးက ပြောပါတယ်။

ဒီနှစ်ထဲမှာ ရွေးကောက်ပွဲကျင်းပဖို့ စီစဉ်နေတဲ့ မြန်မာစစ်တပ်အနေနဲ့ အာဆီယံ အတွင်းရေးမှူးချုပ်ကို မြန်မာနိုင်ငံက သက်ဆိုင်ရာ အဖွဲ့အစည်းတွေ အားလုံးနဲ့ တွေ့ဆုံခွင့်ပေးဖို့နဲ့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီတွေ ပို့ဆောင်ခွင့်ပြုဖို့ အင်ဒိုနီးရှားက တောင်းဆိုတယ်လို့ ရတ်နိုမာဆူဒီက ပြောကြားခဲ့ပါတယ်။

မြန်မာနိုင်ငံက နိုင်ငံရေးပြဿနာတွေ ပြေလည်စေရေးအတွက် အင်ဒိုနီးရှားက အစွမ်းကုန် ကြိုးစားကူညီသွားမှာ ဖြစ်ကြောင်းနဲ့ အင်ဒိုနီးရှားရဲ့ လုပ်ဆောင်ချက်တွေဟာ ပြီးခဲ့တဲ့ နိုဝင်ဘာလက ဖနွမ်းပင်မှာ အာဆီယံခေါင်းဆောင်တွေ ချမှတ်ခဲ့တဲ့ ဆုံးဖြတ်ချက်နဲ့ရော အဲဒီမတိုင်မီတည်းက ချမှတ်ထားတဲ့ အာဆီယံရဲ့ ဘုံသဘောတူညီချက် ၅ ရပ်နဲ့ပါ ကိုက်ညီမှု ရှိတယ်လို့ သူကပြောပါတယ်။

မြန်မာစစ်တပ်က အာဆီယံ သဘောတူညီချက် ၅ ရပ်အတိုင်း လိုက်နာဆောင်ရွက်ခြင်း မရှိတာကြောင့် အာဆီယံအဖွဲ့က စိတ်ပျက်ခဲ့ရတယ်လို့ ဆိုပါတယ်။

မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်နဲ့လည်း အာဆီယံက ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်တယ်လို့ သူကပြောပါတယ်။

မြန်မာနိုင်ငံရဲ့ ပြဿနာတွေဟာ အာဆီယံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ရပ်တန့်သွားအောင် တားဆီးနိုင်မှာ မဟုတ်ဘူးလို့လည်း သူက အလေးအနက် ပြောကြားခဲ့ပါတယ်လို့ ဂျပန်နိုင်ငံအခြေစိုက် နစ်ကီအေးရှားသတင်းမှာ ဖော်ပြပါတယ်။

ကာလရှည်ကြာဖြစ်ပွားနေတဲ့ မြန်မာ့နိုင်ငံရေးပဋိပက္ခ အဆုံးသတ်နိုင်ရေးအတွက် အကောင်းဆုံးကြိုးစားသွားမှာဖြစ်ကြောင်းနဲ့ မြန်မာ့နိုင်ငံရေးပြဿနာဟာ အာဆီယံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဟန့်တားနိုင်မှာ မဟုတ်ကြောင်း လည်း အင်ဒိုနီးရှားကပြောလိုက်ပါတယ်။

အရင်ဥက္ကဋ္ဌအလှည့်ကျနိုင်ငံတွေလိုပဲ အင်ဒိုနီးရှားဟာလည်း မြန်မာ့အရေးနဲ့ ပြေလည်စေဖို့အတွက် သဘောတူညီထားခဲ့ကြတဲ့ အချက် ၅ ချက်ကိုပဲ လမ်းညွှန်ချက်အဖြစ် ထားရှိ ဆောင်ရွက်မယ်လို့ ဆိုပါတယ်။

မြန်မာ့အရေးဆောင်ရွက်ရာမှာ သဘောတူညီချက် ၅ ချက်အပြင် အာဆီယံပဋိညာဉ်စာတမ်းပါ ဥပဒေနဲ့လေးစားလိုက်နာရေး၊ မှန်ကန်ကောင်းမွန်စွာစီမံအုပ်ချုပ်ရေး၊ ဒီမိုကရေစီစနစ်နဲ့အညီ ဆောင်ရွက်ရေး၊ ချမှတ်ထားတဲ့ အခြေခံဥပဒေတွေကို လိုက်နာတဲ့ အစိုးရဖြစ်စေရေး အစရှိတဲ့ အချက်တွေနဲ့လည်း ကိုက်ညီအောင်ဆောင်ရွက်သွားမှာဖြစ်ကြောင်း အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးက ပြောခဲ့ပါတယ်။

မြန်မာနိုင်ငံမှာ ဆယ်စုနှစ်ပေါင်းများစွာ ဖိနှိပ်အနိုင်ကျင့်ခံနေခဲ့ရတဲ့ ရိုဟင်ဂျာတွေနဲ့ ပတ်သက်လို့လည်း နိုင်ငံခြားရေးဝန်ကြီးက ပြီးခဲ့တဲ့ သုံးလအတွင်းမှာ အင်ဒိုနီးရှားနိုင်ငံကို ရောက်လာခဲ့တဲ့ ရိုဟင်ဂျာ ၆၄၄ ဦးရှိခဲ့ပြီး အင်ဒိုနီးရှားကို ရောက်လာခဲ့တဲ့ ရွှေ့ပြောင်းဒုက္ခသည်အရေအတွက် စုစုပေါင်း ၁၅၀၀ ရှိပြီလို့ ပြောပါတယ်။

“လက်ရှိ မြန်မာနိုင်ငံရဲ့ အခြေအနေက ရိုဟင်ဂျာပြဿနာကို ဖြေရှင်းဖို့ ပိုမိုခက်ခဲစေပါတယ်။ ပြဿနာရဲ့ အရင်းအမြစ်ကို ရှာဖွေဖော်ထုတ်နိုင်ခြင်းမရှိသရွေ့ကတော့ ရိုဟင်ဂျာပြဿနာကို ဖြေရှင်းနိုင်ဦးမှာ မဟုတ်ပါဘူး” လို့ ရတ်နိမာဆူဒီက ပြောတဲ့အကြောင်း Jakarta Globe သတင်းမှာ ဖော်ပြထားပါတယ်။

အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးရဲ့ မြန်မာနိုင်ငံအရေးပြောကြားချက်တွေနဲ့ပတ်သက်ပြီး စစ်ကောင်စီ နိုင်ငံခြားရေးဌာနက ဇန်နဝါရီ ၁၂ ရက်မှာ သတင်းထုတ်ပြန်လိုက်ပြီး အာဆီယံ အခြေခံမူတွေကိုလိုက်နာဖို့ ပြည်တွင်းရေးဝင်မစွက်ဖို့ သတိပေး တိုက်တွန်းလိုက်ပါတယ်။

အာဆီယံဟာ စည်းမျဉ်းကိုအခြေခံတဲ့ အဖွဲ့အစည်းဖြစ်တာနဲ့ အညီ အာဆီယံပဋိညာဉ်စာတမ်းပါ ပြဋ္ဌာန်းချက်တွေနဲ့ အာဆီယံအခြေခံမူတွေနဲ့အညီ တိတိကျကျလေးစားလိုက်နာဖို့လိုအပ်ပြီး စစ်ကောင်စီ ကြေညာထားတဲ့ ဘယ်ကြမ်းဖက်အဖွဲ့ မတရားအသင်းနဲ့မှ ထိတွေ့ဆက်ဆံတာမလုပ်ဖို့ လိုအပ်ကြောင်း ထပ်လောင်းသတိပေးတိုက်တွန်းတယ်လို့လည်း စစ်ကောင်စီက ပြန်လည်တုံ့ပြန်ထားပါတယ်။

https://burmese.dvb.no/archives/573367

--------------------------------------------------------------------------------------------

## ကမ္ဘာတလွှား လူ့အခွင့်အရေး ကျဆင်းမှုအခြေအနေ HRW အစီရင်ခံစာဖော်ပြ

၁၃ ဇန်နဝါရီ၊ ၂၀၂၃ | ဗွီအိုအေ (မြန်မာဌာန)

၂၀၂၂ ခုနှစ်ဟာ ယူကရိန်းကနေ တရုတ်နဲ့အာဖဂန်နစ္စတန်အထိ ကမ္ဘာတလွှား လူ့အခွင့်ရေးအခြေအနေ အဆိုးဝါးဆုံးဖြစ်ခဲ့တယ်လို့ နယူးရောက်အခြေစိုက် လူ့အခွင့်ရေးအဖွဲ့ကြီးဖြစ်တဲ့ Human Rights Watch က ကြာသပတေးနေ့ထုတ်ပြန်တဲ့ အစီရင်ခံစာမှာ ဖေါ်ပြထားပါတယ်။ ဒါပေမယ့်လည်း လူ့အခွင့်အရေး ထုတ်ဖေါ်ပြောဆိုသူတွေအများအပြား ထွက်ပေါ်လာခဲ့တာတွေ့ရကြောင်း နိုင်ငံပေါင်း ၁၀၀ လောက်က

လူ့အခွင့်ရေးအခြေအနေတွေကို တင်ပြထားတဲ့ ၂၀၂၃ အစီရင်ခံစာမှာ ဖေါ်ပြထားတာပါ။

၂၀၂၂ အတွင်း ထင်ရှားတဲ့ ချိုးဖေါက်မှုတွေကိုကြည့်ရင် ရုရှားသမ္မတ Vladimir Putin က ယူကရိန်းက အရပ်သားတွေအပေါ် ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်တာ၊ တရုတ်အစိုးရက Uyghur မွတ်စလင်တွေကို အကျဉ်းချထားတာနဲ့ တာလီဘန်တွေက သန်းနဲ့ချီတဲ့ အာဖဂန်နိုင်ငံသားတွေ အငတ်ဘေးကြုံရအောင် လုပ်ဆောင်တာတွေဖြစ်ပြီး ဒါတွေဟာ လူအမြောက်အများ ဒုက္ခခံစားရအောင် အာဏာသုံး ဆောင်ရွက်တာကြောင့်ဖြစ်တာ တွေ့ရတယ်လို့ အစီရင်ခံစာမှာ ဖေါ်ပြထားပါတယ်။ ဒါပေမယ့်လည်း ဒီလိုအုပ်ချုပ်တဲ့ အစိုးရတွေရဲ့ ချိုးဖေါက်မှုတွေကိုတွန်းလှန်ဖို့ ကမ္ဘာတလွှား လူ့အခွင့်ရေးရပိုင်ခွင့်ဆိုင်ရာစနစ် ပိုမိုခိုင်မာအားကောင်းလာပြီး အကာကွယ်ပေးနိုင်မယ့် လမ်းကြောင်းပွင့်လာတာကို ၂၀၂၂ ထဲမှာပဲ တွေ့ရတယ်လို့ ဆိုပါတယ်။

မြန်မာနိုင်ငံမှာတော့ ၂၀၂၁ စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်း စစ်ဆန့်ကျင်ရေးဆန္ဒပြသူတွေကို ဖမ်းဆီး သတ်ဖြတ်တာတွေ၊ တိုင်းရင်းသား လူနည်းစုဒေသတွေမှာ ဒေသခံတွေအပေါ် စစ်တပ်ရဲ့တိုက်ခိုက်မှုတွေ တိုးလာနေတယ်လို့ ထောက်ပြထားပါတယ်။ ယူကရိန်းမှာ ဖြစ်ပွါးခဲ့တဲ့ချိုးဖေါက်မှုတွေအတွက် ICC နိုင်ငံတကာ ရာဇဝတ်ခုံရုံးက စုံစမ်းစစ်ဆေးမှုတွေ၊ စစ်ရာဇဝတ်မှုတွေအတွက် အချက်လက်စုံစမ်း စုဆောင်းတဲ့ နိုင်ငံတကာ တရားရေးယန္တရားအဖွဲ့ ဖွဲ့စည်းတာ၊ ကုလလူ့အခွင့်ရေးကောင်စီက မှတ်တမ်းတင်တာတွေ အပါအဝင် လူ့အခွင့်ရေးချိုးဖေါက်မှုတွေအတွက် အကာကွယ်ပေးဖို့ လုပ်လာနိုင်တာတွေ့ရပေမယ့် ရုရှားဘက်က ဆက်လက် ချိုးဖေါက်နေဆဲပဲ လို့ပြောပါတယ်။

တရုတ်နိုင်ငံ ရှင်ကျန်းဒေသမှာတော့ ဖမ်းဆီးတာ၊ နှိပ်စက်တာ၊ အတင်းအဓမ္မခိုင်းစေတာခံနေရတဲ့ Uyghur မွတ်ဆလင်က ၁ သန်းလောက် ရှိနေပေမယ့် တရုတ်အစိုးရက ငြင်းဆိုနေတဲ့အပြင် ကုလသမဂ္ဂကလည်း ဘာမှ အရေးမယူနိုင်ဘဲဖြစ်နေသလို အာဖဂန်နစ္စတန်နိုင်ငံမှာ တာလီဘန်တွေက အမျိုးသမီးတွေအပေါ်ဖိနှိပ်မှုတွေ တိုးလာနေတာ၊ အီရန်မှာ အစိုးရဆန့်ကျင်သူတွေကို သေဒဏ်ပေးတာအပါအဝင် ဖိနှိပ်မှုတွေနဲ့ ဘင်္ဂလားဒေ့ရှ်မှာတော့ ရဲတွေက ရိုဟင်ဂျာဒုက္ခသည်တွေကို ငွေညှစ်တာ၊ နှိပ်စက်တာတွေ ကျူးလွန်နေတယ်လို့ အစီရင်ခံစာမှာ ဖေါ်ပြထားပါတယ်။

https://burmese.voanews.com/a/hrw-ကမ႓ာတလႊား-လူ႔အခြင့္အေရးက်ဆင္း-ျမန္မာ-အာဖဂန္-ယူကရိန္း-၀ိဳဟင္ဂ်ာ-၂၀၂၃/6916570.html

---------------------------------------------------------------------------------------------------------

**စစ်ခေါင်းဆောင်မိသားစု၏ ပိုင်ဆိုင်မှုများကို စစ်ဆေးဖော်ထုတ်ပေးရန် ထိုင်းအစိုးရကို NUG တိုက်တွန်း**

Published By DVB | 13 January, 2023




မူးယစ်ဆေးဝါးနဲ့ လက်နက်ပွဲစား ထွန်းမင်းလတ်အမှုမှာ ပါဝင်ပတ်သက်နေတဲ့ စစ်ခေါင်းဆောင်ရဲ့ သားနဲ့သမီး ပိုင်ဆိုင်မှုတွေကို ထိုင်းအာဏာပိုင်တွေက ဆက်လက်စစ်ဆေး ဖော်ထုတ်ပေးဖို့ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) သမ္မတရုံး တာဝန်ရှိသူက တိုက်တွန်းလိုက်ပါတယ်။

မြန်မာနိုင်ငံသား မူးယစ်ဆေးဝါးနဲ့ လက်နက်ပွဲစား ထွန်းမင်းလတ်နဲ့ သူ့ရဲ့အပေါင်းအပါ ၃ ယောက်ကို ၂၀၂၂ စက်တင်ဘာ ၁၇ ရက်က ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့မှာ ထိုင်းအာဏာပိုင်တွေက ဖမ်းဆီးခဲ့တာပါ။

ဒီဇင်ဘာ ၁၃ ရက်နေ့မှာ ထွန်းမင်းလတ်ကို ထိုင်းအာဏာပိုင်တွေက မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်မှု၊ ငွေကြေးခဝါချမှု၊ နိုင်ငံဖြတ်ကျော် ရာဇဝတ်မှုတွေနဲ့ တရားရုံးမှာ စွဲချက်တင်ခဲ့ပါတယ်။

ထွန်းမင်းလတ်ကို ဖမ်းဆီးချိန် သိမ်းဆည်းခဲ့တဲ့ ပစ္စည်းတွေထဲမှာ စစ်ကောင်စီခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ရဲ့ သားနဲ့သမီး ပိုင်ဆိုင်တဲ့ ဘန်ကောက်မြို့က အဆင့်မြင့် ဇိမ်ခံကွန်ဒိုတခန်း၊ Siam Commercial Bank ဘဏ်စာအုပ်နှစ်အုပ် ပါဝင်ခဲ့တယ်လို့ Justice For Myanmar အဖွဲ့က ဇန်နဝါရီ ၁၁ ရက် ထုတ်ပြန်တဲ့ အစီအရင်ခံစာမှာ ဖော်ပြခဲ့ပါတယ်။

ထိုင်းအစိုးရဟာ ထွန်းမင်းလတ်ကို ဖမ်းဆီးပြီး စွဲချက်တင်ခဲ့ပေမဲ့ သူနဲ့ပတ်သက်နေတဲ့ စစ်ခေါင်းဆောင်ရဲ့ သားနဲ့သမီး ပိုင်ဆိုင်မှုတွေနဲ့ ပတ်သက်ပြီး ဆက်လက်စုံစမ်း စစ်ဆေး အရေးယူတာမျိုး၊ တရားဝင် သတင်းထုတ်ပြန်တာမျိုး မရှိခဲ့ပါဘူး။

NUG သမ္မတရုံး ပြောခွင့်ရှိသူ ဦးကျော်ဇော်က "မြန်မာပြည်သူလူထုတွေ သန်းပေါင်းများစွာ စားမစရာမရှိ နေစရာမရှိ ဒုက္ခရောက်နေတယ်။ လူဦးရေရဲ့ သုံးပုံတပုံကျော် ၃၅ ရာခိုင်နှုန်းဟာ နေထိုင်စားသောက်ဖို့အတွက် အကူအညီ လိုအပ်နေတယ်။ လူဦးရေ ၁ ဒသမ ၅ သန်းကျော်ဟာ စစ်ကောင်စီရဲ့ အကြမ်းဖက်မှုကြောင့် စစ်ပြေးဒုက္ခသည်တွေဖြစ်ပြီးတော့ ဒုက္ခရောက်နေကြတယ်။ စစ်ကောင်စီခေါင်းဆောင်ရဲ့ သားနဲ့သမီးကတော့ နိုင်ငံခြားမှာ အဆင့်မြင့် ကွန်ဒိုမီနီယံကြီးတွေဝယ်၊ ဇိမ်ခံပစ္စည်းတွေဝယ်၊ နိုင်ငံခြားဘဏ်မှာ ငွေတွေထည့်၊ ဘဏ်အကောင့်တွေဖွင့်၊ အဲ့ဒါတွေလုပ်နေတယ်ဆိုတာ အထောက်အထားနဲ့ တွေ့ရတာပေါ့နော်။ ဒီလိုမျိုးလုပ်တယ်ဆိုတာ မအံ့ဩပါဘူး။ ကြားသိနေပြီးသားပါ။ အခုကတော့ အထောက်အထား ခိုင်ခိုင်မာမာနဲ့ တွေ့ခြင်းအားဖြင့် ဒီလူတွေရဲ့ ပိုင်ဆိုင်မှုတွေ သူတို့တွေရဲ့ အကျိုးအမြတ်တွေဟာ မူးယစ်ဆေးဝါးအမှု၊ ငွေကြေးခဝါချမှုနဲ့ အဖမ်းခံထားရသူနဲ့ ပတ်သက်နေလား၊ အဲ့ဒီလူရဲ့ စီးပွားရေးတွေနဲ့ပတ်သက်ပြီး အကျိုးအမြတ်တွေ ရရှိနေလားဆိုတာ အိမ်ရှင်နိုင်ငံက လိုအပ်သလို စုံစမ်းစစ်ဆေးမယ်ဆိုတာ မျှော်လင့်မိပါတယ်" လို့ ပြောပါတယ်။

ထိုင်းအစိုးရ သိမ်းဆည်းရမိခဲ့တဲ့ ဘန်ကောက်မြို့က ကွန်ဒိုအခန်းဟာ စစ်ခေါင်းဆောင်ရဲ့ သားဖြစ်သူ အောင်ပြည့်စုံ ပိုင်ဆိုင်တာဖြစ်ပြီး အမေရိကန်ဒေါ်လာ တသန်းဝန်းကျင် တန်ကြေးရှိပါတယ်။ ဘဏ်စာအုပ် ၂ အုပ်ကတော့ စစ်ခေါင်းဆောင်ရဲ့ သမီးဖြစ်သူနာမည်နဲ့ ဖြစ်ပြီး ငွေကြေးတန်ဖိုး ဘယ်လောက်ထည့်သွင်းထားတယ်ဆိုတာတော့ အတိအကျ မသိရပါဘူး။ မြန်မာစစ်ခေါင်းဆောင်ရဲ့ သားနဲ့သမီးတို့ဟာ အမေရိကန်နိုင်ငံနဲ့ ကနေဒါနိုင်ငံတို့က အမည်ပျက်စာရင်း ကြေညာတာကို ခံထားရသူတွေဖြစ်ပါတယ်။

ထိုင်းနိုင်ငံမှာ ဖမ်းဆီးစွဲချက်တင်ခံထားရတဲ့ ထွန်းမင်းလတ်ဟာ စစ်ခေါင်းဆောင်တွေရဲ့ ပိုင်ဆိုင်မှုတွေကို နိုင်ငံတကာ စီးပွားရေးလောကနဲ့ ဘဏ်တွေမှာ ငွေကြေးခဝါချတာ၊ အသွင်ပြောင်းတာတွေမှာ ကူညီဆောင်ရွက်ပေးနေသူ ဖြစ်ပါတယ်။

ဆက်လက်ပြီး NUG သမ္မတရုံး ပြောခွင့်ရှိသူ ဦးကျော်ဇော်က "ဒေါ်လာသန်းနဲ့ချီပြီးတော့ ပိုင်ဆိုင်မှုတွေ ထိုင်းနိုင်ငံတခုတည်းမှာ ရှိနေတာနော်။ တခြားနိုင်ငံတွေ ဘယ်နိုင်ငံမှာ ရှိနေတယ်ဆိုတာ အခုတော့ မပေါ်သေးဘူးပေါ့။ ပြည်သူလူထုရဲ့ ဘဏ္ဍာငွေ၊ ပြည်သူလူထုရဲ့ ပိုင်ဆိုင်မှုတွေကို လုယက်ခိုးဝှက်ပြီးတော့ သူတို့တွေက အသုံးချနေတာဖြစ်တယ်။ နိုင်ငံတကာအနေနဲ့က စစ်ကောင်စီခေါင်းဆောင်နဲ့ သူတို့မိသားစုတွေ နိုင်ငံတကာ ငွေကြေးစနစ်ကို အသုံးချလို့မရအောင်၊ နိုင်ငံတကာမှာ ဘဏ်တွေမှာ သူတို့တွေ အသုံးချလို့မရအောင် ပိတ်ပင်တားမြစ်သင့်ပါတယ်။ သူတို့တွေရဲ့ နိုင်ငံတကာမှာရှိနေတဲ့ ပိုင်ဆိုင်မှုတွေကို စုံစမ်းစစ်ဆေးသင့်ပါတယ်။

တရားဝင်ရရှိတဲ့ငွေတွေ မဟုတ်ရင် သက်ဆိုင်တဲ့ အိမ်ရှင်နိုင်ငံနဲ့ နိုင်ငံတကာဥပဒေအတိုင်း အရေးယူဆောင်ရွက်သင့်ပါတယ်ဆိုတာ ပြောကြားချင်ပါတယ်” လို့ ပြောပါတယ်။

အာဏာသိမ်းစစ်ခေါင်းဆောင်ရဲ့ သားဖြစ်သူ အောင်ပြည့်စုံနဲ့ သမီးဖြစ်သူ ခင်သီရိသက်မွန်တို့ရဲ့ ပိုင်ဆိုင်မှုတွေဟာ အဖမ်းခံထားရတဲ့ ထွန်းမင်းလတ်နဲ့ ဆက်စပ်တဲ့ အထောက်အထားတွေ ဖြစ်ပေမဲ့ ထိုင်းအာဏာပိုင်တွေက သိမ်းယူတာမရှိသေးဘူးလို့ Justice for Myanmar အဖွဲ့က ဆိုထားပါတယ်။

မြန်မာနိုင်ငံမှာ စစ်အာဏာသိမ်းထားသလို ထိုင်းနိုင်ငံမှာလည်း စစ်တပ်က အာဏာသိမ်းခဲ့တာ အချိန် ၈ နှစ်ကျော် ကြာမြင့်နေပြီဖြစ်ပါတယ်။ ထိုင်းစစ်တပ်အကြီးအကဲဟောင်း လက်ရှိဝန်ကြီးချုပ် ပရာယွတ်ဟာ မြန်မာစစ်ခေါင်းဆောင် မင်းအောင်လှိုင်နဲ့ ရင်းနှီးတဲ့ ဆက်ဆံရေး ရှိသူဖြစ်ပါတယ်။

Synergy လူမှုသဟဇာတဖြစ်ရေးအဖွဲ့ ဒါရိုက်တာ ကိုသက်ဆွေဝင်းက “ထိုင်းအစိုးရနဲ့ ဗမာဖက်စစ် စစ်တပ်နဲ့ ဘယ်လောက်တောင် နီးစပ်တဲ့ ဆက်ဆံရေး ရှိနေလဲဆိုတဲ့ဟာကိုလည်း အတွေးပွားစေတယ်။ မင်းအောင်လှိုင်မိသားစု ပိုင်ဆိုင်တဲ့ဟာတွေ တရားရုံးစစ်ဆေးချက်မှာလည်း ပေါ်မှာပါ နောက်ပိုင်းကြရင်။ အခုဖမ်းမိတဲ့အခါမှာလည်း ဒါတွေကို သက်သေအဖြစ် တွေ့တယ်။ ဆက်လိုက်ရမယ့်ကိစ္စကို မလိုက်ဘဲနဲ့ သူတို့ရပ်လိုက်တယ်။ အဲ့ဒီဟာတွေက ကျနော်တို့အတွက် စိတ်ပူဖို့ စိတ်ပျက်ဖို့ ကောင်းတယ်။ ဒီကိစ္စကို ဒီမှာတင်မရပ်ဘဲနဲ့ အရှေ့တောင်အာရှဇုန်မှာ ရှိကြတဲ့ လူ့အခွင့်အရေးလှုပ်ရှားတဲ့အဖွဲ့တွေ၊ တရားမျှတမှုကို လိုလားတဲ့ ပြည်သူတွေ၊ မြန်မာနိုင်ငံ ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေးကို လိုလားတဲ့ နိုင်ငံတွေက နေပြီးတော့ ဒီကိစ္စနဲ့ပတ်သက်ပြီး ထိုင်းအစိုးရကို ဝိုင်းပြီး တိုက်တွန်းတောင်းဆိုဖို့လိုတယ်။ ဒါကို ဘာကြောင့်မို့လို့ ဆက်မလုပ်တာလဲ ဆိုတာကိုလည်း ဆက်ပြီးတော့ မေးခွန်းထုတ်ဖို့ လိုပါတယ်ဗျ” လို့ ပြောပါတယ်။

မူးယစ်မှု၊ ရာဇဝတ်မှုတွေနဲ့ အဖမ်းခံထားရတဲ့ မြန်မာလုပ်ငန်းရှင်နဲ့ ပတ်သက်နေတဲ့ စစ်ခေါင်းဆောင် သားသမီးတွေရဲ့ ပိုင်ဆိုင်မှုတွေကို ထိုင်းအစိုးရက စုံစမ်းဖော်ထုတ်သင့်တယ်လို့ လူ့အခွင့်အရေးဆိုင်ရာ အာဆီယံပါလီမန်အမတ်တွေ ပါဝင်ဖွဲ့စည်းထားတဲ့ APHR အဖွဲ့ ဥက္ကဋ္ဌ ချားလ်ဆန်တီယာဂိုက ကြေညာချက်ထုတ်ပြန် တိုက်တွန်းထားပါတယ်။ နိုင်ငံတကာ လူ့အခွင့်အရေးအဖွဲ့တွေကလည်း အခုအမှုအတွက် ထိုင်းအစိုးရက ဆက်လက်စုံစမ်းဖော်ထုတ်ဖို့ တိုက်တွန်းထားပါတယ်။

မြန်မာနိုင်ငံမှာ စစ်အာဏာသိမ်းပြီးနောက် အိမ်နီးချင်း ထိုင်းနိုင်ငံဟာ သူတို့ရဲ့ လိုက်လျောညီထွေ နေထိုင်တဲ့မူကို ဆက်လက်ဆုပ်ကိုင်ထားပြီး ထိုင်း-မြန်မာ နယ်စပ်ကနေ ဝင်ရောက်ခဲ့တဲ့ မြန်မာစစ်ရှောင်ပြည်သူတွေကို အတိုင်းအတာတခုအထိ လက်ခံထားခဲ့ပါတယ်။

ဒါပေမဲ့ နှစ်ပေါင်း ၇၀ ကျော် သမိုင်းမှာ မြန်မာစစ်အာဏာရှင်တွေနဲ့လည်း အလိုက်သင့် နေထိုင်ခဲ့တာဖြစ်ပြီး သူတို့နိုင်ငံစီးပွားရေးကို အထောက်အကူပြုမယ့် အချက်ကိုပဲ အဓိက မျက်မှောက်ပြုခဲ့ပါတယ်။

https://burmese.dvb.no/archives/573358

---------------------------------------------------------------------------------------------------------

## မြန်မာ – ထိုင်း နယ်စပ်တလျှောက် မူးယစ်ဆေးဝါးဆက်တိုက်ဖမ်းမိ

By **SHAN** | January 13, 2023

မြန်မာ – ထိုင်း နယ်စပ်မျဥ်းတလျှောက်တွင် ယခုရက်ပိုင်းအတွင်း မူးယစ်ဆေးဝါးသယ်ဆောင်လာသူ နှင့် ထိုင်းရဲတပ်ဖွဲ့များ ပစ်ခတ်မှု ဆက်တိုက်ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။



ထိုင်းရဲတပ်ဖွဲ့မှ မူးယစ်ဆေးဖမ်းဆီးရမိ

အဆိုပါ ရက်တပတ်အတွင်းတွင် မြန်မာဘက်မှ သယ်လာသည်ဟု ယူဆရသည့် မူးယစ်ဆေးဝါးများကို ထိုင်းနယ်စပ် ဖြတ်ကျော်သယ်ဆောင်လာသောအဖွဲ့နှင့် ထိုင်းရဲတပ်ဖွဲ့များ ပစ်ခတ်မှုကြောင့် သေဆုံးသူ (၁၁) ဦးခန့် ရှိခဲ့သည်။

ယမန်နေ့ ဇန်နဝါရီ (၁၂) ရက် ထိုင်းစံတော်ချိန် နံနက် (၁) နာရီခွဲတွင် ချင်းရိုင်းခရိုင် မယ်ဆိုင်မြို့နယ် ဝမ်ပေါ့ခိုက်ကျေးရွာအနီး မူးယစ်ဆေးဝါး သယ်ဆောင်လာသူ နှင့် ပစ်ခတ်မှု ဖြစ်ပွားခဲ့ပြီး သေဆုံးသူ (၅) ဦး ရှိခဲ့ကြောင်း Maesaipress က ဖော်ပြထားသည်။

အခင်းဖြစ်ပွားရာ နေရာသို့ ထိုင်းအာဏာပိုင်များ သွားရောက်စစ်ဆေးရာ ကျောပိုးအိတ် (၅) လုံး နှင့် ပစ္စတို (၁) လက် တွေ့ရှိခဲ့ပြီး ကျောပိုးအိတ်အတွင်း ယာမ ဆေးပြား (၅) သိန်းပြား တွေ့ရှိခဲ့ကြောင်း ထုတ်ပြန်ချက်မှာ ဖော်ပြထားသည်။

အဆိုပါ မူးယစ်ဆေးဝါးသယ်ဆောင်လာသူ (၅) ဦးတို့သည် တာချီလိတ်မြို့နယ် ဖာခေါင်ကျေးရွာ နှင့် 3 km ကွာဝေးပြီး ထိုင်း – မြန်မာ နယ်စပ် မျဥ်း နှင့် (1.5) km နှင့်သာ ကွာဝေးကြောင်း ထိုင်းနိုင်ငံ သတင်းဖြစ်သည့် Maesaipress က ဖော်ပြထားသည်။

အလားတူ ပြီးခဲ့သည့် ဇန်နဝါရီ (၁၀) ရက်တွင်လည်း ချင်းမိုင်ခရိုင် ဝိန်းဟိုင်မြို့နယ် မှလာသည့် ကား (၃) စီးကို ထိုင်းရဲတပ်ဖွဲ့မှ လိုက်လံဖမ်းဆီးရာ ကားတစ်စီး မြောင်းထဲသို့ ထိုးချသွားပြီး မူးယစ်ဆေးဝါး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထိုကားမောင်းသည့် သူများ ထွက်ပြေး လွတ်မြောက်ခဲ့ကြောင်း ထုတ်ပြန်ထားသည်။

ပြီးခဲ့သည့် ဇန်နဝါရီ (၈) ရက်တွင်လည်း ထိုင်း – မြန်မာ နယ်စပ်ဖြစ်သည့် ဖုန်မြို့နယ်မှာ မူးယစ်ဆေးဝါး သယ်ဆောင်လာသူ (၂၀) ဦးခန့် နှင့် ပစ်ခတ်မှု ဖြစ်ပွားခဲ့ပြီး (၆) ဦး သေဆုံးခဲ့သည်။

အခင်းဖြစ်ပွားရာနေရာသို့ အာဏာပိုင်များ သွားရောက် စစ်ဆေးရာ သေဆုံးသူထံ သေနတ် (၃) လက်၊ လက်ကိုင်ဖုန်း (၄) လုံး နဲ့ မူးယစ်ဆေးဝါးပါသည့် ကျောပိုးအိတ် (၁၈) အိတ် အလေးချိန် (၃၀၀) ကီလို ကို ဖမ်းဆီးရမိခဲ့တယ်လို့ ထိုင်းအာဏာပိုင်များက ထုတ်ပြန်ထားသည်။

စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်း ထိုင်း – မြန်မာ နယ်စပ်တလျှောက် မူးယစ်ဆေးဝါးအပြင် မြန်မာနိုင်ငံဘက်ခြမ်းမှ တရားမဝင် ဝင်ရောက်လာသည့် ရွှေ့ပြောင်းအလုပ်သမားများကိုလည်း အများအပြား ဖမ်းဆီးရမိခဲ့သည်။

https://burmese.shannews.org/archives/32523

---